ဒုတိယအကြိမ်

mgyoe.com SAMPLE BOOK

# အဘိဓမ္မာ ဋီကာကျော် ဝိသုဒ္ဓိမဂ်လာ

## တရားတော်များအနှစ်ချုပ်



ဒေါက်တာတင်မိုးနွယ် (ဘောဂဝတီနွယ်)

mgyoe.com

mgyoe.com
SAMPLE BOOK

ဤစာအုပ်ကို
ဖတ်ရှုလေ့လာသော
သူတော်ကောင်းအပေါင်းတို့သည်
ဤစာအုပ်တွင်ပါရှိသော
တရားတော်များကို လေ့လာကျင့်သုံးပြီး
ဗုဒ္ဓသာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်သူများ
ဖြစ်ကြပါစေ။ သာသနာတော်တိုးတက်ပြန့်ပွားရေးကို
ဆောင်ရွက်နိုင်ကြသူများ ဖြစ်ကြပါစေ။
အလိုရှိရာ လောကီ လောကုတ္တရာဆုခပ်သိမ်း
ပြီးမြောက်အောင်မြင်ကြပါစေ၊

တရားပူဇော်သူ
ဒေါက်တာတင်မိုးနွယ်
(ဘောဂဝတီနွယ်)





ISBN 978-99971-83-34-7
9 789997 183347 >

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမျက်နှာ | ■ | ၃၃၀ |
| စာအုပ်ဆိုဒ် | ■ | အလျား ၁၄.၇ × အနံ ၂၁ စင်တီ။ |
| စာအုပ်အမျိုးအစား | ■ | ဘာသာရေး |
| မျက်နှာဖုံးသရုပ်ဖော် | ■ | ဇာလင်းထက် |
| ISBN | ■ | 978 - 99971 - 83 - 34 - 7 |
| ထုတ်ဝေခြင်း | ■ | ဒုတိယအကြိမ်၊ ဇွန်လ – ၂၀၂၅ |
| အုပ်ရေ | ■ | ၅၀၀ |

**တန်ဖိုး ■ ၁၅,၀၀၀ ကျပ်**

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် – သသန (၂/၂၀၂၂)

ဤစာအုပ်ကို ဦးဖြိုးဝေ၊ သားငယ်စာပေ (၀၂၀၀၆)၊ အမှတ် ၂၃/၄ (က)၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက ထုတ်ဝေ၍ ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက် (၀၀၁၀၂)၊ အမှတ် (၁၄ /အေ–၁)၊ နေကြာလမ်း၊ ၂–ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ပုံနှိပ်သည်။



**သတိပေးခြင်း**

ဤစာအုပ်ထုတ်လုပ်ဖွဲ့စည်းမှုပုံစံသည် သားငယ်စာပေတိုက်၏ မူပိုင်ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက်ရေးခြင်းမှလွဲ၍ ယခုပုံစံအတိုင်း စာတစ်အုပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင်ပြောင်းလဲသုံးစွဲခွင့်မပြု။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

* ပါမောက္ခဆရာတော် ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏ၊ ပါမောက္ခဌာနမှူး၊ အဘိဓမ္မာဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် အမှာ
* ပါမောက္ခ ဒေါက်တာမင်းတင်မွန်၊ သာသနာရေးဝန်ကြီးဌာန၊ အကြံပေးပုဂ္ဂိုလ်နှင့် ပညာရှင် (ငြိမ်း) အမှာ
* ဒေါက်တာထွန်းထွန်းဦး (မဟာသဒ္ဓမ္မဇောတိကဓဇ) အမှာ
* အဖွင့်

## အခန်း (၁)
## စိတ်ပိုင်း

* စိတ် ........................................ ၃
* အကုသိုလ်စိတ် ၁၂ ပါး ........................ ၃
* လောဘမူစိတ် ၈ ပါး ........................... ၅
* ဒေါသမူစိတ် ၂ ပါး ............................ ၇
* မောဟမူစိတ် ၂ ပါး ............................ ၉
* အဟိတ်စိတ် ၁၈ ပါး ........................... ၁၀
* ကာမာဝစရသောဘဏစိတ် ၂၄ ပါး .................. ၁၃
* ရူပါဝစရစိတ် ၁၅ ပါး ......................... ၁၆
* အရူပါဝစရစိတ် ၁၂ ပါး ........................ ၁၈
* လောကုတ္တရာစိတ် အကျဉ်း ၈ ပါး ................ ၂၂
* လောကုတ္တရာစိတ် အကျယ် ၄၀ ပါး ............... ၂၄

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)
## စေတသိက်ပိုင်း


* စေတသိက်နိဒါန်း .......................... ၂၇
* သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး.......................... ၂၈
* ပကိဏ်းစေတသိက် ၆ ပါး.......................... ၃၁
* မောဟစေတသိက် ၄ ပါး .......................... ၃၂
* လောဘစေတသိက် ၃ ပါး.......................... ၃၄
* ဒေါသစေတသိက် ၄ ပါး.......................... ၃၅
* နောက်ဆုံးအုပ်စုဝင် စေတသိက် ၃ ပါး .......................... ၃၇
* သောဘဏသာဓာရဏ စေတသိက် ၁၉ ပါး (၁)............ ၃၈
* သောဘဏသာဓာရဏ စေတသိက် ၁၉ ပါး (၂)............ ၄၀
* သောဘဏသာဓာရဏ စေတသိက် ၁၉ ပါး (၃)............ ၄၁
* ဝိရတီစေတသိက် ၃ ပါး .......................... ၄၃
* အပ္ပမညာ ၂ ပါးနှင့် ပညိန္ဒြေ .......................... ၄၅
* သောဘဏသာဓာရဏ စေတသိက် ၁၉ ပါးမှ
စုံတွဲစေတသိက်များ.......................... ၄၆


## အခန်း (၃)
## ဝီထိပိုင်း


* ဝီထိစိတ် .......................... ၄၉
* ဝီထိမုတ်စိတ်.......................... ၄၉
* ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်၊ ဝီထိစိတ်.......... ၄၉
* ဒွါရအာရုံ ဝီထိစိတ် ၆ မျိုး.......................... ၅၁
* ဝီထိစိတ်တစ်ခုတွင်ပါဝင်သော စိတ်အစဉ်တန်းနှင့်
စိတ်တစ်ခု၏ သက်တမ်း .......................... ၅၃
* ပဥ္စဒွါရဝီထိ စက္ခုဒွါရဝီထိ.......................... ၅၄


mgyoe.com

mgyoe.com SAMPLE BOOK

* အတိမဟာန္တာရုံ စက္ခုဒွါရဝီထိ. . . . . . . . . . . . . . . . . . . . . ၅၅
* မနောဒွါရဝီထိ၊ ဈာနဝီထိ၊ မဂ္ဂဝီထိ . . . . . . . . . . . . . . . . . ၅၈
* ဝိညာဏဓာတ် ၇ ပါး . . . . . . . . . . . . . . . . . . . . . . . ၆၁
* အာရုံနှင့် အာရုံအမျိုးအစားများ . . . . . . . . . . . . . . . . . ၆၄

## အခန်း (၄)
## ဘုံပိုင်း

* ၃၁ ဘုံနဲ့ နတ်ပြည်အကြောင်း. . . . . . . . . . . . . . . . . . . ၆၇
* ငရဲဘုံအကြောင်း. . . . . . . . . . . . . . . . . . . . . . . . ၆၉
* ပြိတ္တာနှင့် အသူရကာယ်အကြောင်း. . . . . . . . . . . . . . . ၇၂
* ဗြဟ္မာ့ဘုံ ၂၀ အကြောင်း . . . . . . . . . . . . . . . . . . . ၇၄
* သုဒ္ဓါဝါသ ၅ ဘုံ. . . . . . . . . . . . . . . . . . . . . . . . ၇၇
* ပဋိသန္ဓေအကြောင်း. . . . . . . . . . . . . . . . . . . . . . . ၇၉
* သေခြင်း ၄ မျိုး . . . . . . . . . . . . . . . . . . . . . . . . ၈၀
* ကံအကြောင်း . . . . . . . . . . . . . . . . . . . . . . . . . ၈၂
* ကိစ္စ၏ အစွမ်းအားဖြင့် ကံ ၄ မျိုး . . . . . . . . . . . . . . . ၈၄
* အကျိုးပေးအလှည့် အစဉ်အားဖြင့် ကံ ၄ မျိုး. . . . . . . . . . . ၈၅
* အကျိုးပေးရာကာလ အစဉ်အားဖြင့် ကံ ၄ မျိုး . . . . . . . . . . ၈၇
* အကျိုးပေးရာဘုံဌာနအားဖြင့် ကံ ၄ မျိုး. . . . . . . . . . . . . ၈၉
* ပုညကြိယာဝတ္ထု ၁၀ ပါး. . . . . . . . . . . . . . . . . . . . ၉၁
* သီလနှင့် အကုသလကမ္မပထ အပိုင်း (၁). . . . . . . . . . . . . ၉၃
* သီလအကြောင်း အပိုင်း (၂). . . . . . . . . . . . . . . . . . . ၉၆
* ပတ္တိဒါနနှင့် ပတ္တာနုမောဒနအကြောင်း. . . . . . . . . . . . . ၉၈
* ဓမ္မဿဝနနှင့် ဓမ္မဒေသနာ. . . . . . . . . . . . . . . . . . . ၉၉
* စုတေခါနီး အရေးကြီးပုံ. . . . . . . . . . . . . . . . . . . . ၁၀၀
* သမ္ပပ္ပလာပအပါယ်ချ . . . . . . . . . . . . . . . . . . . . ၁၀၁

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၅)
## ရုပ်ပိုင်း


* ရုပ်၊ ရုပ် ၂၈ ပါး ........................................ ၁၀၃
* မဟာဘုတ် ၄ ပါး........................................ ၁၀၄
* ဥပါဒါရုပ် ၂၄ ပါး ........................................ ၁၀၆
* အဝိနိဗ္ဘောဂရုပ် ၈ ပါး ........................................ ၁၀၉
* ရုပ်ကိုဖြစ်စေသောအကြောင်း ၄ ပါး ........................................ ၁၁၀
* ရုပ်အတု ရုပ်အစစ်၊ အတွင်းရုပ် အပြင်ရုပ်၊ ရုပ်အကြမ်း ရုပ်အနု. . ၁၁၃
* နိဗ္ဗာန် ........................................ ၁၁၅
* နိဗ္ဗာန်ရောက်ကြောင်း သမ္မာမဂ္ဂင် ၈ ပါး........................................ ၁၁၇
* ပညတ် ........................................ ၁၁၉


## အခန်း (၆)
## သမုစ္စည်းပိုင်း


* နီဝရဏတရား ........................................ ၁၂၃
* ကိလေသာနှင့် အနုသယ ........................................ ၁၂၅
* တစ်ထောင့်ငါးရာကိလေသာ ........................................ ၁၂၇
* အာသဝတရား ........................................ ၁၂၉
* ဗောဓိပက္ခိယတရား ၃၇ ပါး ........................................ ၁၃၁
* သတိပဋ္ဌာန်တရား ၄ ပါး ........................................ ၁၃၂
* ဗောဇ္ဈင် ၇ ပါး ........................................ ၁၃၈
* မဂ္ဂင် ........................................ ၁၄၃
* ဥပါဒါန် ........................................ ၁၄၇
* ခန္ဓာ ၅ ပါး ........................................ ၁၄၉
* အာယတန ၁၂ ပါး ........................................ ၁၅၀
* ဓာတ် ၁၈ ပါး ........................................ ၁၅၁


mgyoe.com

mgyoe.com SAMPLE BOOK


* သစ္စာ ၄ ပါး ............................ ၁၅၃
* အဓိပတိတရား ၄ ပါး ........................ ၁၅၅
* သုတ္တန်သံယောဇဉ် ၁၀ ပါး .................... ၁၅၇
* သမ္မပ္ပဓာန် ၄ ပါး ......................... ၁၅၉


## အခန်း (၇)
## ပစ္စည်းပိုင်း

### (က) ပဋိစ္စသမုပ္ပါဒ်ပိုင်း


* တရားတော်၏ နက်နဲခက်ခဲပုံ .................... ၁၆၁
* အင်္ဂါ ၁၂ ပါးအကျယ် ....................... ၁၆၃
* သစ္စာ ၂ ခု .............................. ၁၇၃
* မူလ ၂ ဖြာ .............................. ၁၇၄
* ဝဋ္ဋ ၃ ပါး .............................. ၁၇၆
* ပဋိစ္စသမုပ္ပါဒ် သံသရာစက်ဖြတ်ပုံ ................ ၁၈၀


### (ခ) ပဋ္ဌာန်းပိုင်း


* နိဒါန်း ................................. ၁၈၅
* ပစ္စည်း ၆ မျိုးတို့၏ ကျေးဇူးပြုပုံ ................ ၁၈၇
* ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ......................... ၁၉၆
* ၂၄ ပစ္စည်းလုံး တပစ္စည်းစီရှင်းခြင်း ................ ၁


## အခန်း (၈)
## ကမ္မဋ္ဌာန်းပိုင်း

### (က) သမထကမ္မဋ္ဌာန်း


* သမထကမ္မဋ္ဌာန်း ၄၀ ........................ ၂၂၅
* ဘာဝနာ ၃ ပါးနှင့် နိမိတ် ၃ ပါး ................. ၂၂၇
* ကသိုဏ်း ၁၀ ပါးအကြောင်း ..................... ၂၄၀


mgyoe.com

mgyoe.com SAMPLE BOOK


* အသုဘ ၁၀ ပါးအကြောင်း ........................ ၂၄၁
* အနုဿတိ ၁၀ ပါးအကြောင်း........................ ၂၄၁
* အာနာပါနဿတိကမ္မဋ္ဌာန်း ........................ ၁
* စရိုက်နှင့်ကမ္မဋ္ဌာန်း ........................ ၂၄၃
* ဗုဒ္ဓါနုဿတိ ........................ ၂၄၆
* ကာယဂတာသတိ ........................ ၂၄၈
* ဗြဟ္မဝိဟာရ ၄ ပါး ........................ ၂၅၄
* အဘိညာဉ် ........................ ၂၆၁


## (ခ) ဝိပဿနာကမ္မဋ္ဌာန်း


* နိဒါန်း........................ ၂၆၃
* ဝိသုဒ္ဓိ ၇ ပါး........................ ၂၆၆
* သီလဝိသုဒ္ဓိ........................ ၂၆၆
* စိတ္တဝိသုဒ္ဓိ ........................ ၂၆၇
* ဒိဋ္ဌိဝိသုဒ္ဓိ ........................ ၂၆၉
* ၃၂ ကောဋ္ဌာသ ၄၂ ကောဋ္ဌာသ ........................ ၂၇၀
* နာမ်တရား ထင်ရှားအောင်ရှုနည်း........................ ၂၇၄
* ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ရှုနည်း ........................ ၂၇၈
* မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့်ရှုနည်း........................ ၂၈၂
* ဝိပဿနာရှုဖွယ် တော ၄၀ ........................ ၂၈၂
* ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ........................ ၂၈၅
* ဉာဏဒဿနဝိသုဒ္ဓိ........................ ၂၈၇
* မဂ်စိတ်ဖြစ်ပုံ ........................ ၂၈၇
* ဖိုလ်စိတ်ဖြစ်ပုံ ........................ ၂၈၈
* ပစ္စဝေက္ခဏာဉာဏ် ........................ ၂၈၈
* လောကီပရိညာ ၃ ပါး ........................ ၂၈၉
* လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်........................ ၂၉၃
* ဝိသုဒ္ဓိမဂ်တွင်ပါဝင်သော အမေးအဖြေများ........................ ၂၉၅


mgyoe.com

mgyoe.com SAMPLE BOOK

* အရိယာပုဂ္ဂိုလ်များ .......................... ၂၉၇
* ဖလသမာပတ် နိရောဓသမာပတ် .................... ၂၉၉

## အခန်း (၉)
## ဝိသုဒ္ဓိမဂ်မှ ကောက်နုတ်ချက်များ

* အထွေထွေနှင့် သီလအကြောင်း .................... ၃၀၁
* နှစ်မျိုးပြားသော သီလ သုံးမျိုးပြားသော သီလ............ ၃၀၃
* ဓုတင် ၁၃ ပါး.......................... ၃၀၅
* စတုပါရိသုဒ္ဓိသီလ ....................... ၃၀၇
* ရုပ်တရား၊ နာမ်တရားတို့ကို ရှုမှတ်ပွားများရာတွင် .......... ၃၁၀

## အခန်း (၁၀)
## တရားဓမ္မနှင့်ဆိုင်သော အထွေထွေဆွေးနွေးချက်များ


* အဘိဓမ္မာလေ့လာသင့်ကြောင်း ..................... ၃၁၃
* ဘဒ္ဒကမ္ဘာနှင့် ပွင့်တော်မူပြီးသော ဘုရားရှင်များအကြောင်း..... ၃၁၄
* ပါဋိစာလုံးဆင့်ဖတ်နည်း ...................... ၃၁၅
* သမ္ပတ္တိတရားနှင့် ဝိပတ္တိတရား.................... ၃၁၇
* သံဝေဂတရား ........................... ၃၁၉
* မာနတရား ............................ ၃၂၀
* စုတေခါနီးအရေးကြီးပုံ ...................... ၃၂၂
* ဤဘဝရဲ့ နောက်ဘဝ ....................... ၃၂၄
* အရိယာပုဂ္ဂိုလ်များနှင့် ၎င်းတို့နှင့်ဆိုင်သော သမာပတ် ၂ မျိုး ... ၃၂၆
* လောကဓံတရား ၈ ပါး ...................... ၃၂၇

* ကျမ်းကိုး ............................ ၃၃၀

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com



SAMPLE BOOK

**ပါမောက္ခဆရာတော်**
**ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏ**
**ပါမောက္ခဌာနမှူး၊ အဘိဓမ္မာဌာန၊**
**အပြည်ပြည်ဆိုင်ရာ ထေရဝါဒ**
**ဗုဒ္ဓသာသနာပြုတက္ကသိုလ်**

## အမှာ

အဘိဓမ္မာသင်ပြသည့် ဆရာတော်ထံသို့ အဘိဓမ္မာတပည့်လည်းဖြစ် အထူးကုသမားတော်နှင့် အလုပ်သမား ဆေးရုံအုပ်ကြီးလည်းဖြစ်ခဲ့သည့် ဒကာမကြီး ဒေါက်တာခိုင်ချိုမြင့်ထံမှ စာအုပ်တစ်အုပ် ရောက်ရှိလာသည်။ ''တည်းဖြတ်ပေးရန်နှင့် အမှာစာရေးပေးပါရန်''ဟုလည်း လျှောက်ထားသွား၏။

စာရေးသူမှာ ဒေါက်တာတင်မိုးနွယ်၊ တွဲဖက်ပါမောက္ခ ဆေးပညာနှင့်ကျန်းမာရေးသိပ္ပံဆိုင်ရာမဟာဌာန၊ University Malaysia Sarawak ဖြစ်ပါသည်။ စာအုပ်အမည်ကို ''အဘိဓမ္မာဋီကာကျော် ဝိသုဒ္ဓိမဂ်လာတရားတော်များအနှစ်ချုပ်'' ဟု အမည်ပေးထား၏။ မိမိထံ စာအုပ်ရောက်ရောက်ချင်း ပထမဆုံးစာမျက်နှာမှစကာ အစဉ်အတိုင်းဖတ်ကြည့်၏။ စိတ်ဝင်စားစရာကောင်းသည်။ တော်တော်နှင့်လက်ကမချနိုင်။ စာရေးဟန်ပေါ့ပါးသည်။ သူနားလည်သလို ပြန်လည်မျှဝေထားသည်။ ထူးခြားသည်မှာ နက်နဲသည့် အဘိဓမ္မာသဘောတရားများကို ကျမ်းဂန်နှင့်ညီညွတ်စွာတင်ပြထားသည်။ ခေတ်မီရေးဟန်၊ တိုတောင်းသည့် ဝါကျအထားအသို၊ စေတနာပါသည့်တင်ပြချက်များ၊ လူသားများလက်တွေ့လိုက်နာကျင့်သုံးသင့်သည်ကို သဘောတရားများနှင့်ယှဉ်ကာ လိုရင်း တိုရှင်းနားလည်လွယ်အောင် တင်ပြထားသည်ကို တွေ့ရ၏။

ဤစာအုပ်၌ အခန်းပေါင်း (၁၀) ခန်း၊ အကြောင်းအရာစုံသည်။ အဘိဓမ္မာလည်းပါ၏။ ဝိသုဒ္ဓိမဂ်လည်းပါ၏။ ဋီကာကျော် အဓိပ္ပာယ်များလည်းပါ၏။ သိစရာ၊ မှတ်စရာ၊ အလွတ်ကျက်စရာ၊ လိုက်နာကျင့်သုံးစရာများလည်းပါ၏။ အစုံအလင်ပင် ဘာတစ်ခုမှ ပယ်စရာမရှိ၊ အကျိုးရှိသည့် အဘိဓမ္မာဗဟုသုတများကို ရှာဖွေမှတ်သားတင်ပြထား၏။ ပါဠိဖတ်နည်းတောင်ပါလိုက်သေးသည်။ စေတနာတွေကို အထင်းသားမြင်ရ၏။ ပဋ္ဌာန်းသမုပ္ပါဒ်စက်ဝိုင်းဒေသနာတော်နှင့် ကျင့်ကြံပုံသဘောတရားများလည်းပါ၏။ လောကစံ

mgyoe.com

mgyoe.com SAMPLE BOOK

တရားများအကြောင်းနှင့် နှလုံးသွင်းကျင့်သုံးပုံတို့ကိုလည်း မကျန်ရအောင် ထည့်သွင်းထားသည်ကို တွေ့ရသည်။

အကြောင်းအမျိုးမျိုးကြောင့် မိမိထံ၌ ၆-လခန့်ကြာသွားသည်ကိုတော့ အားနာမိသည်။ ဤလိုစာအုပ်မျိုး စာဖတ်သူတို့ထံ အမြန်ရောက်စေချင်၍ ဖြစ်ပါသည်။ ဤစာအုပ်ကို အသေအချာဖတ်ပါ၊ လေ့လာဆင်ခြင်ပါ၊ တတ်နိုင်သမျှ ကျင့်သုံးပါ။ သင်နှင့်အတူထားနိုင်အောင် ကြိုးစားပါ။ တန်ဖိုးမဖြတ်နိုင်သည့် ဘဝအဖော်မွန်ဖြစ်ကြောင်း သင်ကိုယ်တိုင် သိရှိလာပါလိမ့်မည်။

နိဂုံးချုပ်အားဖြင့် ဤစာအုပ်ဖြစ်မြောက်အောင် သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သတိတရားတို့ဖြင့် ကြိုးစားအားထုတ်ခဲ့သည့် စာရေးသူ ဆရာမ ဒေါက်တာတင်မိုးနွယ်ကိုလည်း သာသနာပြုကုသိုလ်အထူးရပါစေဟု ဝမ်းမြောက်ဝမ်းသာ အမှာစကား ရေးသားလိုက်ပါသည်။

အာရဒ္ဓဝီရိယသာယံ ဓမ္မော၊ နာယံ ဓမ္မောကုသီတဿ
ရိုးရိုးဝီရိယမဟုတ် အားထုတ်အပ်သော ဝီရိယနှင့်ပြည့်စုံသူတို့သာ
အဆင့်မြင့်တရားတို့နှင့် ပြည့်စုံနိုင်၏။
(အနုရုဒ္ဓမဟာပုရိသဝိတက္ကသုတ်)

Prof (Dr) Acinna
**အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏ**
Head of Abhidhamma Department
Internation Theravada Buddhist
Missionary University,
ဆုလာဘ်ပြည့် ဗုဒ္ဓဝိဟာရ ဓမ္မသင်တန်းကျောင်း
သာကေတ၊ ရန်ကုန်တိုင်းဒေသကြီး။

mgyoe.com

mgyoe.com SAMPLE BOOK



**ပါမောက္ခ ဒေါက်တာမင်းတင်မွန်**
**အကြံပေးပုဂ္ဂိုလ်နှင့် ပညာရှင် (ငြိမ်း)၊**
**သာသနာရေးဝန်ကြီးဌာန**
**အမှာ**

ဒေါက်တာတင်မိုးနွယ်ရေးသားပူဇော်တဲ့ **"အဘိဓမ္မာဋီကာကျော် ဝိသုဒ္ဓိမဂ်လာ တရားတော်များအနှစ်ချုပ်"** စာအုပ်က မိုးတိမ်ကြားမှ ဖိုးလမင်းပေါ်ထွန်းလာတဲ့ပမာ ထွက်ပေါ်လာတာကို ဝမ်းမြောက်လှိုက်လှဲစွာ ကြိုဆိုပါတယ်။

ဒေါက်တာတင်မိုးနွယ်က ရန်ကုန်ဆေးတက္ကသိုလ် (၁) မှ M.B.B.S ဘွဲ့ရရှိပြီး ဆေးတက္ကသိုလ် (၁)၊ ခန္ဓာဗေဒဌာနမှာ ၁၉၉၀ မှ ၂၀၀၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၉၅ မှ ၂၀၀၀ ပြည့်နှစ်အထိ ဂျပန်နိုင်ငံ Chiba University School of medicine မှာ Ph.D (Anatomy) သင်တန်းကို တက်ရောက်အောင်မြင်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှ ယနေ့ထိ University Malaysia Sarawak မှာ တွဲဖက်ပါမောက္ခ တာဝန်ကို ထမ်းဆောင်နေပါတယ်။

၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၁ ခုနှစ်တို့မှာ မလေးရှားနိုင်ငံ၊ ကူးချင်းမြို့ရှိ Kuching Dhamma Vijaya Centre မှာ အဘိဓမ္မာသင်တန်းကို သင်ရိုးကုန်အောင် အင်္ဂလိပ်ဘာသာဖြင့် ဆရာမင်းတင်မွန် သင်ကြားပို့ချပေးတဲ့အခါ ဒေါက်တာတင်မိုးနွယ်နဲ့ ခင်ပွန်းဖြစ်သူ ဒေါက်တာစိုးလွင် (တွဲဖက်ပါမောက္ခ) တို့ ဝမ်းမြောက်ရွှင်လန်းစွာ အားကြိုးမာန်တက် တက်ရောက်နားထောင်ကြပါတယ်။ ၂၀၁၂ ခုနှစ်မှာ ဝိသုဒ္ဓိမဂ်သင်တန်းကို ဆရာ ဆက်လက်ပြီး သင်ကြားပို့ချတဲ့အခါမှာလည်း သူတို့နှစ်ဦး စိတ်အားထက်သန်စွာ လေ့လာနားဆင်ကြပါတယ်။

ဒေါက်တာတင်မိုးနွယ်က ဆရာသင်ကြားပေးတာကို ကောင်းစွာနားလည် သဘောပေါက်လို့ အဘိဓမ္မာနဲ့ ဝိသုဒ္ဓိမဂ်ကို မြန်မာလို ပြည့်ပြည့်စုံစုံလေ့လာပြီး မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက နှစ်စဉ်ကျင်းပတဲ့စာမေးပွဲတွေကိုဖြေဆိုဖို့

mgyoe.com

mgyoe.com SAMPLE BOOK

ဆန္ဒပြင်းပြတဲ့အတွက် မြန်မာပြည်သို့လာပြီး ဆရာ့ထံမှ ''ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်'' နဲ့ ''ဝိသုဒ္ဓိမဂ္ဂ အလင်းပြ'' ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲတို့ကို ဆရာသင်တန်းပို့ချထားတဲ့ CD ခွေတွေနဲ့အတူ ယူငင်သွားပါတယ်။ ဆရာ့စာအုပ်တွေနဲ့ သင်တန်းစီဒီခွေတွေက မိမိဘာသာလေ့လာဖို့ လွန်စွာအဆင်ပြေပါတယ်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလမှာ ဒေါက်တာတင်မိုးနွယ်က မြန်မာပြည်သို့လာပြီး သာသနာရေးဝန်ကြီးဌာနကကျင်းပတဲ့ အဘိဓမ္မာ (ရိုးရိုးတန်း) စာမေးပွဲသုံးဆင့်ကို ဖြေဆိုတာ အောင်ပန်းဆင်ရပါတယ်။ ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉ ခုနှစ်တို့မှာ ဝိသုဒ္ဓိမဂ်စာမေးပွဲ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်နဲ့ အဘိဓမ္မာ (ဂုဏ်ထူးအောင်) စာမေးပွဲပထမဆင့် အသီးသီးတို့ကို ဖြေဆိုအောင်မြင်ပါတယ်။ အလွန်အားကျစရာ၊ ချီးကျူးစရာ ကောင်းပါတယ်။ တကယ်လိုချင်တဲ့ဆန္ဒပြင်းပြရင် လိုလျှင်ကြံဆ နည်းလမ်းရပြီး ဝီရိယကောင်းကောင်းနဲ့ ကြိုးစားရင် အောင်မြင်မှုရပါတယ်။

အဘိဓမ္မာအနှစ်ချုပ်နဲ့ ဝိသုဒ္ဓိမဂ်တို့ဟာ မြတ်စွာဘုရားဟောကြားတော်မူတဲ့ တရားအားလုံးရဲ့ လိုရင်းအနှစ်သာရဖြစ်ပါတယ်။ အဖိုးတန်ဆုံး ဘဝပညာဖြစ်တဲ့ ဗုဒ္ဓ အဘိဓမ္မာ အသိပညာကို နေ့စဉ်ဘဝမှာ လက်တွေ့အသုံးချနိုင်ရင် အလွန်ကြီးကျယ်တဲ့ အကျိုးကျေးဇူးကို ရရှိကြမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူအပေါင်းတို့ကို အဘိဓမ္မာ လေ့လာစေလိုတဲ့အတွက် ဒေါက်တာတင်မိုးနွယ်ဟာ ပြည်သူတို့အား ''အဘိဓမ္မာ ငြိကာကျော် ဝိသုဒ္ဓိမဂ်လာ တရားတော်များအနှစ်ချုပ်'' စာအုပ်ကို ရေးသားတင်ဆက်လိုက်ပါတယ်။ ဒီစာအုပ်မှာ အဘိဓမ္မာ၊ ငြိကာကျော်၊ ဝိသုဒ္ဓိမဂ်တို့မှ တရားတော်များကို နားလည်လွယ်စေရန် ဇယားတွေ၊ အမေးအဖြေတွေနဲ့ ရှင်းရှင်းလင်းလင်း ပူဇော်ထားပါတယ်။

အဘိဓမ္မာတရားတော်ဟာ ကမ္ဘာပေါ်ရှိ သက်ရှိသက်မဲ့ အရာအားလုံးကို ဖွဲ့စည်းထားတဲ့ အခြေခံအကျဆုံး သဘာဝတရားတွေဖြစ်ကြပြီး ပရမတ်တရားများလို့ အမည်တွင်တဲ့ စိတ်၊ စေတသိက်၊ ပရမတ်ရုပ်တွေအကြောင်းကို သိပ္ပံနည်းကျ ဒဿနိကဗေဒ နည်းကျ အပြည့်အစုံ ဗုဒ္ဓမြတ်စွာဟောကြားထားတဲ့ အဆန်းကြယ်ဆုံး အသိသင့်ဆုံး တရားတော် ဖြစ်ပါတယ်။ ပရမတ်စိတ်၊ စေတသိက်များ၊ ပရမတ်ရုပ်များ၊ ရုပ်နာမည် ဖြစ်စဉ်များ (Psychophysical processes) အကြောင်းတို့ကို ကောင်းစွာသိနားလည်ပါမှ ဘဝမှာ အရေးအကြီးဆုံးဖြစ်တဲ့ စိတ်အကြောင်း၊ ကံအကြောင်း၊ ဘဝအကြောင်း၊ အကျိုးအကြီးဆုံး ကျင့်ကြံနေထိုင်နည်းအကြောင်းတို့ကို မှန်ကန်စွာ သိနားလည်လိမ့်မယ်။ စိတ်တွေ၊ စေတသိက်တွေနဲ့ ပရမတ်ရုပ်တွေက အကောင်အထည်မရှိတဲ့ အသိမ်မွေ့ဆုံး

mgyoe.com

mgyoe.com SAMPLE BOOK 

တရားတွေဖြစ်ကြလို့ သိပ္ပံကိရိယာတွေနဲ့ မစမ်းသပ်နိုင်ပါဘူး။ ဒါကြောင့် သိပ္ပံပညာရှင်တွေ၊ စိတ်ပညာရှင်တွေ၊ ဒဿနိကပညာရှင်တွေ မသိကြပါဘူး။

မြတ်စွာဘုရားက သိပ္ပံကိရိယာများထက် အဆပေါင်းများစွာ ပိုအစွမ်းထက်မြက်တဲ့ အဘိညာဉ်များဖြင့် အတိတ်ဘဝတွေ၊ အနာဂတ်ဘဝတွေ၊ ဘဝအဆက်ဆက်ဖြစ်နေပုံတွေ၊ ပရမတ်နာမ်ရုပ်ဖြစ်စဉ်တွေ၊ လောကဖြစ်စဉ်တွေအားလုံးကို အနုစိတ် မှန်ကန်တိကျစွာသိမြင်ပြီး သဗ္ဗညုတဉာဏ်တော်နဲ့ အကြောင်းအကျိုးတို့ကို မှန်ကန်စွာ သိနားလည်ပါတယ်။

ပုဗ္ဗေနိဝါသအဘိညာဉ်နဲ့ သတ္တဝါအားလုံးရဲ့ မရေတွက်နိုင်တဲ့ အတိတ်ဘဝတွေနဲ့ ထိုဘဝတွေမှာ လျင်မြန်စွာ ဖြစ်ပျက်နေကြတဲ့ နာမ်ရုပ်အစဉ်တွေကို မြင်တွေ့ပြီး သဗ္ဗညုတဉာဏ်တော်နဲ့ လျင်မြန်စွာဖြစ်ပျက်နေကြတဲ့ နာမ်ရုပ်အစဉ်တွေက ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်နွှယ်မှုသဘောအရ ဘဝအားလုံးကို ဆက်စပ်ပေးတာကို သိမြင်တော်မူတယ်။

ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ စကြဝဠာကုဋေတစ်သိန်းမှာရှိကြတဲ့ သတ္တဝါတွေနဲ့ ယင်းသတ္တဝါတွေမှာ လျင်မြန်စွာ ဖြစ်ပျက်နေကြတဲ့ ပရမတ်နာမ်ရုပ်အစဉ်တွေကိုလည်း မြတ်ဗုဒ္ဓမြင်သိတော်မူတယ်။ သေဆဲသတ္တဝါများနှင့် ဖြစ်ဆဲသတ္တဝါများကိုလည်း မြင်တွေ့ရတဲ့အပြင် သတ္တဝါအများစုက သေဆုံးကြတဲ့အခါ အပါယ်လေးဘုံမှာ ဘဝသစ်တွေဖြစ်ကြရပြီး အလွန်နည်းတဲ့ သတ္တဝါအနည်းစုကသာ သေဆုံးပြီးနောက် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့မှာ ဖြစ်ကြရတာကိုလည်း ဆင်ခြင်သိမြင်တော်မူတယ်။

တစ်ဖန် ယထာကမ္မူပဂအဘိညာဉ်နဲ့ (၃၁) ဘုံမှာရှိတဲ့ သတ္တဝါများကို မြင်တွေ့ပြီး သတ္တဝါအသီးသီးကိုဖြစ်စေတဲ့ ကံတွေကိုလည်း သိမြင်တော်မူတယ်။ အနာဂတံသအဘိညာဉ်နဲ့ သတ္တဝါတို့ရဲ့ အနာဂတ်ဘဝတွေနဲ့ အနာဂတ်ကမ္ဘာတွေ၊ အနာဂတ်ဖြစ်ရပ်တွေကို မြင်သိတော်မူတယ်။ သတ္တဝါတိုင်းက ဘဝတစ်ခုပြီးတစ်ခု အဆက်မပြတ် ဖြစ်နေရတာကို နာမ်ရုပ်အကြောင်းအကျိုး ဆက်သွယ်မှုနဲ့ရှင်းပြတဲ့ ပဋိစ္စသမုပ္ပါဒ် တရားတော်ကိုလည်း မြတ်စွာဘုရား သိမြင်တော်မူတယ်။

ကံ = ကမ္မဟာ ပြုလုပ်ချက်၊ စေတနာလို့ အဓိပ္ပာယ်ရတယ်။ စေတနာက စေ့ဆော်ခြင်းသဘောရှိတဲ့ စေတသိက်တစ်ခုဖြစ်ပြီး စိတ်တိုင်းမှာယှဉ်ပါတယ်။ စေတနာက စိတ်ကို ကောင်းမှု၊ မကောင်းမှု စတဲ့ ပြုလုပ်ချက်တစ်ခုကိုပြုလုပ်ဖို့ စေ့ဆော်တိုက်တွန်းလို့ စိတ်က စိတ္တဇရုပ်တွေနဲ့ ကိုယ်၊ လက်၊ နှုတ်တို့ကိုလှုပ်ရှားစေပြီး အလုပ်ပြစ်မြောက်အောင် ပြုလုပ်ပါတယ်။ စေတနာက စိတ်ကိုစေ့ဆော်ပြီး ပြုလုပ်ချက်ဖြစ်မြောက်အောင် စေ့ဆော်

mgyoe.com

mgyoe.com SAMPLE BOOK

ပေးတဲ့အတွက် စေတနာနဲ့ ပြုလုပ်ချက် (ကံ) ကို ထပ်တူပြုပြီး စေတနာကို ကံလို့ သတ်မှတ်တယ်။

ယှဥ်ဖက်စေတသိက်တွေနဲ့တကွ စိတ်တို့ဟာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာ ကုဋေတစ်သိန်းကျော် အလွန်လျင်မြန်စွာ ဖြစ်ပျက်သွားပါတယ်။ ဒါကြောင့် ဘုရားဆင်းတုကို ဘုရားရှင်အမှတ်နဲ့ ရိုသေစွာ တစ်ကြိမ်ဦးချရှိခိုးနေတဲ့အခိုက်မှာ ကုသိုလ်စိတ်စေတနာ ကုဋေသိန်းချီဖြစ်ချုပ်ပြီး ကုသိုလ်ကံသတ္တိ ကုဋေသိန်းချီကို စိတ်အစဉ်မှာ ချန်ရစ်ကြတယ်၊ ကုသိုလ်ကံတွေက စိတ်အစဉ်မှာလိုက်ပါပြီး အခွင့်ရတိုင်း ကောင်းကျိုးပေးပါတယ်။ သေဆုံးတဲ့အချိန်မှာ အားကြီးတဲ့ကုသိုလ်ကံတစ်ခုက လူ့ဘဝ ဒါမှမဟုတ် နတ်ဘဝကို ဖြစ်စေပါတယ်။

ကုသိုလ်ကံက လူ့ဘဝကိုဖြစ်စေရာမှာ ဖနီးမောင်နှံတို့ရဲ့ အမမျိုးဥ (Ovum)နဲ့ အဖိုမျိုးဥ (Sperm) တို့ပေါင်းစပ်ထားတဲ့ ကလလရည်ကြည် (Zygote) မှာ ကံရဲ့အကျိုးဖြစ်တဲ့ မဟာဝိပါက်စိတ်တွေကို တစ်ခုပြီးတစ်ခု အဆက်မပြတ် ဖြစ်စေတယ်။ မဟာဝိပါက်စိတ်နှင့်ယှဉ်တဲ့ စေတသိက်တွေမှာ ဇီဝိတိန္ဒြေစေတသိက် ခေါ် နာမ်အသက်ပါရှိတယ်။ ပထမ မဟာဝိပါက်စိတ်ကို ပဋိသန္ဓေစိတ်၊ နောက်ဖြစ်တဲ့ ဝိပါက်စိတ်တွေကို ဘဝင်စိတ်၊ နောက်ဆုံးဖြစ်တဲ့ ဝိပါက်စိတ်ကို စုတိစိတ်လို့ခေါ်တယ်။ ဘဝင်စိတ်တွေက အာရုံ (၆) ပါးလုံးထင်နိုင်တဲ့ မနောဒွါရအဖြစ် ဆောင်ရွက်တယ်။

ကံက ကမ္မဇရုပ်တွေကိုလည်း ပဋိသန္ဓေစိတ် ဥပါဒ်ချိန်မှစပြီး ခဏမစဲဖြစ်စေတယ်၊ ကမ္မဇရုပ်များမှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့မှာ အာရုံငါးပါးတို့ထင်နိုင်တဲ့ ပသာဒရုပ်ငါးပါး ခေါ် အကြည်ရုပ်ငါးပါး ပါဝင်ကြတယ်။ ယောက်ျား ဒါမှမဟုတ် မိန်းမဖြစ်စေတဲ့ ကာမရုပ်ရော၊ ရုပ်အသက် ခေါ် ဇီဝိတရုပ်ပါ ပါရှိပါတယ်။ ရုပ်အသက်နဲ့ နာမ်အသက်တို့က လူသားအသက်ပါပဲ၊ ဒို့အပြင် ရုပ်ကလာပ်တိုင်းမှာပါတဲ့ တေဇောရုပ်မှ ဥတုဇရုပ်တွေ ခဏမစဲဖြစ်ပြီး ဩဇာ ခေါ် အာဟာရရုပ်မှ အာဟာရဇရုပ်တွေကို ခဏမစဲဖြစ်စေပါတယ်။ ပထမဘဝင်စိတ်မှစပြီး စိတ်တို့ကလည်း ဥပါဒ်တိုင်း စိတ္တဇရုပ်တွေကို ဖြစ်စေတယ်၊ စိတ္တဇရုပ်တွေက ကိုယ်၊ လက်၊ နှုတ်တို့ လှုပ်ရှားနိုင်အောင် ဆောင်ရွက်ပေးကြတယ်၊ ဒီနည်းနဲ့ ကိုးလကျော်မှာ ကိုယ်အင်္ဂါများပြည့်စုံပြီး ကလေးကို မွေးဖွား ပါတယ်၊ သဘာဝဖြစ်ရပ်တွေက သိပ္ပံနည်းကျ အလွန်အံ့ဩစရာကောင်းပါတယ်။

ပုထုဇဉ်တွေသေဆုံးကြတဲ့အခါ အများစုက အပါယ်လေးဘုံမှာ ဘဝသစ်ဖြစ်ရတဲ့ အကြောင်းက ပုထုဇဉ်တွေရဲ့ စိတ်တို့ကို လောဘ၊ ဒေါသ၊ မောဟတို့ဦးဆောင်တဲ့

mgyoe.com

အကုသိုလ်စေတသိက်တွေက အမြဲလိုလို လွှမ်းမိုးထားကြတယ်။ ဒါကြောင့် ပုထုဇဉ်တို့က အကုသိုလ်စိတ်တွေနဲ့ အမြဲလိုလိုနေထိုင်ကြပြီး မကောင်းမှုတွေနဲ့ ပျော်ပါးကာ မကောင်းမှုများကို ကျူးလွန်ကြတယ်။ တိရစ္ဆာန်သတ်ခြင်း၊ သူတစ်ပါးဥစ္စာကိုခိုးခြင်း စတဲ့ မကောင်းမှုတစ်ခုကိုပြုလုပ်တဲ့အခါ အကုသိုလ်စိတ်စေတနာတွေ ကုဋေသိန်းချီဖြစ်ချုပ်ပြီး အကုသိုလ်ကံကုဋေသိန်းချီကို စိတ်အစဉ်မှာ ချန်ရစ်တယ်။

အကုသိုလ်ကံတွေက ယခုဘဝကစပြီး မကောင်းကျိုးတွေပေးပါတယ်။ သေဆုံးတဲ့အခါ အားကြီးတဲ့အကုသိုလ်ကံတစ်ခုက အပါယ်ဘဝကို ဖြစ်စေတယ်။ ဘဝကူးပြောင်းရာမှာ စိတ်အစဉ်ကမပြတ်ဘဲ ဆက်ဖြစ်သွားတဲ့အတွက် အကုသိုလ်ကံတွေက ဘဝအဆက်ဆက်လိုက်ပါပြီး မကောင်းကျိုးတွေ ပေးပါတယ်၊ အပါယ်လေးဘုံမှာ ကုသိုလ်ပြုခွင့်မရတဲ့အတွက် အကုသိုလ်ကံတွေကသာ အကျိုးဆက်ပေးခွင့်ရလို့ အပါယ်ဘဝတွေအကြိမ်ကြိမ် ဖြစ်ရပါတယ်။ သို့အတွက် အပါယ်လေးဘုံဟာ သတ္တဝါအများရဲ့ ထာဝရစံအိမ်လို့ မြတ်စွာဘုရားက သတ်မှတ်ပါတယ်။

သေရင် အပါယ်မကျရေးဟာ တကယ့်အရေးကြီးတဲ့အရေးပါ။ အပါယ်မကျချင်ရင် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တွေကို ပြုလုပ်ပြီး ကုသိုလ်စိတ်နဲ့ နေထိုင်တတ်ရမယ်။ ပဉ္စသီလလုံရင်ပဲ အကောင်းဆုံးကိုယ်ကျင့်၊ စာရိတ္တကို ရရှိပြီး လူ့ဘောင်မှာ အချမ်းသာဆုံးနေထိုင်ရပါတယ်။ ကာမဂုဏ်ချမ်းသာဟာ အခြေအနေပြောင်းတာနဲ့ ဆင်းရဲစေတဲ့၊ အပါယ်ကျစေတဲ့ ဝိပရိဏာမဒုက္ခ ဖြစ်ပါတယ်။ အကျိုးကြီးတဲ့ ချမ်းသာစစ်နဲ့နေချင်ရင် ကံ–ကံ၏အကျိုးကိုသိတဲ့ သမ္မာဒိဋ္ဌိအမြင်မှန်ကို ဘဝမီးရှူးတန်းဆောင်ပြုပြီး ဒါန၊ သီလ၊ မေတ္တာ၊ ဘာဝနာနဲ့ နေထိုင်ပါ။ ကြီးကျယ်တဲ့ ကုသိုလ်ကံတွေကို စုဆောင်းထားခြင်းဖြင့် ဘဝအဆက်ဆက် ကြီးကျယ်ခမ်းနားတဲ့ လူ့ချမ်းသာ၊ နတ်ချမ်းသာတို့ကို စံစားရလိမ့်မယ်။

ကမ္ဘာပေါ်မှာ ဆင်းရဲမိုက်မဲမှု၊ မကောင်းမှုအားလုံးနဲ့ ဆင်းရဲမှုအားလုံးတို့ရဲ့ အကြောင်းရင်းက စိတ်ကို ညစ်နွမ်းယုတ်မာ ပူလောင်စေလို့ ကိလေသာများအမည်ရတဲ့ အကုသိုလ် စေတသိက် (၁၀) ပါး ဖြစ်ပါတယ်။ ကိလေသာတွေကို အမြစ်ဖြတ်ပယ်သတ်နိုင်ရင် အမြင့်မြတ်ဆုံး ရဟန္တာဘဝကိုရရှိပြီး အတုမရှိ ထာဝရ ငြိမ်းအေးချမ်းသာတဲ့ နိဗ္ဗာန်ချမ်းသာကို လက်ငင်းခံစားရပါတယ်။ နိဗ္ဗာန်သို့သွားရာ တစ်ကြောင်းတည်းသောလမ်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားကို သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ် အဖြစ် ကျင့်ကြံအားထုတ်နည်း အပြည့်အစုံကို မြတ်ဗုဒ္ဓဟောကြားထားတော်မူပြီး ဝိသုဒ္ဓိမဂ်သုံးကျမ်းမှာ မှတ်တမ်းတင်ထားပါတယ်။

mgyoe.com

 mgyoe.com SAMPLE BOOK

လူပုဂ္ဂိုလ်တွေက ၈ ပါး၊ ၉ ပါး သီလစောင့်ထိန်းပြီး အကြမ်းစားကိလေသာ မဖြစ်အောင် ချုပ်ထိန်းရပါတယ်။ သမာဓိကျင့်စဉ်အဖြစ် သမထဘာဝနာ ရှုပွားကာ ဈာန်သမာဓိထူထောင်ပြီး စိတ်မှာထကြွနေတဲ့ အလတ်စားကိလေသာတွေကို နှိမ်နင်းဖယ်ရှင်းပြီး စိတ်ကို ဖြူစင်စေရတယ်။ ဖြူစင်တဲ့စိတ်မှ ဖြာထွက်လာတဲ့ စူးရှတောက်ပတဲ့ အလင်းရောင်အကူအညီနဲ့ ပညာကျင့်စဉ် ခေါ် ဝိပဿနာရှုပွားရပါတယ်။ ဝိပဿနာဉာဏ် ၁၀ ပါး၊ မဂ်ဉာဏ် ၄ ပါး၊ ဖိုလ်ဉာဏ် ၄ ပါးတို့ကိုထူထောင်နိုင်တဲ့အခါ မဂ်ဉာဏ် ၄ ပါးက ကိလေသာအားလုံးကို အမြစ်ဖြတ် ပယ်သတ်ပါတယ်။ ရဟန္တာဖြစ်ကာ နိဗ္ဗာန်အမြိုက်ချမ်းသာကို ထာဝရခံစားနိုင်တော့တယ်။

တစ်မဂ်တစ်ဖိုလ်ရလျှင်ပဲ သောတာပန်အရိယာဖြစ်ကာ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်ချမ်းသာကို အလိုရှိသမျှခံစားလျက် အချိန်တန်လျှင် ရဟန္တာဖြစ်လာမှာဖြစ်တဲ့အတွက် အကောင်းဆုံးဘဝကို ရရှိခြင်းဖြစ်ပါတယ်။ ဝိပဿနာရှုရာမှာ ပရမတ်နာမ်ရုပ်တွေကို ပိုင်းပိုင်းခြား ရှုမြင်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတို့ကို ရှုမြင်ရတယ်။ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်နွယ်မှုများကို ထိုးထွင်းရှုမြင်ရတယ်။ သို့အတွက် အဘိဓမ္မာသိဖို့ လိုပါတယ်။

ဒေါက်တာတင်မိုးနွယ်က ''အဘိဓမ္မာဋီကာကျော် ဝိသုဒ္ဓိမဂ်လာ တရားတော်များ အနှစ်ချုပ်'' စာအုပ်မှာ အဘိဓမ္မာလေ့လာ သင့်ကြောင်း နှိုးဆော်ထားတယ်။ ဤစာအုပ်ကို စတင်လေ့လာပြီး ဤစာအုပ်အထောက်အကူဖြင့် ''ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်'' ကို ဆက်လေ့လာကြပါလို့ အလေးအနက် တိုက်တွန်းပါတယ်။

**ဒေါက်တာမင်းတင်မွန်**

သာသနာရေးဝန်ကြီးဌာန၊ အကြံပေးပုဂ္ဂိုလ်နှင့်ပညာရှင် (ငြိမ်း)

mgyoe.com

mgyoe.com SAMPLE BOOK



**ဒေါက်တာထွန်းထွန်းဦး**
**မဟာသဒ္ဓမ္မဇောတိကဓဇ**
**အမှာ**

ဆရာမကြီး ဒေါက်တာတင်မိုးနွယ်က သူထုတ်ဝေမည့် ''အဘိဓမ္မာဋီကာကျော် ဝိသုဒ္ဓိမဂ်လာတရားတော်များ အနှစ်ချုပ်''စာအုပ်တွင် အမှာစာရေးပေးဖို့ ကျွန်တော့်ကို မေတ္တာရပ်ခံလာပါသည်။ အမှန်တော့ ဤစာအုပ်သည် ကျွန်တော့်အနေဖြင့် အမှာစာရေးဖို့ မလိုအောင် ဘာသာရေးနှင့်ပတ်သက်ပြီး ပြည့်စုံသော ကျမ်းစာတစ်အုပ်ဟု ဆိုချင်ပါသည်။ ဤကျမ်းစာပါ သင်ခန်းစာများကို ဆရာမကြီးကိုယ်တိုင် အွန်လိုင်းမှ ဓမ္မဒါနသင်တန်း ပို့ချစဉ်ကတည်းက ကျွန်တော်တို့ ဇနီးမောင်နှံကိုယ်တိုင် အမြဲလေ့လာပြီး သဘောကျ နှစ်ခြိုက်ခဲ့ကြပါသည်။ ယခုတော့ ထိုအကြောင်းအရာများကို စုစည်းပြီး ဆရာမကြီးက စာအုပ်ထုတ်ဝေတော့မည်ဆိုသဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ရပါသည်။ အမှာစာ ရေးဖို့ ဆရာမကြီးပို့ပေးလိုက်သော PDF File ဖိုင်မှ စာမူများကို အချိန်ယူ အသေးစိတ် လေ့လာဖတ်ရှုကြည့်သည့်အခါ လက်ကမချနိုင်လောက်အောင်ပင် ဖြစ်မိပါသည်။ သူ၏ စနစ်ကျသော တင်ပြပုံနှင့် ခက်ခဲနက်နဲသော ဗုဒ္ဓအဘိဓမ္မာပညာရပ်ကို လူတိုင်း လွယ်ကူစွာ နားလည်သဘောပေါက်နိုင်အောင် ခေတ်မီသော လေ့လာသုံးသပ်နည်းဖြင့် ရှင်းလင်း တိကျစွာ ရေးသားတင်ပြထားသည့်အတွက် ဤကျမ်းစာအုပ် လက်ခံရရှိသူတို့သည် ဘာသာရေးနှင့်ပတ်သက်၍ ကုဿလသယ လိုတရပတ္တမြားရတနာသိုက်ကြီးကို ရရှိသည်နှင့် တူလှပါသည်။

ကျွန်တော်တို့ငယ်စဉ်က ရှင်သာမဏေငယ်တစ်ပါးဖြင့် ဆရာတော်ကြီးရှေ့မှောက်တွင် ဒူးထောက်ပြီး ပထမပြန် စာမေးပွဲဖြေဆိုရန်အတွက် အဘိဓမ္မတ္ထသင်္ဂဟကျမ်းဖြစ်သည့် သင်္ဂြိုဟ် (၉) ပိုင်း ပါဠိကို နှုတ်တိုက်ရွရွ အာဂုံဆောင်ခဲ့ကြရပြီး အနက်တက် သရုပ်ခွဲ ခက်ခက်ခဲခဲ သင်ကြားခဲ့ကြသည်ကို ပြန်လည်သတိရ မှတ်မိနေပါသည်။ ယခုတော့

mgyoe.com

mgyoe.com SAMPLE BOOK

ခေတ်မီတိုးတက်လာသော သင်္ကေတဖြင့် သင်ပြပုံနည်းစနစ်များ၏ အကျိုးကျေးဇူးကြောင့် အဘိဓမ္မာဒေသနာကို လူကြီးလူငယ် မျိုးဆက်သစ်လူငယ်များ အချိန်တိုအတွင်းမှာ လွယ်ကူလေ့လာ သင်ယူတတ်မြောက်နိုင်ခွင့် ရရှိခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် ပရိယတ် ပဋိပတ် ပဋိဝေဓဟူသည့် သာသနာတော်သုံးရပ် ထွန်းကားသဖြင့် အဘိဓမ္မာတရားသံကို နေရာတိုင်းတွင် ကြားနေရပါသည်။ မြန်မာနိုင်ငံနှင့် အဘိဓမ္မာခွဲခြား၍ မရနိုင်လောက်အောင် ကမ္ဘာမှာ ထင်ရှားကျော်ကြားလှပါသည်။ အဘိဓမ္မာပညာရပ်သည် လူသားတိုင်းအတွက် လျှောက်လှမ်းကြရမည့် ရှည်လျားသော ဘဝသံသရာခရီးလမ်းမကြီးတွင် မတိမ်းမစောင်းအောင် ထိန်းကျောင်းပြီး ဉာဏ်နှင့်ယှဉ်ကာ လက်တွေ့အသုံးချ၍ အမြတ်ဆုံးပန်းတိုင်ကို ကေန်ရောက်စေနိုင်သည့် အားကိုးအားထား လက်ကိုင်ထားရမည့် ဘဝလမ်းညွှန်တရားမွန်များလည်း ဖြစ်ပါသည်။

''အဘိ''ဆိုသည်မှာ လွန်ကဲထူးမြတ်သော ''ဓမ္မ'' ဆိုသည်မှာ ဘုရားရှင် ဟောကြားသော တရားတော်ဖြစ်သည်။ သုတ္တံတပိဋကာ၊ ဝိနယပိဋကတို့ထက် သာလွန် ထူးမြတ်သောတရားကို အဘိဓမ္မာဟုခေါ်ပါသည်။

မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော ဓမ္မခန္ဓာပေါင်း ၈၄၀၀၀ တို့တွင် အဘိဓမ္မာပိဋကာ၌ ဓမ္မခန္ဓာပေါင်း ၄၂၀၀၀၊ သုတ္တံတပိဋကာ၌ ဓမ္မခန္ဓာပေါင်း ၂၁၀၀၀၊ ဝိနယပိဋကာ၌ ဓမ္မခန္ဓာပေါင်း ၂၁၀၀၀ ဖြစ်၍ အဘိဓမ္မာပိဋကသည် သုတ်ဝိနည်းတို့ထက်ကဲ သာလွန် မြတ်သောတရားတော် ဖြစ်သည်။ အဘိဓမ္မာဒေသနာတွင် မြတ်ဗုဒ္ဓသည် (၃၁) ဘုံနှင့် သံသရာမှလွတ်မြောက်ရာ နိဗ္ဗာန်သို့ သွားရာလမ်းကြောင်းနှင့် သဘောသဘာဝတို့ကို ပုဂ္ဂိုလ် သတ္တဝါ မျက်နှာမလိုက်ဘဲ ကြောင်းကျိုးဆက်စပ်၍ သဘာဝဓမ္မဓိဌာန်ကျကျ ရှင်းလင်းပြတ်သွားစွာ ဟောကြားတော်မူထားသည့် ပရမတ္ထတရားအစစ် ဖြစ်ပါသည်။

**အဘိဓမ္မာတရားမြတ်ဒေသနာ စတင်ရာ**

မြတ်ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့ B-C 589 တွင် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိတော်မူ၍ ဗုဒ္ဓဘုရားရှင် အဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် တစ်ဌာနလျှင် ခုနစ်ရက်စီ ''သတ္တ သတ္တာဟ'' (၇) ဌာန၌ ၄၉ ရက်ကြာအောင် ဖလသမာပတ်ဝင်စားလျက် စံနေတော်မူခဲ့ပါသည်။ ဗောဓိပင်နှင့် ရွှေပလ္လင်တော်၏ အနောက်မြောက်အရပ် စတုတ္ထ သတ္တာဟ။ ရတနာဃရ ရွှေအိမ်၌ သီတင်းသုံး စံနေတော်မူစဉ် **''သတ္တာဟ ခုနစ်လီ၊ နေ့စာလီဝယ် ချက်လယ်**

mgyoe.com

mgyoe.com SAMPLE BOOK 

**ဗွေချာ၊ ရတနာဂရ၊ သတ္တဟဌ (ဓမ္မ၊ ဝိ၊ ဓာ၊ လ၊ က၊ ယ၊ ပဋ္ဌာန်း) အဘိဓမ္မာ (၇) ကျမ်းကို မဟာညာဏ၊ သာဂရဖြင့်၊ ဗုဒ္ဓရှင်ပင်၊ သုံးဆင်ခြင်သည်''**ဆိုသည့် အတိုင်း အဘိဓမ္မာ (၇) ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူပါသည်။ ထိုခုနစ်ကျမ်းတို့မှာ (၁) ဓမ္မသင်္ဂဏီ (၂) ဝိဘင်္ဂ (၃) ဓာတုကထာ (၄) ပုဂ္ဂလပညတ္တိ (၅) ကထာဝတ္ထု (၆) ယမက (၇) ပဋ္ဌာန်းကျမ်းတို့ ဖြစ်ကြသည်။ နောက်ဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းတော်ကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါ၌ ကိုယ်တော် အစိတ်စိတ်မှ (နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရ)။ (၁) စိမ်းညို၊ (၂) ဝါရွှေ၊ (၃) နီမြန်း၊ (၄) ဖြူဖွေး၊ (၅) မောင်းသော၊ (၆) အရောင်စုံရောယှက်သော ရောင်ခြည်တော်ခြောက်သွယ်တို့ ကွန့်မြူး ထွက်ကြွတော်မူခဲ့သည်။ သာသနာ့အလံတော်သည် ရောင်ခြည်တော် (၆) ပါးကို ကိုယ်စား ပြုသည်။ မြန်မာနိုင်ငံတွင် ၁၉၅၆၊ ၁၃၁၈ ခု မဟာပါသဏလှိုဏ်ဂူတွင် ကျင်းပသည့် ဆဋ္ဌသင်္ဂါယနာမှ စတင်အသုံးပြုခဲ့ကြသည်။

ဘုရားရှင်သည် (၆) ဝါအလွန် (၇) ဝါမြောက်၌ မယ်တော်မာယာဖြစ်ခဲ့ဖူးသော ''သန္တုသိတ'' နတ်သားကို ကျေးဇူးဆပ်ရန် သာဝတ္ထိပြည်တွင် ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်စိုက်ပျိုးသည့် သရက်ဖြူပင်ရင်း၌ မိစ္ဆာတိတ္ထိတို့ကို ရေမီးအစုံ တန်ခိုးပြာဋိ ဟာကိုပြ၍ ချေချွတ်တော်မူပြီးနောက် တာဝတိံသာနတ်ပြည်သို့ နှစ်လမ်းသုံးဖဝါးဖြင့် အရောက်ကြွတော်မူ၍ ဝါဆိုဝါကပ်တော်မူပါသည်။ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ် ပင်ရင်း၌ရှိသော သိကြားမင်း၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်တွင် ဝါတွင်းသုံးလ ပတ်လုံး သီတင်းသုံးကာ မယ်တော်မိနတ်ဖြစ်သော သန္တုသိတနတ်သားအား အမှူးထား၍ စကြဝဠာတိုက်တစ်သောင်းမှ နတ်ပြဟ္မာအပေါင်းတို့အား အဘိဓမ္မာဒေသနာတော်မြတ်ကို (ဝိတ္ထာရနယ) အကျယ်ဝန်းဆုံးနည်းဖြင့် ဟောကြားတော်မူပါသည်။ ဘုရားရှင်သည် လူသားဘုရားဖြစ်၍ နေ့စဉ်နံနက် ဆွမ်းဘုဉ်းပေးရန် ဥတ္တရကုရု (မြောက်ကျွန်း) သို့ ဆွမ်းခံကြွရန်အတွက် ကိုယ်တော်မြတ်အစား နိမ္မိတရုပ်ပွားအဖြစ်ဖန်ဆင်း၍ တရားတော်ကို ဆက်လက်ဟောကြားတော်မူပါသည်။ ဟိမဝန္တာ အနောတတ်ရေအိုင်တွင် ရေသန့်စင်၍ ဘုရားရှင်အား ဝတ်ကြီးဝတ်ငယ်ပြုစုရန် ဟိမဝန္တာစန္ဒကူးတောတွင် ရောက်ရှိနေသော အရှင်သာရိပုတ္တရာမထေရ်မြတ်အား (သင်္ခေပနယ) အကျဉ်းနည်းဖြင့် ပြန်လည်ဟောကြား တော်မူပါသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်မှလည်း လူ့ပြည်တွင် တပည့်ရဟန်းငါးရာ တို့အား ပြန်လည်ဟောကြားခဲ့ပါသည်။ ထိုရဟန်းငါးရာတို့သည် ကဿပဘုရားရှင် လက်ထက်တွင် လှိုဏ်ဂူတစ်ခုအတွင်း၌ ရဟန်းနှစ်ပါး၏ အဘိဓမ္မာရွတ်ဆိုသံကို လင်းနို့

mgyoe.com

mgyoe.com SAMPLE BOOK

သားငါးရာဖြစ်၍ နားမလည်သော်လည်း သာယာသောအသံကို နှစ်သက်ကာ စုတေ၍ အသချေ်ယျကာလပတ်လုံး အပယ်လေးပါးမှ လွတ်ကင်းခဲ့ကြပြီး နတ်ပြည်၌သာ ဖြစ်ကြရသည်။ နတ်ပြည်ရောက်ပြီး ထိုမှတစ်ဆင့် လူ့ပြည်၌ အရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းငါးရာ ဖြစ်လာခဲ့သည့် ရဟန်းတော်ငါးရာတို့သည် ပဋ္ဌာန်းဆက်အကျိုးတရားတို့ကြောင့် ပထမဦးဆုံး အဘိဓမ္မာတရားကို နာကြားခွင့်ရကြသည်။ ထိုရဟန်းတို့အား (နာတိဝိတ္ထာရ – နာတိသင်္ခေပနယ) မကျဉ်းမကျယ်နည်းဖြင့် အရှင်သာရိပုတ္တရာမထေရ်မြတ်မှ ပြန်လည်ဟောကြားတော် မူခဲ့ပါသည်။ ဤကဲ့သို့ နတ်ပြည်၌ ဘုရားရှင်ဟောကြားသည့် အဘိဓမ္မာတရားတော်သည် နည်း (၃) နည်းဖြင့် လူ့ပြည်၌ ပေါ်ထွန်းလာခဲ့ပါသည်။

**သင်္ဂါယနာနှင့်အဘိဓမ္မာ**

အဘိဓမ္မာ (၇) ကျမ်းတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီး ၃ လနှင့် ၄ ရက်တွင် အရှင်မဟာကဿပအမှူးရှိသော ရဟန္တာငါးရာတို့ ပထမသင်္ဂါယနာတင်သည်မှစ၍ သာသနာနှစ် ၁၀၀ (ဘီစီ ၄၇၇) တွင် အရှင်မဟာယသထေရ် အမှူးရှိသော ရဟန္တာခုနစ်ရာတို့ ဒုတိယသင်္ဂါယနာတင်ရာတွင် ဝိနည်းပိဋက၊ သုတ္တန္တပိဋကတို့နှင့်အတူ အဘိဓမ္မာ ပိဋကလည်း ပါဝင်ခဲ့ပါသည်။ သို့သော် ကထာဝတ္ထုကျမ်းသည် ထိုအချိန်က မာတိကာမျှသာ ရှိနေသေးသည်။

မောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာတစ်ထောင်တို့ တတိယသင်္ဂါယနာတင်သောအခါ ဘုရားရှင် အကျဉ်းချုပ်ထားတော်မူခဲ့သော ''ကထာဝတ္ထုမာတိကာ''ကို အကျယ်ချဲ့ဟောတော်မူခဲ့သဖြင့် တတိယသင်္ဂါယနာကျမှ အဘိဓမ္မာခုနစ်ကျမ်းလုံးကို ပြီးပြည့်စုံစွာ သင်္ဂါယနာဝင် မှတ်တမ်းတင်နိုင်ခဲ့ကြပါသည်။ ထို့နောက် မြန်မာနိုင်ငံတွင် ကျင်းပသည့် ဆဋ္ဌသင်္ဂါယနာမှစ၍ ယနေ့အချိန်ကျအောင် ခေတ်အဆက်ဆက်၌ သာသနာတော်သုံးရပ်သည် နေဝန်းတစ်ဆူ လဝန်းပမာ ထွန်းလင်းတောက်ပလာခဲ့ပြီး ဗုဒ္ဓဘာသာဝင်များအနေဖြင့် အဘိဓမ္မာ၏ ကျေးဇူးတရားများကြောင့် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ နိဗ္ဗာန်တရားမြတ်နှင့် ပရမတ္ထတရားများကို ခန္ဓာအရှိဉာဏ်နှင့်သိ၍ နိဗ္ဗာန်ထိအောင် အားထုတ်နိုင်ကြပါသည်။

ရှေးခေတ်က မြန်မာ့သာသနာသမိုင်းတွင် နေလပမာထင်ရှားကျော်ကြားတော်မူခဲ့သည့် လယ်တီဆရာတော်ဘုရားကြီးသည် လူတိုင်း အဘိဓမ္မာပညာကို အလွယ်တကူ

mgyoe.com

mgyoe.com SAMPLE BOOK 

သိမှတ်နားလည်ကျင့်ကြံနိုင်ကြစေရန် ''ပရမတ္ထသံခိပ်ကျမ်း'' ကို ပြုစုလျက် မြန်မာနိုင်ငံအနှံ့ ဖြန့်ဝေပေးခဲ့ဖူးပါသည်။ ထိုနည်းတူစွာ ယခုခေတ်အခါ၌လည်း ပြည်တွင်းပြည်ပ သာသနာပြုကျေးဇူးတော်ရှင် ဖားအောက်တောရ ဆရာတော်ဘုရားကြီးသည် နိဗ္ဗာန်သို့ သွားရာ တစ်ကြောင်းတည်းသောလမ်းစဉ်ဖြစ်သည့် ဝိသုဒ္ဓိမဂ်လာ သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်တို့ကို စနစ်တကျ သင်ကြားပေးလျက်ရှိပါသည်။ အဘိဓမ္မာနှင့်ပတ်သက်၍ ဘုရားရှင်ဟောကြားတော်မူခဲ့သည့် ရုပ်နာမ်ခန္ဓာတို့ကို ဉာဏ်မျက်စိဖြင့် တစ်လုံးခြင်း မြင်တွေ့နိုင်ရန် စတုတ္ထဈာန်အထိ သမာဓိထူထောင်စေကာ ရုပ်ကမ္မဋ္ဌာန်းတွင် အသေးဆုံးကလာပ်မှုန် ဓာတ်မှုန်များအထိ ရှုကြည့်နိုင်ပြီး နာမ်ကမ္မဋ္ဌာန်းပိုင်း၌လည်း စိတ်စေတသိက်တို့၏ နိယာမလမ်းကြောင်းဖြစ်သော ဝိထိစဉ်များကို တစ်လုံးချင်း တွေ့မြင်နိုင်ပြီး ဝိပဿနာရှုနိုင်သည့်အထိ တပည့်သာဝကယောဂီများအား စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိပါသည်။ အဘိဓမ္မာကို ကောင်းစွာနားလည်သဘောပေါက်မှသာလျှင် သာသနာတော်ကြီးနှင့်တွေ့ပြီး ဗုဒ္ဓဘာသာဝင်ဖြစ်ရကျိုးနပ်ပါလိမ့်မည်။ လောကရှိအောင်ပွဲဟူသမျှတို့တွင် မိမိ၏စိတ်ကို အောင်နိုင်ခြင်းသည် အမြင့်မြတ်ဆုံးသော တကယ့်အောင်ပွဲဖြစ်သည်။ ''စိတ္တေန နိယတေလောကော'' လောကကြီးကို စိတ်ကဦးဆောင်သည်ဟု ဘုရားရှင်ဟောကြားတော်မူခဲ့သည် မဟုတ်ပါလား။ မိမိတို့၏ဘဝကို စိတ်စေတသိက်တို့က စိုးမိုးခြယ်လှယ်လျက်ရှိကြသဖြင့် အဘိဓမ္မာမြတ်ပညာကို နားလည်ထားကြမှသာလျှင် သာမန် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်အဖြစ်ကို ကျော်လွန်၍ တကယ့် ထေရဝါဒဗုဒ္ဓဘာသာဝင် စစ်စစ် ဖြစ်ကြပါလိမ့်မည်။ ဤကျမ်းစာအုပ်သည် ဖတ်ရှုလေ့လာသူများအနေဖြင့် ''အဓိဂမသုတ''၊ ''အာဂမသုတ'' ဆိုသည့် သင်သိ၊ ကျင့်သိ အသိနှစ်မျိုးနှင့် ပွားတိုးပြည့်စုံစေနိုင်သော ကျမ်းစာအုပ်ဖြစ်သည်။

ဤကျမ်းစာအုပ်ကို ရေးသားပြုစုသူသည် မလေးရှားနိုင်ငံ ကူးချင်းမြို့တွင် အင်္ဂလိပ်ဘာသာဖြင့် အဘိဓမ္မာကို သူကိုယ်တိုင် လေ့လာသင်ယူခဲ့ပြီး မြန်မာနိုင်ငံတွင် သာသနာရေးဦးစီးဌာနမှ ဦးစီးကျင်းပသော အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ် စာမေးပွဲများကို ဝင်ရောက်ဖြေဆိုအောင်မြင်ထားသူတစ်ယောက်လည်း ဖြစ်ပါတယ်၊ ဤစာအုပ်တွင် သူလေ့လာဆည်းပူးတတ်ကျွမ်းခဲ့သည့် အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်တို့မှ တရားတော်များကို လူတိုင်း သဘောပေါက်နားလည်လွယ်ကူစေရန် ခေတ်မီနည်းဖြစ်သည့် ဇယားများ၊ အမေးအဖြေများနှင့် ရှင်းလင်းစွာပူဇော်ထားသည့်အတွက် လူတိုင်း လက်တွေ့ကျင့်သုံးနိုင်ကြပါသည်။ ဆရာမကြီး ဒေါက်တာတင်မိုးနွယ်သည် မလေးရှားနိုင်ငံရှိ University

mgyoe.com

 mgyoe.com SAMPLE BOOK

Malaysia Sorawak ရှိ ဆေးပညာနှင့်ကျန်းမာရေးသိပ္ပံဆိုင်ရာ မဟာဌာနတွင် တွဲဖက်ပါမောက္ခအဖြစ် လက်ရှိတာဝန်ထမ်းဆောင် အလုပ်လုပ်ကိုင်လျက်ရှိပြီး ယနေ့ခေတ်အလုပ်များ၍ မအားလပ်သောသူတွေပင် မိမိတို့နေအိမ်အခန်းတွင်းမှ ဘုရားဟော အဘိဓမ္မာကို လက်လှမ်းမီ၍ လေ့လာနိုင်ခွင့်ရရှိနိုင်ရန် အွန်လိုင်းမှ အင်္ဂလိပ် – မြန်မာနှစ်ဘာသာဖြင့် သင်ကြားပို့ချပေးနေလျက်ရှိပါသည်။

ဆရာမကြီးသည် ၁၉၈၈ တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ M.B.B.S ဘွဲ့ကို ရရှိခဲ့ပြီး ၁၉၉၀ မှ ၂၀၀၇ အထိ (၁၇) နှစ်တိုင်တိုင် ဆေးတက္ကသိုလ် ခန္ဓာဗေဒဌာနတွင် အလုပ်တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ဂျပန်နိုင်ငံ Chiva University School Of Medicine တွင် Ph.D (Anatomy) သင်တန်းကို အောင်မြင်ထားသည်။ ဆရာမကြီးသည် ခန္ဓာဗေဒကို ကျွမ်းကျင်စွာ ခွဲခြမ်းစိတ်ဖြာ လေ့လာတတ်မြောက်ထားသူပီပီ မြတ်ဗုဒ္ဓဟောကြားခဲ့သည့် စိတ်ပိုင်း၊ ရုပ်ပိုင်းများကို ဗုဒ္ဓနည်းအရ ခွဲခြမ်းစိတ်ဖြာပြထားပါသည်။

ဤအချက်သည် လေ့လာသူ စာဖတ်ပရိသတ်များအတွက် လွန်စွာတန်ဖိုးအနဂ္ဃထိုက်တန်လှပါသည်။ ''သဗ္ဗဒါနံ၊ ဓမ္မဒါနံ၊ ဇိနာတိ'' ဒါနအားလုံးတွင် ဓမ္မဒါနသည် အမြတ်ဆုံးဟု ဟောတော်မူသည့်အတိုင်း ဆရာမကြီးသည် အမြတ်ဆုံးသော အဘိဓမ္မာကုသိုလ်ကြီးကို ဓမ္မဒါနပေးဝေနေပြီး အားလုံး၏နှလုံးသားမှာ ဓမ္မစေတီတည်နေသူတစ်ဦးလည်း ဖြစ်ပါသည်။ ဤအပိုင်းတွင် ကျမ်းပြုသူသည် အားလုံးကို သိစေချင်၊ တတ်စေချင်၊ မြင်စေချင်သော စေတနာမေတ္တာများ လွှမ်းမိုးဦးဆောင်ထားသည်ကို ရှင်းလင်းစွာ တွေ့မြင်ရပါသည်။

ကျမ်းပြုသူ ဆရာမကြီး ဒေါက်တာတင်မိုးနွယ်သည် သူတတ်မြောက်ထားသည့် ပညာရပ်များကို အွန်လိုင်းမှပင် အဝေးသင်အဘိဓမ္မာအဖြစ် ဓမ္မဒါနပြုပို့ချပေးဝေကာ တရားအလှူကြီးကို ပေးလှူပြီး မြတ်ဗုဒ္ဓ၏ မယ်တော်မိနတ်ကျေးဇူးဆပ်သကဲ့သို့ အနန္တကျေးဇူးရှင်ကြီးများဖြစ်ကြသည့် ဖခင်ကြီး ဦးသိန်းရွှေ (အင်ဂျင်နီယာချုပ်ငြိမ်း) ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ခင်သာနှင့် ဆရာသမားကျေးဇူးရှင်တို့အား အဘိဓမ္မာတရားဖြင့် ကျေးဇူးဆပ်နေခြင်းဟုလည်း ဆိုနိုင်ပါသည်။

''လှပသော ဂန္ထဝင်ပန်းချီကားချပ်တစ်ခုထဲတွင် ပန်းချီဆရာ၏ ဝိညာဉ်ပါနေသည်''ဆိုသည့် စကားရပ်အတိုင်း စာတစ်အုပ်ရေးသားသူ၏ အရေးအသား အတွေးအခေါ်များသည် ထိုစာကို ဖန်တီးသူ စာရေးဆရာ၏ မေတ္တာ၊ စေတနာ၊ အကြင်နာနှင့်

mgyoe.com

mgyoe.com SAMPLE BOOK


နှလုံးသားအရည်အသွေးများကို ပေါ်လွင်ထင်ရှားစွာ မြင်တွေ့နေရပါသည်။ ထို့ကြောင့် ဤကျမ်းစာအုပ်သည် မိဘများမှသည် သားသမီးမြေးမြစ် မျိုးဆက်သစ်များအထိ လက်ဆင့်ကမ်းဖတ်ရှုပြီး ဘဝတိုက်ပွဲတွင် အောင်ပွဲအဆင့်ဆင့် ဆင်နွှဲနိုင်ကြစေရန် အမွေပေးသင့်သော လက်စွဲစာအုပ် ဖြစ်ပါသည်။ အဘိဓမ္မာတရားတော်ကို လေ့လာသင်ကြားဖူးသည့် ပါရမီဓာတ်ခံ အထုံပါရှိသူများသည် ''ပဋိသမ္ဘိဒါဉာဏ်''အတွက် ပါရမီမျိုးစေ့ကို ရရှိနိုင်ကြပါသည်။ ဂတာပစ္စာဂတာဝတ်၌လာသည့် အဋ္ဌကထာ မိန့်ဆိုထားခဲ့သည်မှာ သဂြိုဟ်ကိုးပိုင်းလုံးကို သိမ်းကျုံးနားလည်သော သူတို့သည် ဤဘဝ၌ပင် အကျွတ်တရားကိုရနိုင်ရန် ဓမ္မအဆောက်အအုံနှင့် ပြည့်စုံကြကုန်၏။ ဤဘဝ၌ အကျွတ်တရား မရရှိခဲ့လျှင် နတ်ပြည်၌ ကျွတ်တမ်းဝင်ကုန်လတ္တံ့။ ဤသာသနာမှ ကျန်ရှိသောသူတို့သည် သာသနာနောက်ကာလ၌ ပစ္စေကဗုဒ္ဓါဖြစ်၍ ကျွတ်လွတ်ကြကုန်လတ္တံ့။ ကျန်ရှိသော သူတို့သည် နောက်ဘုရားသာသနာ၌ ပညာတေဒဂ်၊ ထက်မြက်သီးသီး အကျော်ကြီးဖြစ်၍ ကျွတ်ကြကုန်လတ္တံ့ဟု ဖော်ပြပါရှိသဖြင့် ဤကျမ်းစာအုပ်ကို လေ့လာဖတ်ရှုသူများသည် လွန်စွာအားတက်ဖွယ် ဖြစ်ပါသည်။ ထို့ကြောင့် ''အဘိဓမ္မာဋီကာ ဝိသုဒ္ဓိမဂ်လာ တရားတော်များ အနှစ်ချုပ်'' ကျမ်းစာအုပ်ကို လေ့လာဖတ်ရှုကြပါဟု မေတ္တာဖြင့် တိုက်တွန်းလိုက်ရပါသည်။

**ဘုရားရှင်ကို ဦးတင်မပြတ် ကျေးဇူးဆပ်ဖို့**

- ➢ ဘုရားရှင်တော် မပွင့်ပေါ်လျှင် လူတော်အများ စိတ်ကောင်းထားလည်း ဤကားကုသိုလ်၊ အကုသိုလ်နှင့် ထိုထိုဘုံဘဝ မသိရများလှ အဖြစ်တွေ။
- ➢ ဘုရားရှင်တော် ပွင့်ထွန်းပေါ်၍ ဟောဖော်ညွှန်ကြား မြတ်တရားကြောင့်၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့် ထိုထိုဘုံဘဝ၊ သိကြရ များလှကျေးဇူးပေ။

ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဖို့၊ အမြတ်ရတနာ သာသနာ၏ နိုင်ရာဝန်ထမ်း ကိုယ်စီစွမ်း ကြိုးပမ်းကြပါလေဟု တိုက်တွန်းလိုက်ရပါသည်။

**ကျမ်းပြုအကျော်တောင်မြို့ဆရာတော်**

**ဒေါက်တာထွန်းထွန်းဦး**
မဟာသဒ္ဓမ္မဇောတိကဓဇ

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အဖွင့်

**ပရမတ္ထတရား ၄ ပါး**

ပရမတ်ဆိုတာက တကယ်အဟုတ်အမှန်ရှိတဲ့ သဘောတရားမျိုးကို ခေါ်ပါတယ်။ ပရမတ္ထတရား ၄ ပါးကတော့ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တွေဖြစ်ကြပါတယ်။ ကိုယ်ပိုင်ဉာဏ်နဲ့ မြင်တွေ့လာနိုင်တာကို ပရမတ္ထတရားလို့ခေါ်တယ်။ ကိုယ်တိုင် မြင်တွေ့နိုင်တယ်ဆိုတာ တကယ်ဝိပဿနာတရား အားထုတ်လို့ ကိုယ့်ဉာဏ်နဲ့ကိုယ်မြင်လာတာကို ဆိုလိုပါတယ်။ နိဗ္ဗာန်ဟာ နိဗ္ဗာန်ကို မျက်မှောက်မပြုသေးတဲ့ ပုဂ္ဂိုလ်တွေအတွက် ပရမတ် မဟုတ်သေးဘူး။ ပညတ်ပဲရှိပါသေးတယ်။ နိဗ္ဗာန် ရရပါလို၏လို့ အာရုံပြုတဲ့နိဗ္ဗာန်ဟာ တကယ့်နိဗ္ဗာန်အစစ်မဟုတ်ဘူး၊ ပညတ်နိဗ္ဗာန်ကို အာရုံပြုတာပါ။ ကိုယ်တိုင်မြင်မှ ပရမတ် ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၁)

# စိတ်ပိုင်း

## စိတ်

''အာရုံကို သိခြင်းမျှသဘောတရား''ကို စိတ်လို့ခေါ်ပါတယ်။ ဉာဏ်နဲ့သိတဲ့ အသိမဟုတ်သလို မှန်းသိတဲ့အသိမျိုးလည်း မဟုတ်ပါဘူး။ စိတ်နဲ့စေတသိက်က အမြဲတွဲ ဖြစ်ပါတယ်။ အဲဒီစိတ်ရဲ့ အမျိုးအစားတွေက အကျဉ်းဆို ၈၉ ပါး၊ အကျယ်ဆို ၁၂၁ ပါးရှိပါတယ်။ ကုသိုလ်စိတ်ဆိုတာက အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကိုပေးခြင်းနဲ့ ပြည့်စုံတဲ့စိတ်ကိုခေါ်တာပါ။ အကုသိုလ်စိတ်ဆိုတာက အပြစ်ရှိခြင်း၊ ကောင်းသောအကျိုးကို မပေးခြင်းတွေရှိတဲ့စိတ်ကို ခေါ်တာပါ။

## အကုသိုလ်စိတ် ၁၂ ပါး နိဒါန်း

အဘိဓမ္မာသင်ခြင်းကို အစိကကြိုက်နှစ်သက်သွားတာကတော့ အကုသိုလ်ကံ ဖြစ်စေတဲ့ အကုသိုလ်စိတ်နဲ့ စေတသိက်တွေကို နားလည်သွားခြင်းပါပဲ။ ကိုယ်လုပ်မိရင် သိတယ်၊ သူများလုပ်လည်း သတိထားမိတယ်။ အဲဒီအကုသိုလ်ကံဖြစ်စေတာတွေက ကျွန်မတို့ မထင်ထားတာတွေ အများကြီးပါပါတယ်။ သိပ်စိတ်ဝင်စားစရာကောင်းပါတယ်။ ကုသိုလ်ကတော့ သိဖို့ဒီလောက်မခက်ပါဘူး။ အကုသိုလ်ကံသိမှ ရှောင်ရှားလို့နိုင်တာပါ။ လုံးဝ ရှောင်နိုင်မလားဆိုတော့ မရှောင်နိုင်ပါဘူး။ လျှော့ပါးအောင်ပဲလုပ်နိုင်ပါတယ်။ မရှောင်ရင် ဘာဖြစ်မလဲဆိုတော့ ယခုဘဝမှ နိဗ္ဗာန်ရသည့်တိုင်အောင် အကုသိုလ်ကံရဲ့ အကျိုးကို ခံရမှာဖြစ်ပါတယ်။ ကိုယ်ပြုတဲ့ကံပေါ်မူတည်ပြီး ဘဝပေါင်းများစွာ ခံရတာ တွေလည်းရှိပါတယ်။ အပါယ်လေးဘုံသို့ရောက်စေပြီး အပါယ်လေးဘုံသည် အမြဲနေတဲ့အိမ် ဖြစ်လာတတ်ပါတယ်။

mgyoe.com

ဒီအကုသိုလ်ကံတွေကို ကာယကံ–ကိုယ်ဖြင့်ပြုလုပ်ခြင်း၊ ဝစီကံ–နှုတ်ဖြင့်ပြော ဆိုခြင်း၊ မနောကံ–စိတ်ဖြင့်ကြံစည်ခြင်း။ ဤသုံးမျိုးထဲက တစ်မျိုးနှစ်မျိုးအားလုံး စသည်ဖြင့် ပြုလုပ်ခြင်းဖြင့် ကံတွေမြောက်ကြပါတယ်။ အကုသိုလ်ကံတွေ ဖြစ်ကြရာမှာ အကုသိုလ် စိတ်နဲ့ အကုသိုလ်စေတသိက်တွေ အတူတွဲဖြစ်ပါတယ်။

အကုသိုလ်စိတ် ၁၂ ပါးမှာ –

- ✱ လောဘမူစိတ် – ၈ ပါး
- ✱ ဒေါသမူစိတ် – ၂ ပါးနဲ့
- ✱ မောဟမူစိတ် – ၂ ပါးတို့ဖြစ်ကြပါတယ်။

ဘယ်လိုအခါမျိုးမှာ ဒီစိတ်တွေဖြစ်တယ်ဆိုတာ လေ့လာကြည့်ထားသင့်ပါတယ်။ အောက်ပါအခြေအနေတွေမှာ အကုသိုလ်စိတ်ဖြစ်ပါတယ်ဆိုတာ မထင်ရတာမို့ နမူနာ တစ်ခုစီလေး ပြချင်ပါတယ်။

၁။ ရုပ်ရှင်ကို ပျော်ရွှင်စွာကြည့်နေသူမှာ လောဘမူစိတ်ဖြစ်ပါတယ်။

၂။ မလှူချင်မတန်းချင် တွန့်တိုမှုနဲ့ စိတ်ဆင်းရဲနေသူမှာ ဒေါသမူစိတ် ဖြစ်ပါတယ်။

၃။ တမလွန်ဘဝဆိုတာ ရှိမှ ရှိပါလေစလို့ ယုံမှားတွေးတောနေသူမှာ မောဟမူစိတ် ဖြစ်ပါတယ်။

စိတ်တို့သည် အလွန်ဖြစ်ပျက်မြန်ပါတယ်။ ဘုရားရှိခိုးနေစဉ် အရောင်းအဝယ် အမြတ်ကိစ္စ စဉ်းစားမိတဲ့အတွက် လောဘစိတ်ဖြစ်လာတတ်ပါတယ်။ ထို့ကြောင့် မိမိစိတ်ကို သတိထားပြီး အကုသိုလ်စိတ်တွေ နည်းပါးအောင် ပြုပြင်ကြရပါမယ်။

## လောဘမူစိတ် ၈ ပါး

အကုသိုလ်စိတ်တွေထဲက လောဘမူစိတ် ၈ ပါးမှာ အောက်ပါဝေါဟာရတွေကို သိထားသင့်ပါတယ်။

၁။ **သောမနဿ** – ရွှင်လန်းတက်ကြွစွာ

၂။ **ဥပေက္ခာ** – ရွှင်လန်းတက်ကြွမှုမရှိဘဲ တစ်ခါတလေ အကုသိုလ်ပြုတဲ့အခါမှာ ရွှင်လန်းတက်ကြွစွာလုပ်ပါတယ် (သောမနဿ)။

တစ်ခါတလေကျတော့ အကုသိုလ်မှန်းသိတယ်။ ဒါပေမဲ့ အခြေအနေအရ လုပ်လိုက်ရတဲ့အခါမှာ ရွှင်လန်းတက်ကြွမှုမပါဘဲ လုပ်ပါတယ် (ဥပေက္ခာ)။

ဥပမာ–သူတစ်ပါးဥစ္စာခိုးခြင်း။ ဒီအခြေအနေ (၁) နဲ့ (၂) မှာ အကုသိုလ် အားကြီးပုံခြင်းမတူညီပါ။ သောမနဿနဲ့ လုပ်ခြင်းက ပိုပြီး အပြစ်ကြီးပါတယ်။

## အကုသိုလ်စိတ် ၁၂ ပါး

### လောဘမူစိတ် ၈ ပါး

(၁) သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်
(၂) သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်
(၃) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်
(၄) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်
(၅) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်
(၆) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်
(၇) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ အသင်္ခါရိကစိတ်
(၈) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်

### ဒေါသမူစိတ် ၂ ပါး

(၁) ဒေါမနဿယဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်
(၂) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ်

### မောဟမူစိတ် ၂ ပါး

(၁) ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်
(၂) ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်

mgyoe.com

 mgyoe.com SAMPLE BOOK 

၃။ **ဒိဋ္ဌိဂတသမ္ပယုတ်** – အယူမှားခြင်း ဒိဋ္ဌိယှဉ်လျက် (ဒိဋ္ဌိဆိုတာက ကံ ကံ၏အကျိုးကို မယုံတာပါ။ သမ္ပယုတ်ဆိုတာက ယှဉ်တွဲလျက်ပါ)။ အဲဒီတော့ အတိအကျပြောရရင် ကံ ကံ၏အကျိုးကို မယုံတာပါ။

၄။ **ဒိဋ္ဌိဂတ ဝိပ္ပယုတ်** – အယူမှားခြင်း ဒိဋ္ဌိမယှဉ်ဘဲ (ဒိဋ္ဌိဆိုတာက ကံ ကံ၏အကျိုးကို မယုံတာပါ။ ဝိပ္ပယုတ်ဆိုတာက မယှဉ်တွဲတာပါ)။ အဲဒီတော့ အတိအကျပြောရရင် ကံ ကံ၏အကျိုးကို ယုံကြည်တာပါ။ တစ်ခါတလေ အကုသိုလ်လုပ်တဲ့အခါ အပြစ်မရှိပါဘူးဟု ကံ ကံ၏အကျိုးကို မယုံဘဲလုပ်တယ်။ ဥပမာ–သူတစ်ပါးပစ္စည်းခိုးယူလျှင် အပြစ်မရှိပါဘူးဆိုပြီး ကံ ကံ၏အကျိုးကို မယုံဘဲခိုးပါတယ်။ တစ်ခါတလေ အကုသိုလ်လုပ်ရင် အပြစ်ဖြစ်ကြောင်း သိပါတယ်။ ဥပမာ–သူတစ်ပါးပစ္စည်းခိုးယူလျှင် အပြစ်ရှိကြောင်း သိပါသော်လည်း (ကံ ကံ၏အကျိုးကို ယုံကြည်ပါသော်လည်း) စားဝတ်နေရေးကြောင့် ခိုးပါတယ်။ ဒီအခြေအနေ (၃) နဲ့ (၄) မှာ အကုသိုလ်အားကြီးပုံခြင်း မတူညီပါ။ ဒိဋ္ဌိဂတသမ္ပယုတ်နဲ့လုပ်ခြင်းက ပိုပြီး အပြစ်ကြီးပါတယ်။

၅။ **အသင်္ခါရိက** – သူတစ်ပါးတိုက်တွန်းမှုမပါဘဲ

၆။ **သသင်္ခါရိက** – သူတစ်ပါးတို့၏တိုက်တွန်းမှုဖြင့် ဒီအခြေအနေ (၅) နဲ့ (၆)မှာ အကုသိုလ်အားကြီးပုံခြင်း မတူညီပါ။ အသင်္ခါရိကနဲ့ လုပ်ခြင်းက ပို၍ အပြစ်ကြီးပါတယ်။

ခြုံငုံပြီး မေးခွန်းလေးတစ်ခု ဖြေကြည့်ရအောင်။

**မေးခွန်း**

သူတစ်ပါးပစ္စည်းကို ခိုးယူလျှင် အပြစ်ရှိသည်ဟု သိသော်လည်း စားဝတ်နေရေး မပြေလည်၍ ဖနီးသည်၏ နားပူနားဆာပြုမှုကြောင့် ရွှင်လန်းတက်ကြွမှုမရှိဘဲ သူတစ်ပါးပစ္စည်းခိုးယူသူ၏ သန္တာန်၌ဖြစ်သော စိတ်ကိုဖော်ပြပါ။

**အဖြေ**

သူတစ်ပါးပစ္စည်း ခိုးတယ်ဆိုကတည်းက ဒေါသမူ၊ မောဟမူ မဟုတ်တော့ပါ။ ဒါကြောင့် ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက လောဘမူစိတ် ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အကုသိုလ်စိတ် ၁၂

လောဘမူစိတ် ၈ ပါး | ဒေါသမူစိတ် ၂ ပါး | မောဟမူစိတ် ၂ ပါး

**လောဘမူစိတ် ၈ ပါး**

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်
၂။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်
၃။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်
၄။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်
၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်
၆။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်
၇။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်
၈။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်

**ဒေါသမူစိတ် ၂ ပါး**

အကုသိုလ်စိတ်တွေထဲက ဒေါသမူစိတ် ၂ ခုမှာ –

၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်
၂။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် တို့ဖြစ်ပါတယ်။

ဒေါမနဿ – စိတ်ဆင်းရဲခြင်းနှင့်တကွဖြစ်သော
ပဋိဃ – အမျက်ဒေါသယှဉ်လျက်

မိမိအလိုအလျောက် စိတ်ဆိုးစိတ်ပျက်သောအခါ "အသင်္ခါရိက" စိတ်ဖြစ်ပြီး သူတစ်ပါးက တိုက်တွန်းပြောဆိုမှ စိတ်ဆိုးစိတ်ပျက်သောအခါ "သသင်္ခါရိက"စိတ် ဖြစ်ပါတယ်။ ဥပမာပြုရလျှင် ပါဏာတိပါတာ (သတ္တဝါအသက်ကိုသတ်ခြင်း) စသော အကုသိုလ်ကို ပြုရာ၌ သူတစ်ပါးတို့ တိုက်တွန်းမှုမပါဘဲ ထက်မြက်သောစိတ်ထားဖြင့် ပြုလျှင် ဒေါသမူ အသင်္ခါရိကစိတ် ဖြစ်ပါတယ်။ သူတစ်ပါးတို့က တိုက်တွန်း၍ နူးညံ့သော စိတ်ထားဖြင့်ပြုလျှင် ဒေါသမူသသင်္ခါရိကစိတ် ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

**အထူးသတိပြုရမည်မှာ**

ခက်ထန်ကြမ်းတမ်းမှသာ ဒေါသမူစိတ်ဖြစ်ပေါ်သည်မဟုတ်ပါ။ မကျေနပ်ခြင်း၊ မကြိုက်နှစ်သက်ခြင်း၊ စိတ်ပျက်ခြင်းတို့သည်လည်း ဒေါသမူစိတ်ကို ဖြစ်ပေါ်စေပါတယ်။ ထို့ပြင် ပူဆွေးဝမ်းနည်းခြင်း (သောက)၊ ငိုကြွေးခြင်း (ပရိဒေဝ)၊ စိတ်နှလုံးမသာမယာခြင်း (ဒေါမနဿ)၊ လွန်ကဲစွာပူဆွေးခြင်း (ဥပါယာသ) တို့သည်လည်း ဆုတ်နစ်သော ဒေါသမူစိတ်ကို ဖြစ်စေတယ်။ ကာယကံများတွင် ပါဏာတိပါတ (သူ့အသက်သတ်မှု)၊ ဝစီကံများတွင် ဖရုသဝါစာ (ကြမ်းတမ်းစွာပြောဆိုမှု)၊ မနောကံများတွင် ဗျာပါဒ (သူတစ်ပါးသေကြေရန် ကြံစည်မှု) တို့၏ တရားကိုယ်မှာ ဒေါသဖြစ်ပါတယ်။

ခက်ထန်ကြမ်းတမ်းမှသာ ဒေါသမူစိတ်ဖြစ်သည် မဟုတ်ပါသဖြင့် ကျန်သော ဒေါသမူစိတ်ဖြစ်စေသော အကြောင်းများကိုလည်း သိထားသင့်ပါတယ်။ သေခါနီးအချိန်တွင် အကုသိုလ်စိတ်ဖြစ်ပြီး ဒေါသဖြင့်သေလျှင် အပါယ်ငရဲသို့ ကျမည်ဖြစ်ပါသဖြင့် ဒေါသစိတ်ဖြစ်စေသောအကြောင်းများကို သိထားပါက ထိုစိတ်မဖြစ်အောင် သတိနဲ့ ထိန်းနိုင်မှာ ဖြစ်ပါတယ်။

**မေးခွန်း (၁)** ဖနီးချက်ထားသောဟင်းကို မကြိုက်သဖြင့် မကျေမနပ်ဖြစ်နေသော ခင်ပွန်း၌ ဖြစ်ပေါ်နေသောစိတ်ကို ဖော်ပြပါ။

အဖြေ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ဒေါသမူစိတ်

**မေးခွန်း (၂)** မိမိတို့ဘာသာ တစ်ကောင်နဲ့တစ်ကောင် အနိုင်မခံ အရှုံးမပေး ခွပ်နေကြသော ကြက်နှစ်ကောင်၏ သန္တာန်၌ ခွပ်နေခိုက် ဖြစ်ပေါ်နေသော စိတ်ကို ဖော်ပြပါ။

အဖြေ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ဒေါသမူစိတ်

**မေးခွန်း (၃)** သူတစ်ပါး၏ စေခိုင်းမှုကြောင့် မလွှဲသာ၍ သူ့အသက်သတ်မှု ပြုနေသူ၏ သန္တာန်၌ ဖြစ်ပေါ်နေသောစိတ်ကို ဖော်ပြပါ။

အဖြေ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက ဒေါသမူစိတ်

**အကုသိုလ်စိတ် ၁၂**

| လောဘမူစိတ် ၈ ပါး | ဒေါသမူစိတ် ၂ ပါး | မောဟမူစိတ် ၂ ပါး |
|---|---|---|

**ဒေါသမူစိတ် ၂ ပါး**

၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်

၂။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ်

mgyoe.com

**မောဟမူစိတ် ၂ ပါး**

အကုသိုလ်စိတ်တွေထဲက မောဟမူစိတ် ၂ ခုမှာ –

၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်

၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် တို့ဖြစ်ကြပါတယ်။

မောဟမူစိတ် ၂ ခုလုံးမှာ ခံစားမှုက ဥပေက္ခာဖြစ်ပါတယ်။ ဥပေက္ခာဆိုတာ အလယ်အလတ်ခံစားမှုပါ။ ဝမ်းမြောက်တာလည်းမဟုတ်ဘူး၊ ဝမ်းနည်းတာလည်းမဟုတ်ပါဘူး။ မောဟမူ ပထမစိတ်က "ဝိစိကိစ္ဆာ" ယုံမှားခြင်းနဲ့ယှဉ်တယ်။ ဝိစိကိစ္ဆာဆိုတာက ဘုရားရှိခဲ့တာ တကယ်မှဟုတ်ရဲ့လား။ ဘုရားဟောတဲ့ သစ္စာလေးပါး တရားတွေဆိုတာ ဟုတ်မှဟုတ်ရဲ့လား စသည်ဖြင့် ယုံမှားတာ မဆုံးဖြတ်နိုင်တာမျိုးဖြစ်တယ်။ ဥပမာကတော့ တမလွန်ဘဝ ရှိမှရှိပါလေစဟု ယုံမှားတွေးတောနေသူမှာ ဖြစ်နေသောစိတ် ဖြစ်ပါတယ်။

ဒုတိယစိတ်က "ဥဒ္ဓစ္စ" ပျံ့လွင့်တုန်လှုပ်တတ်သောစိတ် ဖြစ်ပါတယ်။ အာရုံကို ရှင်းရှင်းလင်းလင်း မမြင်ဘူး။ စိတ်နဲ့အာရုံ ကပ်မနေဘူး။ အဲဒါ ခဏခဏ ဖြစ်တတ်ပါတယ်။ အထူးသဖြင့် တရားထိုင်တဲ့အခါ ဖြစ်တတ်ပါတယ်။

ဥပမာကတော့ ပြာပုံပေါ်၌ ခဲကျသောအခါ ပြာများ အထက်သို့ ပျံ့လွင့်လွင့်တက်လာသကဲ့သို့ ဥဒ္ဓစ္စစိတ်သည် အာရုံတစ်ခုပေါ်၌ ငြိမ်သက်စွာမတည်ဘဲ ဟိုအာရုံရောက်လိုက် ဒီအာရုံရောက်လိုက်ဖြင့် ပျံ့လွင့်နေတာ ဖြစ်ပါတယ်။

**မေးခွန်း (၁)**

ကံ ကံ၏အကျိုးတရားရှိလေသလား၊ မရှိလေသလားဟု ဖြစ်နေသော လှေနံနှစ်ဖက်နင်းသော်စိတ်ကို ဖော်ပြပါ။

**အဖြေ**

ကံ ကံ၏အကျိုးတို့ကို ယုံမှားသံသယဖြစ်နေခြင်းဖြစ်၍ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် မောဟမူစိတ် ဖြစ်ပါတယ်။ မောဟမူစိတ်များသည် အလွန် တွေဝေတတ်ပါတယ်။ သေခါနီးအချိန်မှာ မောဟစိတ်ဖြင့်သေလျှင် တိရစ္ဆာန်ဘဝသို့ရောက်ပါတယ်။ ကျွန်မတို့ အဘိဓမ္မာသင်ထားရင် ဒီလိုဝိစိကိစ္ဆာတွေ ဥဒ္ဓစ္စတွေဟာ မောဟမူ အကုသိုလ်စိတ်တွေဖြစ်မှန်း သိထားတဲ့အတွက် ဖြစ်လာရင် သတိနဲ့ပြန်ထိန်းနိုင်ပါမယ်။

တရားထိုင်တာများလာရင်တော့ ဥဒ္ဓစ္စနည်းသွားပြီး သတိအားကောင်းလာမှာပါ။ တရားထိုင်တဲ့အခါမှာ ဝီရိယလိုတာထက် ပိုပြီး အားထုတ်မိတဲ့အခါမှာလည်း စိတ်နဲ့အာရုံ ကွာသွားပြီး "ဥဒ္ဓစ္စ" ဖြစ်တတ်ပါတယ်။ အဘိဓမ္မာသင်ပြီးတဲ့နောက် ကျွန်မမှာ

mgyoe.com

mgyoe.com SAMPLE BOOK

ဝိစိကိစ္ဆာတွေ အတော်ပါးသွားတာတော့ သေချာပါတယ်။ သောတာပတ္တိမဂ်နဲ့မှ ဝိစိကိစ္ဆာကို ပယ်နိုင်မှာဖြစ်လို့ ကျွန်မတို့မှာ ဝိစိကိစ္ဆာတွေကတော့ ကျန်နေဦးမှာပါ။

အကုသိုလ်စိတ် ၁၂

လောဘမူစိတ် ၈ ပါး ဒေါသမူစိတ် ၂ ပါး မောဟမူစိတ် ၂ ပါး

**မောဟမူစိတ် ၂ ပါး**

၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်

၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်

**အဟိတ်စိတ် ၁၈ ပါး**

ဟိတ် = ဟေတု = အရင်းအမြစ်သဖွယ် ကျေးဇူးပြုတတ်သောတရား

"အဟိတ်စိတ်" ဆိုတာက ယှဉ်ဘက်ဟိတ်မရှိတဲ့စိတ်၊ လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟဆိုတဲ့ ဟိတ်တွေနဲ့ အတူတကွ မဖြစ်တဲ့စိတ်တွေပါ။

"ဝိပါက်စိတ်" ဆိုတာကတော့ ရှေးဘဝတွေက ပြုခဲ့တဲ့ကံတွေကြောင့် ဒီဘဝမှာ လာပြီးဖြစ်တဲ့စိတ်ကို ဝိပါက်စိတ်လို့ခေါ်ပါတယ်။ ရှေးဘဝတွေက အကုသိုလ်ကံရဲ့ အကျိုးစိတ်ကို အကုသလ ဝိပါက်စိတ်လို့ခေါ်ပြီး ကုသိုလ်ကံရဲ့ အကျိုးဖြစ်သောစိတ်ကိုတော့ အဟိတ်ကုသလဝိပါက်စိတ်လို့ ခေါ်ပါတယ်။

**၁။ အကုသလဝိပါက်စိတ်များ**

ရှေးဘဝတွေက ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကြောင့် အနိဋ္ဌာရုံ (မကောင်းတဲ့ အာရုံ) တွေ ယခုဘဝမှာ မြင်ရတာ ကြားရတာမျိုး ဖြစ်ပါတယ်။ ဒါကြောင့် မကောင်း တာတွေ မြင်ရ ကြားရရင် ကိုယ်က ဘယ်သူ့ကို အပြစ်တင်ရမလဲဆိုရင် ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်ရမယ်။

သြော် ကိုယ် ရှေးဘဝတွေတုန်းက မကောင်းတာလုပ်ခဲ့လို့ ဒီဘဝမှာ မကောင်းတဲ့ အနိဋ္ဌာရုံတွေ မြင်ရ ကြားရတာပါ။ (ဥပမာ–မီးလောင်တာတွေ မြင်ရတာ၊ မီးလောင်ခံ ရလို့ အော်ဟစ်တဲ့အသံတွေကြားရတာ)။ ဒီလိုပဲ မကောင်းတဲ့အနံ့တွေရတာ၊ မကောင်းတဲ့ အရသာတွေစားရတာတွေလည်း တူတူပဲ ဖြစ်တယ်။ နောက်တစ်ခုက ခန္ဓာကိုယ်မှာ ဒုက္ခဝေဒနာတွေ ခံစားရတာလည်း ရှေးဘဝတွေက ပြုခဲ့တဲ့ မကောင်းတဲ့အကုသိုလ်တွေ ကြောင့်ဖြစ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

### ၂။ အဟိတ်ကုသလဝိပါက်စိတ်များ

ရှေးဘဝတွေက ကိုယ်ပြုခဲ့တဲ့ကုသိုလ်ကြောင့် ဣဋ္ဌာရုံ (ကောင်းတဲ့အာရုံ) တွေ ယခုဘဝမှာ မြင်ရတာ ကြားရတာမျိုး ဖြစ်ပါတယ်။ ဒါကြောင့် ကောင်းတာလေးတွေ မြင်ရ ကြားရရင် ကိုယ့်ကံကိုပဲ ကျေးဇူးတင်ရမယ်။ ကိုယ့်ရှေးဘဝက ကုသိုလ်လုပ်ခဲ့လို့ ကုသိုလ်အကျိုးတွေ့ရတာပါ။ (ဥပမာ–သာယာလှပတဲ့ မြင်ကွင်းတွေမြင်ရတာ၊ သာယာ နာပျော်ဖွယ် သီချင်းသံကြားရတာ)။ ဒီလိုပဲ ကောင်းတဲ့အနံ့တွေရတာ၊ ကောင်းတဲ့အရသာ တွေစားရတာတွေလည်း တူတူပဲဖြစ်တယ်။ နောက်တစ်ခုက ခန္ဓာကိုယ်မှာ သုခဝေဒနာတွေ ခံစားရတာလည်း ရှေးဘဝတွေကပြုခဲ့တဲ့ ကောင်းတဲ့ကုသိုလ်တွေကြောင့် ဖြစ်တယ်။

### ၃။ အဟိတ်ကြိယာစိတ်များ

''ကြိယာစိတ်'' ဆိုတာကတော့ ''ဝိပါက်စိတ်''နဲ့ မတူပါဘူး။ ''ပြုကာမတ္တ ဖြစ်တဲ့စိတ်''ကို ဆိုလိုပါတယ်။ ဒီစိတ်က ကောင်းတဲ့အကျိုးလည်းမပေးပါဘူး။ မကောင်းတဲ့ အကျိုးလည်း မပေးပါဘူး။ ဒီအုပ်စုထဲမှာပါတဲ့ ''ဟသိတုပ္ပါဒ်စိတ်'' ဆိုတာက ''ဘုရား ရဟန္တာတွေ ပြုံးရယ်တဲ့စိတ်''ကိုခေါ်တာ ဖြစ်ပါတယ်။

**မေးခွန်း (၁)**

(က) ယခုအခါတွင် ရုပ်မြင်သံကြား၌ Lebanon နိုင်ငံတွင် ဖြစ်ပွားသော ပေါက်ကွဲ မှုတွင် သေဆုံးသူများပြီး ပြာကျသွားသည်အထိ ဖြစ်သည်ကို မြင်တွေ့ရသည့် အခါဖြစ်သည့် မြင်သိစိတ်ကိုဖော်ပြပါ။

**အဖြေ**

အနိဋ္ဌာရုံမြင်ရခြင်းဖြစ်သဖြင့် အကုသလဝိပါက် မြင်သိစိတ်ဖြစ်ပါတယ်။

(ခ) ဤအနိဋ္ဌာရုံကို ယောနိသောမနသိကာရဖြစ်အောင် မည်သို့ နှလုံးသွင်းသင့်ပါ သနည်း။

အနိဋ္ဌာရုံဖြစ်သဖြင့် စိတ်မချမ်းမသာ စိတ်ပျက်ခြင်းဖြစ်ပြီး ဒေါသဇော စောနိုင် ပါတယ်။ သတိဖြင့် ဤအနိဋ္ဌာရုံကို အနိစ္စ ဒုက္ခ အနတ္တ ဆင်ခြင် နှလုံးသွင်း ခြင်းဖြင့် ကိုယ့်ရဲ့စိတ်မှာ ယောနိသောမနိသိကာရဖြစ်အောင် နှလုံးသွင်းသင့် ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

**မေးခွန်း (၂)**

မိမိကြိုက်သော မွှေးကြိုင်သည့် ပန်းရနံ့ကိုရသောအခါဖြစ်သည့် အနံ့သိစိတ်ကို ဖော်ပြပါ။

**အဖြေ**

ကောင်းသော အနံ့သိစိတ်ဖြစ်သဖြင့် အဟိတ်ကုသလဝိပါက် အနံ့သိစိတ် ဖြစ်ပါသည်။

**အဟိတ်စိတ် ၁၈ ပါး**

**အကုသလဝိပါက်စိတ် ၇ ပါး**

(၁) ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် (မြင်သိစိတ်)
(၂) ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် (ကြားသိစိတ်)
(၃) ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် (အနံ့သိစိတ်)
(၄) ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ်စိတ် (အရသာသိစိတ်)
(၅) ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် (ထိသိစိတ်)
(၆) ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် (အာရုံလက်ခံစိတ်)
(၇) ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (အာရုံစူးစမ်းစိတ်)

**အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး**

(၁) ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် (မြင်သိစိတ်)
(၂) ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် (ကြားသိစိတ်)
(၃) ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် (အနံ့သိစိတ်)
(၄) ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ်စိတ် (အရသာသိစိတ်)
(၅) သုခသဟဂုတ် ကာယဝိညာဏ်စိတ် (ထိသိစိတ်)
(၆) ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် (အာရုံလက်ခံစိတ်)
(၇) ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (အာရုံစူးစမ်းစိတ်)
(၈) သောမနဿသဟဂုတ် သန္တီရဏစိတ် (အာရုံစူးစမ်းစိတ်)

**အဟိတ်ကြိယာစိတ် ၃ ပါး**

(၁) ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စသည်တို့၌ ထင်လာသော အာရုံများကို ဆင်ခြင် နှလုံးသွင်းတတ်သောစိတ်)
(၂) ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် (စိတ်၌ထင်လာသော အာရုံများကို ဆင်ခြင်နှလုံးသွင်းတတ်သောစိတ်)
(၃) သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် (မြတ်စွာဘုရားနှင့် ရဟန္တာများ ပြုံးရယ်သောစိတ်)

mgyoe.com

mgyoe.com SAMPLE BOOK

**ကာမာဝစရသောဘဏစိတ် ၂၄ ပါး**

**ကာမာဝစရ သောဘဏစိတ်**

"သောဘဏသစိတ်" ဆိုတာ ကောင်းတဲ့စိတ်တွေကို ခေါ်ပါတယ်။ ဘာလို့ ကောင်းတာလဲဆိုတော့ "အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟစိတ်" ဆိုတဲ့ ကောင်းတဲ့ဟိတ်တွေနဲ့ ယှဉ်လို့ပါ။

"ကာမာဝစရစိတ်" ဆိုတာကတော့ ကာမ ၁၁ ဘုံမှာ များသောအားဖြင့် ဖြစ်တတ်တဲ့စိတ်မျိုးကို ခေါ်ပါတယ်။ ကာမ ၁၁ ဘုံဆိုတာက အပါယ် ၄ ဘုံရယ်၊ လူ့ဘုံရယ်၊ နတ်ပြည် ၆ ထပ်ရယ် ပါပါတယ်။ အဲဒီ "ကာမာဝစရ သောဘဏစိတ်"က ၂၄ ပါး အပြားရှိပါတယ်။

၁။ မဟာကုသိုလ်စိတ် ၈ ပါး
၂။ မဟာဝိပါက်စိတ် ၈ ပါးနဲ့
၃။ မဟာကြိယာစိတ် ၈ ပါးတို့ဖြစ်ပါတယ်။

**မဟာကုသိုလ်စိတ်**

ဒါန၊ သီလ၊ ဘာဝနာတည်းဟူသော ကောင်းမှုကုသိုလ်လုပ်တိုင်း မဟာကုသိုလ်စိတ်ဖြစ်ပါတယ်။ မဟာကုသိုလ်ဆိုတာ ကြီးကျယ်မြင့်မြတ်သော ကုသိုလ်ပါ။

မဟာကုသိုလ်စိတ် (၈) ခုရှိတဲ့အထဲက အောက်ပါတို့ကို သိထားသင့်ပါတယ်။

၁။ သောမနဿ – ဝမ်းမြောက်ရွှင်လန်းစွာ
၂။ ဥပေက္ခာ – ဝမ်းမြောက်ဝမ်းနည်းမဖြစ်ဘဲ အလယ်အလတ် သဘော

"သောမနဿ" နဲ့ ကုသိုလ်လုပ်ခြင်းက "ဥပေက္ခာ" နဲ့ ကုသိုလ်လုပ်ခြင်းထက် ပို၍ ကုသိုလ်အကျိုးပေး ထက်သန်ပါတယ်။

၃။ ဉာဏသမ္ပယုတ် – ကံ ကံ၏အကျိုးကိုသိသော ဉာဏ်ဖြင့်ယှဉ်လျက်
၄။ ဉာဏဝိပ္ပယုတ် – ကံ ကံ၏အကျိုးကိုသိသော ဉာဏ်ဖြင့်မယှဉ်ဘဲ

"ဉာဏသမ္ပယုတ်" နဲ့ ကုသိုလ်လုပ်ခြင်းက "ဉာဏဝိပ္ပယုတ်" နဲ့ ကုသိုလ်လုပ်ခြင်းထက် ပို၍ ကုသိုလ်အကျိုးပေးထက်သန်ပါတယ်။

၅။ အသင်္ခါရိက – သူတစ်ပါးတိုက်တွန်းမှုမပါဘဲ
၆။ သသင်္ခါရိက – သူတစ်ပါးတို့၏ တိုက်တွန်းမှုဖြင့်

"အသင်္ခါရိက" နဲ့ ကုသိုလ်လုပ်ခြင်းက "သသင်္ခါရိက" နဲ့ ကုသိုလ်လုပ်ခြင်း ထက်ပိုပြီး ကုသိုလ်အကျိုးပေးထက်သန်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

**မေးခွန်း (၁)**

ဘုရား၌ ကံ ကံ၏အကျိုးကို ယုံကြည်လျက် ဝမ်းမြောက်ဝမ်းသာစွာ ဘုရားရှိခိုးဆွမ်းကပ်လှူနေသူ၏ စိတ်တွင်ဖြစ်သောစိတ်ကို ဖော်ပြပါ။

**အဖြေ**

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါတယ်။ ဘုရား၌ ကံ ကံ၏အကျိုးကို ယုံကြည်လျက် (ဉာဏသမ္ပယုတ်)၊ ဝမ်းမြောက်ဝမ်းသာစွာ (သောမနဿ)၊ တခြားသူ၏တိုက်တွန်းချက်မပါ၍ (အသင်္ခါရိက)

**မေးခွန်း (၂)**

သံဃာတော်များကြွလာသဖြင့် မိခင်က ရှိခိုးဟု ပြောဆိုတိုက်တွန်းမှုကြောင့် ပျော်ရွှင်စွာ သံဃာတော်များကို ရှိခိုးနေသော ကလေးငယ်လေး၌ဖြစ်သော စိတ်ကို ဖော်ပြပါ။

**အဖြေ**

သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ဖြစ်ပါတယ်။

**မဟာဝိပါက်စိတ်**

မဟာဝိပါက်စိတ်ဆိုတာကတော့ ဘဝတစ်ခုမှာလုပ်ခဲ့တဲ့ မဟာကုသိုလ်တွေကြောင့် နောင်ဘဝ ဘဝတွေမှာ အကျိုးခံစားရသည့်စိတ်များ ဖြစ်ပါတယ် (အကျိုးစိတ်သက်သက်)။

တစ်နည်းအားဖြင့် ဝိပါက်ဆိုတာက နောင်ဘဝတွေ၊ ဘဝတွေမှာ ဖြစ်တာဖြစ်တယ်။ ဒီဘဝမှာ ဖြစ်တာမဟုတ်ပါ။ ဒီဘဝမှာ ကုသိုလ်လုပ်လိုက်တယ်။ ဒီကုသိုလ်ရဲ့ ဘဝအကျိုးအဖြစ်ဖြင့် နောက်ဘဝမှာ သွားဖြစ်တယ်။ အဲဒီလိုဖြစ်တဲ့အခါမှာ ပထမဆုံးဖြစ်တဲ့စိတ်ဟာ ပဋိသန္ဓေစိတ်ဖြစ်ပါတယ်။ အဲဒီ ပဋိသန္ဓေစိတ်ဟာ ဝိပါက်စိတ်တွေပါပဲ။ ဒါကြောင့် ဒီမဟာဝိပါက်စိတ်ကလည်း မဟာကုသိုလ်စိတ်လိုပဲ ၈ ပါးရှိပါတယ်။

ကုသိုလ်တွေလုပ်တဲ့အခါမှာ ဉာဏသမ္ပယုတ်စိတ် (ကံ ကံ၏အကျိုးကို သိသောစိတ်) ဖြင့် ပြုလုပ်ခဲ့ကြပါလျှင် ''ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ်'' တစ်ပါးပါးဖြင့် ပဋိသန္ဓေနေပါတယ်။ ထိုကဲ့သို့သော ပဋိသန္ဓေစိတ်သည် အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃ ပါးနဲ့ယှဉ်တယ်။ အမောဟပါသဖြင့် ဉာဏ်ပညာနဲ့ယှဉ်တယ်။ ထိုပုဂ္ဂိုလ်ကို ''တိဟိတ်'' ပုဂ္ဂိုလ်လို့ ခေါ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကုသိုလ်တွေကိုလုပ်တဲ့အခါမှာ ဉာဏဝိပ္ပယုတ်စိတ်ဖြင့် ပြုလုပ်ခဲ့ပါလျှင် "ဉာဏဝိပ္ပယုတ်မဟာဝိပါက်စိတ်" တစ်ပါးပါးဖြင့် ပဋိသန္ဓေနေပါတယ်။ ထိုကဲ့သို့သော ပဋိသန္ဓေစိတ်သည် အလောဘနဲ့ အဒေါသ ဟိတ် ၂ ပါးနဲ့သာ ယှဉ်တယ်။ အမောဟမပါသဖြင့် ဉာဏ်ပညာနဲ့ မယှဉ်ပါ။ ထိုပုဂ္ဂိုလ်ကို "ဒွိဟိတ်" ပုဂ္ဂိုလ်လို့ ခေါ်တယ်။

## ကာမသောဘဏ ၂၄

**မဟာကုသိုလ်စိတ် ၈ ပါး**

(၁) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်
(၂) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်
(၃) သောမနဿနသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်
(၄) သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်
(၅) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်
(၆) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်
(၇) ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်
(၈) ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်

**မဟာဝိပါက်စိတ် ၈ ပါး**

မဟာကုသိုလ်စိတ်များနှင့် နာမည်တူတူပဲ ဖြစ်ပါသည်။ မဟာကုသိုလ်စိတ်နေရာတွင် "မဟာဝိပါက်စိတ်" ဟု ပြောင်းရန်သာဖြစ်ပါသည်။

**မဟာကြိယာစိတ် ၈ ပါး**

မဟာကုသိုလ်စိတ်များနှင့် နာမည်တူတူပဲ ဖြစ်ပါသည်။ မဟာကုသိုလ်စိတ်နေရာတွင် "မဟာကြိယာစိတ်" ဟု ပြောင်းရန်သာ ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

**မဟာကြိယာစိတ်**

ကာမာဝစရကုသိုလ်စိတ်တွေ ဘုရား ရဟန္တာရဲ့ သန္တာန်မှာဖြစ်တဲ့အခါကျတော့ မဟာကြိယာစိတ်လို့ခေါ်တာ ဖြစ်ပါတယ်။ ဥပမာ–ရှင်သာရိပုတ္တရာ (ရဟန္တာ) က တရားဟောတဲ့အခါမှာ မဟာကြိယာစိတ်ဖြစ်ပါတယ်။ ပုထုဇဉ်ဘုန်းကြီး ဒါမှမဟုတ် အောက်ဘက် အရိယာဘုန်းကြီးက တရားဟောတဲ့အခါမှာတော့ မဟာကုသိုလ်စိတ်ပဲ ဖြစ်ပါတယ်။ ထိုကဲ့သို့ ကွာခြားပါတယ်။

ကြိယာစိတ်ဆိုတာ ပြုတော့ပြုတယ်၊ ပြုတဲ့အတွက်ကြောင့်မို့ အကျိုးမပေးတော့ပါဘူး။ ရဟန္တာတစ်ပါးက ဘုရားရှိခိုးတယ်၊ တရားဟောတယ်၊ ကုသိုလ်မဖြစ်ဘူး၊ ကုသိုလ်မရဘူး။ ဘာကြောင့်လဲဆိုတော့ ရဟန္တာမှာ ကုသိုလ် အကုသိုလ်ကို ဖြစ်စေတဲ့ မူလအမြစ်သဘောတရားတွေကို အကုန်လုံးပယ်ထားပြီး ဖြစ်နေလို့ပါ။

**ရူပဝစရစိတ်၁၅ပါး**

ဒီစိတ်တွေက သာမန်လူတွေရတာမဟုတ်ဘဲ ထက်မြက်တဲ့ပုဂ္ဂိုလ်တွေ၊ တော်တဲ့ပုဂ္ဂိုလ်တွေ ရတဲ့စိတ်မျိုး ဖြစ်ပါတယ်။ ဒီစိတ်တွေက ရိုးရိုးဒါနပြုရုံ ဘုရားရှိခိုးရုံနဲ့ မရပါဘူး။ ဘာဝနာပါလာပါတယ်။ ဈာန်စိတ်တွေဆိုတာ သမထကမ္မဋ္ဌာန်းလုပ်မှ ရပါတယ်။ သမထကမ္မဋ္ဌာန်းဆိုတာ သမာဓိဖြစ်အောင်လုပ်တဲ့ ကမ္မဋ္ဌာန်းပါ။ ရုပ်နာမ်ရဲ့ အဖြစ်အပျက်ကို ရှုတာ မဟုတ်ပါဘူး။ သမထကမ္မဋ္ဌာန်းတိုင်းကလည်း ဈာန်ကိုရစေတာတော့ မဟုတ်ပါဘူး။ ဈာန်ဆိုတာ အာရုံကို စူးစူးစိုက်စိုက်ရှုတယ်။ ထိုကဲ့သို့ ရှုခြင်းဖြင့် နီဝရဏလို့ခေါ်တဲ့ အနှောင့်အယှက်တရားတွေကို လောင်ကျွမ်းစေနိုင်ပါတယ်။

''ရူပါဝစရစိတ်'' က ၁၅ ပါး အပြားရှိပါတယ်။

၁။ ရူပါဝစရ ကုသိုလ်စိတ် ၅ ပါး

၂။ ရူပါဝစရ ဝိပါက်စိတ် ၅ ပါးနဲ့

၃။ ရူပါဝစရ ကြိယာစိတ် ၅ ပါးတို့ဖြစ်ပါတယ်။

**ရူပါဝစရကုသိုလ်စိတ်များ**

၁။ **ပထမဈာန် ကုသိုလ်စိတ်** – ''ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ'' ဟူသော ဈာန်အင်္ဂါ ၅ ပါးနဲ့ပြည့်စုံသော ကုသိုလ်စိတ်။

mgyoe.com

၂။ **ဒုတိယဈာန် ကုသိုလ်စိတ်** – ဝိတက်မပါတော့ပါ။ ကျန်သည့် ဈာန်အင်္ဂါ ၄ ပါးဖြစ်သော ''ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ'' တို့နှင့်ပြည့်စုံသော ကုသိုလ်စိတ်။

၃။ **တတိယဈာန် ကုသိုလ်စိတ်** – ဝိတက်၊ ဝိစာရ မပါတော့ပါ။ ကျန်သည့် ဈာန်အင်္ဂါ ၃ ပါးဖြစ်သော ''ပီတိ၊ သုခ၊ ဧကဂ္ဂတာ'' တို့နှင့်ပြည့်စုံသော ကုသိုလ်စိတ်။

၄။ **စတုတ္ထဈာန် ကုသိုလ်စိတ်** – ဝိတက်၊ ဝိစာရ၊ ပီတိ မပါတော့ပါ။ ကျန်သည့် ဈာန်အင်္ဂါ ၂ ပါးဖြစ်သော ''သုခ၊ ဧကဂ္ဂတာ'' တို့နှင့်ပြည့်စုံသော ကုသိုလ်စိတ်။

၅။ **ပဉ္စမဈာန် ကုသိုလ်စိတ်** – စတုတ္ထဈာန်မှ သုခနေရာမှာ ဥပေက္ခာ ဖြစ်သွားပါတယ်။ ထို့ကြောင့် ဈာန်အင်္ဂါ ၂ ပါးဖြစ်သော ''ဥပေက္ခာ၊ ဧကဂ္ဂတာ''တို့နှင့်ပြည့်စုံသော ကုသိုလ်စိတ်တို့ ဖြစ်ပါတယ်။

**ဈာန်အင်္ဂါတစ်ခုချင်းစီအကြောင်း**

**၁။ ဝိတက်**

ဝိတက်ဟာ ရိုးရိုးပြောမယ်ဆိုရင် ကြံစည်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ကြံတယ်ဆိုတာ စိတ်ကို အာရုံဆီသို့ ခေါ်သွားခြင်း၊ တင်ပေးခြင်းဖြစ်ပါတယ်။

**၂။ ဝိစာရ**

အာရုံကိုသုံးသပ်ခြင်းသဘောပါ။ အဲဒီအာရုံပေါ်မှာ တရစ်ဝဲဝဲ လုပ်နေခြင်းဖြစ်ပါတယ်။ (ဥပမာ–ငှက်ကြီးတွေ ကောင်းကင်ပျံဖို့လုပ်တဲ့အခါ ပထမအတောင်ပံခတ်ပြီး နည်းနည်းသွားရတာက ''ဝိတက်သဘော''၊ ကောင်းကင်ပေါ်ရောက်တော့ လေဟုန်စီးပြီး ဝဲနေတာက ''ဝိစာရသဘော'' ဖြစ်ပါတယ်။)

**၃။ ပီတိ**

နှစ်သက်ခြင်းသဘော ဖြစ်ပါတယ်။

**၄။ သုခ**

ကောင်းသောအာရုံကို ခံစားခြင်းသဘော ဖြစ်ပါတယ်။ (ဥပမာ–ကန္တာရထဲမှာ ခရီးသွားနေတဲ့သူတစ်ယောက်သည် ရေငတ်နေသဖြင့် လူတစ်ယောက်ကိုတွေ့သောအခါ မေးပါတယ်။ ရေကန် ဘယ်မှာရှိပါသလဲဆိုတော့ ရှေ့တစ်မိုင်လောက်မှာရှိပါတယ်လို့ ဖြေပါတယ်။ ထိုသို့ကြားသည့်အချိန်မှစ၍ ရေကန်ရောက်သည်အထိ ကြားကာလမှာ

mgyoe.com SAMPLE BOOK

နှစ်သက်ဝမ်းသာနေတာသည် ''ပီတိသဘော'' ဖြစ်ပါတယ်။ ရေကန်ရောက်တော့ ရေသောက်ရေချိုးပြီး အရသာခံစားနေတာက ''သုခသဘော'' ဖြစ်ပါတယ်။ သုခက ခံစားခြင်းသဘော ဖြစ်ပါတယ်)

၅။ ဧကဂ္ဂတာ

စိတ်သည် အာရုံတစ်ခုတည်းပေါ်မှာ တည်နေတာဟာ ဧကဂ္ဂတာ ဖြစ်ပါတယ်။ သမာဓိနဲ့တူပါတယ်။ ဧကဂ္ဂတာ တကယ်ရတဲ့စိတ်သည် ဖရိုဖရဲမဖြစ်ပါ။

(ဥပမာ–အမှုန့်တွေဆို ဖရိုဖရဲလွင့်နိုင်တယ်။ အမှုန့်ထဲကို ရေလေးနဲ့ရောလိုက်တဲ့အခါ အမှုန့်တွေ တွဲကုန်တယ်။ ဒါကြောင့် အမှုန့်တွေကို တွဲအောင်ပေါင်းစုပေးတာ ဖရိုဖရဲဖြစ်ပြီး မလွင့်အောင်လုပ်ပေးတဲ့ ရေသည် ''ဧကဂ္ဂတာသဘော'' ဖြစ်ပါတယ်။

**ရူပါဝစရဝိပါက်စိတ်များ**

ရူပါဝစရဝိပါက်စိတ်ဆိုတာကတော့ ရူပဗြဟ္မာတို့၏ ပဋိသန္ဓေစိတ်များဖြစ်ပါတယ်။ ရူပါဝစရကုသိုလ်ဈာန်ကို ဝင်စားနိုင်တဲ့ အစွမ်းက သေသည်အထိရှိပြီးမှ စိတ်ညွတ်ပြီး သေခဲ့ရင်တော့ နောက်ဘဝ သက်ဆိုင်ရာဗြဟ္မာ့ဘုံမှာ သွားဖြစ်ပါမယ်။ (ဥပမာ–ပထမဈာန် ရပြီးသေလျှင် ပထမဈာန် ရူပဗြဟ္မာဘုံမှာ သွားဖြစ်ပါမယ်)။

**ရူပါဝစရကြိယာစိတ်များ**

ဤစိတ်တို့သည် ရူပဘုံ၌ အဖြစ်များသော်လည်း လူ့ဘုံ၌လည်း ဖြစ်နိုင်တယ်။ ဈာန်ရသည့် ''ရဟန္တာအရှင်မြတ်'' တို့၌ ဖြစ်ကြတယ်။

**အရူပါဝစရစိတ် ၁၂ ပါး**

ရူပဗြဟ္မာတွေက ရုပ်သာရှိတဲ့ ဗြဟ္မာရယ်၊ ရုပ်နာမ် ၂ မျိုးရှိတဲ့ ဗြဟ္မာတွေရယ် ဆိုပြီး ရှိပါတယ်။ ဘုံပိုင်းကျရင် အသေးစိတ် သိလာပါလိမ့်မယ်။

အရူပဗြဟ္မာတွေက ရုပ်လုံးဝ မရှိပါဘူး။ နာမ်သက်သက်ပဲရှိပါတယ်။ ရုပ် လုံးဝ မရှိတော့ ခန္ဓာကိုယ်နဲ့ပတ်သက်တဲ့ နာကျင်ကိုက်ခဲတာ၊ အိုတာတွေ မရှိဘူးပေါ့။ ဒါပေမဲ့ အစစ်အမှန် ချမ်းသာမျိုးတော့ မဟုတ်သေးပါဘူး။ ရူပါဝစရ ပဥ္စမဈာန်ရပြီးတော့မှ အရူပဈာန်ကို တက်လို့ရပါတယ်။

mgyoe.com

"အရူပါဝစရစိတ်"က ၁၂ ပါး အပြားရှိပါတယ်။

၁။ အရူပါဝစရ ကုသိုလ်စိတ် ၄ ပါး

၂။ အရူပါဝစရ ဝိပါက်စိတ် ၄ ပါးနဲ့

၃။ အရူပါဝစရကြိယာစိတ် ၄ ပါးတို့ဖြစ်ပါတယ်။

## ရူပါဝစရစိတ် ၁၅ ပါး

### ရူပါဝစရကုသိုလ်စိတ် ၅ ပါး

(၁) "ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ"ဟူသော ဈာန်အင်္ဂါ ၅ ပါးနှင့်ပြည့်စုံသော ပထမ ဈာန်ကုသိုလ်စိတ်။

(၂) "ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ" ဟူသော ဈာန်အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော ဒုတိယဈာန် ကုသိုလ်စိတ်

(၃) "ပီတိ၊ သုခ၊ ဧကဂ္ဂတာ" ဟူသော ဈာန်အင်္ဂါ ၃ ပါးနှင့် ပြည့်စုံသော တတိယဈာန် ကုသိုလ်စိတ်

(၄) "သုခ၊ ဧကဂ္ဂတာ"ဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော စတုတ္ထဈာန် ကုသိုလ်စိတ်

(၅) "ဥပေက္ခာ၊ ဧကဂ္ဂတာ" ဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ပဥ္စမဈာန် ကုသိုလ်စိတ်

### ရူပါဝစရဝိပါက်စိတ် ၅ ပါး

ရူပါဝစရကုသိုလ်စိတ်များနှင့် နာမည်အတူ တူပဲဖြစ်ပါသည်။ ရူပါဝစရ ကုသိုလ်စိတ် နေရာ၌ "ရူပါဝစရ ဝိပါက်စိတ်"ဟုပြောင်းရန်သာဖြစ်ပါသည်။

### ရူပါဝစရကြိယာစိတ် ၅ ပါး

ရူပါဝစရကုသိုလ်စိတ်များနှင့် နာမည်အတူ တူပဲဖြစ်ပါသည်။ ရူပါဝစရ ကုသိုလ်စိတ် နေရာ၌ "ရူပါဝစရ ကြိယာစိတ်"ဟုပြောင်းရန်သာဖြစ်ပါသည်။

mgyoe.com

**အရူပါဝစရကုသိုလ်စိတ်များ**

အရူပါဝစရ ကုသိုလ်စိတ် ၄ ပါးရှိပါတယ်။ ၄ ပါးလုံးသည် ဥပေက္ခာ၊ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ၂ ပါးနဲ့ပြည့်စုံသော ''ပဉ္စမဈာန်'' စိတ်များသာ ဖြစ်ကြပါတယ်။

၁။ ''ဥပေက္ခာ၊ ဧကဂ္ဂတာ'' ဈာန်အင်္ဂါ ၂ ပါးနဲ့ပြည့်စုံသော ''အာကာသာနဉ္စာယတန'' ကုသိုလ်စိတ်

၂။ ''ဥပေက္ခာ၊ ဧကဂ္ဂတာ'' ဈာန်အင်္ဂါ ၂ ပါးနဲ့ပြည့်စုံသော ''ဝိညာဏဉ္စာယတန'' ကုသိုလ်စိတ်

၃။ ''ဥပေက္ခာ၊ ဧကဂ္ဂတာ'' ဈာန်အင်္ဂါ ၂ ပါးနဲ့ပြည့်စုံသော ''အာကိဉ္စညာယတန'' ကုသိုလ်စိတ်

၄။ ''ဥပေက္ခာ၊ ဧကဂ္ဂတာ'' ဈာန်အင်္ဂါ ၂ ပါးနဲ့ပြည့်စုံသော ''နေဝသညာနာသညာယတန'' ကုသိုလ်စိတ်တို့ ဖြစ်ပါတယ်။

**အရူပါဝစရဝိပါက်စိတ်များ**

အရူပါဝါစရိဝိပါက်စိတ်ဆိုတာကတော့ အရူပပြဟ္မာတို့၏ ပဋိသန္ဓေစိတ်များ ဖြစ်ပါတယ်။ အရူပါဝါစရကုသိုလ်ဈာန်ကို ဝင်စားနိုင်တဲ့ အစွမ်းက သေသည်အထိရှိပြီးမှ စိတ်ညွတ်ပြီး သေခဲ့ရင်တော့ နောက်ဘဝ သက်ဆိုင်ရာ ပြဟ္မာ့ဘုံမှာ သွားဖြစ်ပါမယ်။

**အရူပါဝစရ ကြိယာစိတ်များ**

ဤစိတ်တို့သည် အရူပဘုံ၌ အဖြစ်များသော်လည်း လူ့ဘုံ၌လည်းဖြစ်နိုင်တယ်။ ဈာန်ရသည့် ''ရဟန္တာအရှင်မြတ်''တို့၌လည်း ဖြစ်ကြပါတယ်။

**ချမ်းသာမှုအဆင့်ဆင့်**

မြတ်စွာဘုရားက ချမ်းသာမှုအမျိုးမျိုးကို ဟောတဲ့အခါမှာ –

- ကာမဂုဏ်အာရုံတွင် ခံစားတဲ့ချမ်းသာ
- အဲဒီထက်ကောင်းတာက ရူပါဝစရပထမဈာန်
- ပြီးတော့ ရူပါဝစရ ဒုတိယဈာန်
- အဲလိုနဲ့ တစ်ဆင့်ချင်းတက်သွားရင် အရူပါဝစရ စတုတ္ထစိတ်ရဲ့ ဈာန်ချမ်းသာဟာ လောကီချမ်းသာမှာ အမြင့်ဆုံးပါတဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

**ချမ်းသာအစစ်**

မြတ်စွာဘုရားက ချမ်းသာမှုအဆင့်ဆင့်ကို ကိုယ်တိုင် အကုန်လုံး ခံစားဖူးလာပြီးပြီ ဖြစ်ပါတယ်။ ဒါကြောင့် လောကီချမ်းသာမှာ အမြင့်ဆုံးဖြစ်တဲ့ အရူပါဝစရ စတုတ္ထစိတ်ကြောင့်ရတဲ့ ဈာန်ချမ်းသာတောင်မှ တကယ့်တကယ်က သင်္ခါရဒုက္ခ ဖြစ်ပါတယ်တဲ့။ ဒီဈာန်က ဆင်းရဲမှုရှိပါသေးတယ်။ မမြဲဘူး။ တစ်ကြိမ်မှာ ချုပ်ပျောက်သွားရသေးတယ်။ ဖြစ်ခြင်းပျက်ခြင်း အနှိပ်စက်ခံရသေးတယ်။ ဒါကြောင့် မြတ်စွာဘုရားက ချမ်းသာအစစ်ကတော့ နိဗ္ဗာန်ချမ်းသာ ဖြစ်ပါတယ်လို့ ဟောကြားတော်မူခဲ့ပါတယ်။

**အရူပါဝစရစိတ် ၁၂ ပါး**

| **အရူပါဝစရကုသိုလ်စိတ် ၄ ပါး** | **အရူပါဝစရဝိပါက်စိတ် ၄ ပါး** | **အရူပါဝစရကြိယာစိတ် ၄ ပါး** |
|---|---|---|
| (၁) ဥပေက္ခာ၊ ဧကဂ္ဂတာ "ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော အာကာသာနဉ္စာယတန ကုသိုလ်စိတ် (၂) ဥပေက္ခာ၊ ဧကဂ္ဂတာ "ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ဝိညာဏဉ္စာယတန ကုသိုလ်စိတ် (၃) ဥပေက္ခာ၊ ဧကဂ္ဂတာ "ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော အာကိဉ္စညာယတန ကုသိုလ်စိတ် (၄) ဥပေက္ခာ၊ ဧကဂ္ဂတာ "ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော နေဝသညာနာသညာယတန ကုသိုလ်စိတ် | အရူပါဝစရကုသိုလ်စိတ်များနှင့် နာမည်အတူတူပဲဖြစ်ပါသည်။ အရူပါဝစရ ကုသိုလ်စိတ်နေရာ၌ "အရူပါဝစရ ဝိပါက်စိတ်"ဟုပြောင်းရန်သာဖြစ်ပါသည်။ | အရူပါဝစရကုသိုလ်စိတ်များနှင့် နာမည်အတူတူပဲဖြစ်ပါသည်။ အရူပါဝစရ ကုသိုလ်စိတ်နေရာ၌ "အရူပါဝစရ ကြိယာစိတ်"ဟုပြောင်းရန်သာဖြစ်ပါသည်။ |

mgyoe.com

mgyoe.com SAMPLE BOOK

**အရူပါဝစရ ပြဟ္မာတို့၏သက်တမ်း**

အရူပ ၄ ဘုံအနက် အမြင့်ဆုံးဘုံဖြစ်သော၊ သက်တမ်းအရှည်ဆုံးဖြစ်သော "နေဝသညာနာ သညာယတနဘုံ"ရှိ အရူပပြဟ္မာတို့၏သက်တမ်းမှာ ကမ္ဘာပေါင်း ၈၄၀၀၀ ဖြစ်တယ်။

**ရုပ်ပြစ်ရှစ်ပါးတွင်ပါရှိခြင်း**

အရူပဘုံ၌ ရုပ်ခန္ဓာမရှိဘဲ နာမ်ချည်းသက်သက်သာဖြစ်၍ "ပုထုဇဉ်အနေဖြင့် ရောက်ရှိသွားပါက 'ဘုရားဖူးရန်၊ တရားနာရန် ရုပ်မပါဝင်သဖြင့် ဘုရားပွင့်လျှင်လည်း ဖူးလို့မရ၊ တရားလည်းမနာနိုင်သည့်အတွက် သောတာပတ္တိမဂ်မရနိုင်ပေ၊ သက်တမ်းလည်း အလွန်ရှည်သဖြင့် ဘုရားအဆူဆူနဲ့ လွဲရတယ်။ ထို့ကြောင့် အရူပဘုံသည် "ရုပ်ပြစ်ရှစ်ပါး" တွင်ပါဝင်ပါတယ်။

**လောကုတ္တရာစိတ်အကျဉ်း ၈ ပါး**

**လောကုတ္တရာတရား**

ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော "လောကမှလွတ်မြောက်တဲ့တရား" ကို "လောကုတ္တရာတရား"လို့ ခေါ်ပါတယ်။ ဥပါဒါနက္ခန္ဓာ ၅ ပါးဆိုတာက တဏှာ၊ ဒိဋ္ဌိနဲ့ စွဲလမ်းလို့ရတဲ့ မြင်နေသမျှ တွေကြုံနေတာ မှန်သမျှကို ခေါ်တာပါ။

**လောကုတ္တရာတရား ၉ ပါး**

မဂ် ၄ ပါး၊ ဖိုလ် ၄ ပါး၊ နိဗ္ဗာန်

**လောကုတ္တရာစိတ် အကျဉ်း ၈ ပါး**

မဂ်စိတ် ၄ ပါး – လောကုတ္တရာကုသိုလ်စိတ်
ဖိုလ်စိတ် ၄ ပါး – လောကုတ္တရာဝိပါက်စိတ်

**မဂ်စိတ် ၄ ပါး (အကျဉ်းနည်း)**

၁။ သောတာပတ္တိမဂ်စိတ်
၂။ သကဒါဂါမိမဂ်စိတ်
၃။ အနာဂါမိမဂ်စိတ်
၄။ အရဟတ္တမဂ်စိတ်

mgyoe.com

ဒီမဂ်စိတ် ၄ ပါးကိုရဖို့ရန် ဝိပဿနာတရားကို အားထုတ်မှရပါမယ်။ မဂ်စိတ်သည် နိဗ္ဗာန်ကို အာရုံပြုပါတယ်။ ဝိပဿနာကတော့ ရုပ်နာမ်တရားကိုသာ အာရုံပြုပါတယ်။ မဂ်စိတ်ဖြစ်တဲ့ အချိန်အခိုက်အတန့်လေးဟာ ၁ စက္ကန့်ရဲ့ အပုံတစ်သန်းပုံပုံရင် တစ်ပုံတောင် ကြာချင်မှကြာပါမယ်။ ဒါပေမဲ့ ဒီစိတ်ဟာ သိပ်ပြီးထက်တဲ့စိတ်ဖြစ်တော့ မဂ်စိတ်ဟာ ဖြစ်တာနဲ့တစ်ပြိုင်နက် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို အာရုံပြုပါတယ်။ အာရုံပြုတာနဲ့ အဲဒီမဂ်နဲ့ဆိုင်တဲ့ ကိလေသာတွေကို အပြီးသတ်ပယ်ပါတယ်။ ဒီမဂ်စိတ်ဖြစ်တာနဲ့ ဒီပုဂ္ဂိုလ်ဟာ ပုထုဇဉ်မဟုတ်တော့ဘဲ အရိယာဖြစ်သွားပါပြီ။

မဂ်ရတာနဲ့ တစ်ပြိုင်နက် နောက်ကဖိုလ်စိတ်ဟာ ၂ ကြိမ် ဒါမှမဟုတ် ၃ ကြိမ်ဖြစ်ပါတယ်။ မဂ်ကပယ်လိုက်တဲ့ ကိလေသာတွေကို ဖိုလ်က ထပ်ငြိမ်းစေတဲ့သဘော ဖြစ်ပါတယ်။ မဂ်စိတ်ဟာ တစ်ကြိမ်ပဲ ခဏလေးသာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ နိဗ္ဗာန်ကို အာရုံပြုပြီး ချမ်းချမ်းသာသာလေး နေချင်တဲ့အခါ ဖိုလ်စိတ်ဖြစ်ပါတယ်။ အဲဒါကို ဖိုလ်ဝင်စားတယ်ခေါ်ပါတယ်။ စာစကားနဲ့ပြောရင်တော့ ဖလသမာပတ် ဝင်စားတယ်ပြောပါတယ်။ မဂ်စိတ်ကအကြောင်း၊ ဖိုလ်စိတ်က အကျိုးဖြစ်ပါတယ်။

## ဖိုလ်စိတ် ၄ ပါး (အကျဉ်းနည်း)

၁။ သောတာပတ္တိဖိုလ်စိတ်

၂။ သကဒါဂါမိဖိုလ်စိတ်

၃။ အနာဂါမိဖိုလ်စိတ်

၄။ အရဟတ္တဖိုလ်စိတ်

မဂ် ၄ ပါးသည် အစဉ်နဲ့တက်ရပါတယ်။ ကျော်၍မရပါ။ အစဉ်တိုင်း ကျင့်ကြံ အားထုတ်ပြီးမှ နောက်ဆုံး အရဟတ္တဖိုလ်ကို ရပါတယ်။

၁။ သောတာပတ္တိမဂ်သည် ကိလေသာဆယ်ပါးတွင် ''ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ''တို့ကို အကြွင်းမရှိပယ်တယ်။

၂။ သကဒါဂါမိမဂ်သည် ရုန့်ရင်းသော ကာမရာဂ ခေါ် ကာမဂုဏ်တို့၌ တပ်မက်သော ''တဏှာနဲ့ ဗျာပါဒ ခေါ် ဒေါသကိလေသာတို့ကို ခေါင်းပါးသည်''အဖြစ်သို့ ရောက်စေပါတယ်။

၃။ အနာဂါမိမဂ်သည် သိမ်မွေ့သော ကာမရာဂ ခေါ် ကာမဂုဏ်တို့၌ တပ်မက်သော ''တဏှာနဲ့ ဗျာပါဒ ခေါ် ဒေါသကိလေသာတို့ကို အကြွင်းမဲ့''ပယ်သတ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

၄။ အရဟတ္တမဂ်သည် ကြွင်းကျန်သောကိလေသာအားလုံး (မာန၊ ဥဒ္ဒစ္စ၊ အဝိဇ္ဇာ၊ ရူပရာဂ၊ အရူပရာဂ) တို့ကို အကြွင်းမဲ့ ပယ်သတ်ပါတယ်။

**မှတ်ချက်** ။ ။ အနာဂါမိမဂ်ရမှ ဒေါသကို အကြွင်းမဲ့ပယ်နိုင်ပါတယ်။
အရဟတ္တမဂ်ရမှသာလျှင် မာန၊ ဥဒ္ဒစ္စလောဘကို ပယ်နိုင်ပါတယ်။

**လောကုတ္တရာစိတ်အကျဉ်း ၈ ပါး**

| **လောကုတ္တရာမဂ်စိတ် ၄ ပါး** | **လောကုတ္တရာဖိုလ်စိတ် ၄ ပါး** |
|---|---|
| ၁။ သောတာပတ္တိမဂ်စိတ် | ၁။ သောတာပတ္တိဖိုလ်စိတ် |
| ၂။ သကဒါဂါမိမဂ်စိတ် | ၂။ သကဒါဂါမိဖိုလ်စိတ် |
| ၃။ အနာဂါမိမဂ်စိတ် | ၃။ အနာဂါမိဖိုလ်စိတ် |
| ၄။ အရဟတ္တမဂ်စိတ် | ၄။ အရဟတ္တဖိုလ်စိတ် |

**လောကုတ္တရာစိတ်အကျယ်၄၀**

ကျွန်မတို့ အဘိဓမ္မာစာမေးပွဲတွေ ဖြေဆိုချိန်က သေချာနားမလည်သေးတော့ လောကုတ္တရာစိတ်ဆိုရင် အကျဉ်း ၈ ပါး၊ အကျယ်ဆိုရင် ၄၀ ပါးဆိုပြီး ကျက်လိုက်တာပါပဲ၊ ဋီကာကျော်သင်မှ အသေးစိတ်နားလည်လာခဲ့ပါတယ်။ ပထမဆုံး အရင်သိထားသင့်တာကတော့ ဈာန်စိတ်နဲ့ မဂ်စိတ်ပါ။

**ဈာန်စိတ်နဲ့ မဂ်စိတ်**

မဂ်စိတ်ပေါ်တဲ့အခါမှာ အဲဒီမဂ်စိတ်တွေဟာ ဈာန်အင်္ဂါရဲ့ စေတသိက်တွေနဲ့ ယှဉ်ပါတယ်။ ထိုသို့ယှဉ်တဲ့အခါ ဈာန်အင်္ဂါ ၅ ပါးလုံးရှိရင် အဲဒီမဂ်စိတ်ကို ပထမဈာန် မဂ်စိတ်လို့ ခေါ်ပါတယ်။

ဥပမာ–ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးနဲ့ပြည့်စုံသော ပထမဈာန် သောတာပတ္တိမဂ်စိတ်။ တကယ်တော့ ဈာန်စိတ်က မဂ်စိတ်မဟုတ်ပါဘူး။ မဂ်စိတ်ဟာ ဈာန်စိတ်မဟုတ်ပါဘူး။ ဈာန်ဟာ ဈာန်ပဲ၊ မဂ်ဟာ မဂ်ပဲ။

ဥပမာ–ပထမဈာန်နဲ့တူတဲ့ မဂ်စိတ်ကိုခေါ်တယ်ဆိုပါစို့။ ဘယ်လိုတူတာလဲ ဆိုတော့ ရူပါဝစရ ပထမဈာန်က ဈာန်အင်္ဂါ ၅ ပါးနဲ့ ယှဉ်သလို ဒီမဂ်စိတ်ကလည်း ဈာန်အင်္ဂါ ၅ ပါးနဲ့ ယှဉ်ပါတယ်။ ဒါကြောင့် ပထမဈာန်မဂ်စိတ်လို့ ခေါ်ပါတယ်။

+++++

mgyoe.com

mgyoe.com SAMPLE BOOK

လောကုတ္တရာစိတ်မှာ အကျဉ်းအကျယ်ရှိပါတယ်။ အောက်မှာရှင်းပြထားပါတယ်။ နံပါတ် (၁) က အကျဉ်း ၈ ပါးဖြစ်ရခြင်းအကြောင်းပါ။ အကျဉ်း ၈ ပါးကို စိတ်ပိုင်း အပိုင်း (၉) မှာ ဖော်ပြထားပါတယ်။

နံပါတ် (၂) က အကျယ် ၄၀ ဖြစ်ရခြင်းအကြောင်းပါ။

(၁) လောကုတ္တရာစိတ် အကျဉ်း ၈ ပါး ဖြစ်ရပုံမှာ–

ဈာန်မရဘဲနဲ့ ဝိပဿနာတန်းအားထုတ်တဲ့ပုဂ္ဂိုလ်သည် မဂ်ရတဲ့အခါကျတော့ ပထမဈာန်နဲ့တူတဲ့ မဂ်စိတ်ချည်းဖြစ်ပါတယ်။ အကျိုးဖြစ်တဲ့ ဖိုလ်စိတ်လည်း ပထမဈာန်နဲ့ တူတဲ့ ဖိုလ်စိတ်ချည်းပဲ ဖြစ်ပါမယ်။ ဥပမာ–သောတာပတ္တိမဂ်စိတ်ရလျှင် ပထမဈာန်နဲ့တူတဲ့ ဈာန်အင်္ဂါ ၅ ပါးပါသော သောတာပတ္တိမဂ်စိတ် ဖြစ်ပါတယ်။ သောတာပတ္တိဖိုလ်စိတ်ရလျှင် ပထမဈာန်နဲ့တူတဲ့ ဈာန်အင်္ဂါ ၅ ပါးပါသော သောတာပတ္တိဖိုလ်စိတ်ဖြစ်ပါတယ်။ အဲဒီတော့ ပထမဈာန်နဲ့တူတဲ့ မဂ် ၄ ပါး + ပထမဈာန်နဲ့တူတဲ့ ဖိုလ် ၄ ပါး = ပေါင်း ၈ ပါး ဖြစ်ပါတယ်။

| **မဂ်စိတ် ၄ ပါး** | **ဖိုလ်စိတ် ၄ ပါး** |
|---|---|
| ၁။ သောတာပတ္တိမဂ်စိတ် | ၁။ သောတာပတ္တိဖိုလ်စိတ် |
| ၂။ သကဒါဂါမိမဂ်စိတ် | ၂။ သကဒါဂါမိဖိုလ်စိတ် |
| ၃။ အနာဂါမိမဂ်စိတ် | ၃။ အနာဂါမိဖိုလ်စိတ် |
| ၄။ အရဟတ္တမဂ်စိတ် | ၄။ အရဟတ္တဖိုလ်စိတ် |

(၂) လောကုတ္တရာစိတ်အကျယ် ၄၀ ဖြစ်ပုံမှာ –

ဈာန်ရပြီးမှ ဝိပဿနာနဲ့ မဂ်ရအောင်အားထုတ်တဲ့ပုဂ္ဂိုလ်ကျတော့ မဂ်စိတ် ဖိုလ်စိတ်တစ်ခုစီသည် ဈာန် ၅ ပါး စီးပွားသွားနိုင်ပါတယ်။

ဥပမာ–သောတာပတ္တိမဂ်စိတ်ဆိုပါက

၁။ ပထမဈာန်နဲ့ယှဉ်သော သောတာပတ္တိမဂ်စိတ်
၂။ ဒုတိယဈာန်နဲ့ယှဉ်သော သောတာပတ္တိမဂ်စိတ်
၃။ တတိယဈာန်နဲ့ယှဉ်သော သောတာပတ္တိမဂ်စိတ်
၄။ စတုတ္ထဈာန်နဲ့ယှဉ်သော သောတာပတ္တိမဂ်စိတ်
၅။ ပဉ္စမဈာန်နဲ့ယှဉ်သော သောတာပတ္တိမဂ်စိတ်

ဟူ၍ ဖြစ်နိုင်ပါတယ်။ အလားတူပင် သကဒါဂါမိမဂ်စိတ် ၅ ပါး၊ အနာဂါမိမဂ်စိတ် ၅ ပါး၊ အရဟတ္တမဂ်စိတ် ၅ ပါး။ ထို့ကြောင့် မဂ်စိတ်အကျယ် ၂၀ ရှိပါတယ်။ လောကုတ္တရာစိတ်အကျယ် ၄၀ ပါး။

\+ + + + +

mgyoe.com

mgyoe.com SAMPLE BOOK

မဂ်စိတ် ၂၀ ပါး (ဈာန် ၅ × မဂ် ၄)
ဖိုလ်စိတ် ၂၀ ပါး (ဈာန် ၅ × ဖိုလ် ၄) ဖြစ်ပါတယ်။

လောကုတ္တရာစိတ်အကျယ် ၄၀

မဂ်စိတ်အကျယ် ၂၀

(၁) "ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ"ဟူသော ဈာန်အင်္ဂါ ၅ ပါးနှင့် ပြည့်စုံသော ပထမဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ်
(၂) "ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ" ဟူသော ဈာန်အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော ဒုတိယဈာန်နှင့်ယှဉ်သည့် သောတာပတ္တိ မဂ်စိတ်
(၃) "ပီတိ၊ သုခ၊ ဧကဂ္ဂတာ"ဟူသော ဈာန်အင်္ဂါ ၃ ပါးနှင့် ပြည့်စုံသော တတိယဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ်
(၄) "သုခ၊ ဧကဂ္ဂတာ" ဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော စတုတ္ထဈာန်နှင့် ယှဉ်သည့် သောတာပတ္တိမဂ်စိတ်
(၅) "ဥပေက္ခာ၊ ဧကဂ္ဂတာ" ဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော ပဉ္စမဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ်

အလားတူပင်
သကဒါဂါမိမဂ်စိတ် ၅ ပါး
အနာဂါမိမဂ်စိတ် ၅ ပါး
အရဟတ္တမဂ်စိတ် ၅ ပါး
ထို့ကြောင့် မဂ်စိတ်အကျယ် ၂၀ ရှိ၏။

ဖိုလ်စိတ်အကျယ် ၂၀

(၁) "ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ"ဟူသော ဈာန်အင်္ဂါ ၅ ပါးနှင့် ပြည့်စုံသော ပထမဈာန်နှင့်ယှဉ်သည့် သောတာပတ္တိဖိုလ်စိတ်
(၂) "ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ" ဟူသော ဈာန်အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော ဒုတိယဈာန်နှင့်ယှဉ်သည့် သောတာပတ္တိ ဖိုလ်စိတ်
(၃) "ပီတိ၊ သုခ၊ ဧကဂ္ဂတာ"ဟူသော ဈာန်အင်္ဂါ ၃ ပါးနှင့် ပြည့်စုံသော တတိယဈာန်နှင့်ယှဉ်သည့် သောတာပတ္တိဖိုလ်စိတ်
(၄) "သုခ၊ ဧကဂ္ဂတာ" ဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော စတုတ္ထဈာန်နှင့် ယှဉ်သည့် သောတာပတ္တိဖိုလ်စိတ်
(၅) "ဥပေက္ခာ၊ ဧကဂ္ဂတာ" ဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော ပဉ္စမဈာန်နှင့်ယှဉ်သည့် သောတာပတ္တိဖိုလ်စိတ်

အလားတူပင်
သကဒါဂါမိဖိုလ်စိတ် ၅ ပါး
အနာဂါမိဖိုလ်စိတ် ၅ ပါး
အရဟတ္တဖိုလ်စိတ် ၅ ပါး
ထို့ကြောင့် ဖိုလ်စိတ်အကျယ် ၂၀ ရှိ၏။

ဤတွင် စိတ်ပိုင်းပြီး၏

◎

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၂)

# စေတသိက်ပိုင်း

**စေတသိက်နိဒါန်း**

ပရမတ္ထတရား ၄ ပါး (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်) ထဲက စိတ်တွေရဲ့ သဘောကို ပြောပြီးလို့ ခု စေတသိက်တွေအကြောင်း ဆက်ပြောပါ့မယ်။ "စိတ်" ဆိုတာက အာရုံသိမှုသက်သက်ကလေးပါ။ "စေတသိက်"ဆိုတာက စိတ်ကိုမှီပြီး ဖြစ်တဲ့ တရားတွေပါ။ စိတ်ကိုမှီပြီးတော့ စိတ်ကိုခြယ်လှယ်ပါတယ်။ ခြယ်လှယ်တယ်ဆိုတာက ကောင်းတဲ့စေတသိက်နဲ့ တွဲမိတဲ့အခါ အဲဒီစိတ်ကို ကောင်းတဲ့စိတ်လို့ ခေါ်လိုက်တယ်။ မကောင်းတဲ့ စေတသိက်နဲ့ တွဲမိတဲ့အခါ အဲဒီစိတ်ကို မကောင်းတဲ့စိတ်လို့ ခေါ်လိုက်ပါတယ်။

စိတ်က ဘာနဲ့တူသလဲဆိုတော့ အရောင်မရှိတဲ့ရေနဲ့ တူပါတယ်။ အဲဒီထဲ အနီရောင်ထည့်လိုက်ရင် ရေက အနီရောင်ဖြစ်သွားသလိုပါပဲ။ ဒါကြောင့်မို့ လယ်တီဆရာတော်ဘုရားကြီးက "စိတ်ကိုမှီတွယ်၊ စိတ်ကိုခြယ်၊ ငါးဆယ်နှင့်ဒွိတ်၊ စေတသိက်"လို့ လင်္ကာလေးရေးထားပါတယ်။ ငါးဆယ်နှင့်ဒွိတ်ဆိုတာ စေတသိက် ၅၂ ပါးရှိတယ်လို့ ဆိုလိုတာပါ။ စေတသိက်တိုင်းမှာ အောက်ပါလက္ခဏာ ၄ ခုနဲ့ ပြည့်စုံရပါမယ်။

(၁) စိတ်နဲ့အတူဖြစ်မယ် (ဖြစ်)
စိတ်နဲ့တစ်ပြိုင်တည်းဖြစ်မယ်၊ အတူလည်းဖြစ်တယ်။

(၂) စိတ်နဲ့အတူချုပ်မယ် (ပျက်)
ပျောက်သွားတဲ့အခါမှာလည်း စိတ်နဲ့အတူ ပျောက်သွားမယ်။

(၃) စိတ်နဲ့တူတဲ့ အာရုံရှိမယ် (အာ) အာရုံဆိုတာ မြင်စရာ၊ ကြားစရာ အာရုံတွေကို ခေါ်တာပါ။ အခုကြည့်လိုက်လို့ တစ်စုံတစ်ခုကို မြင်တတ်ဆိုရင် ဒါဟာ မြင်စရာ အာရုံပါပဲ။ စိတ်က မြင်စရာအာရုံကို အာရုံပြုရင်း စေတသိက်ကလည်း ထိုမြင် စရာအာရုံကိုပဲ အာရုံပြုပါမယ်။

mgyoe.com

mgyoe.com SAMPLE BOOK

(၄) စိတ်နဲ့တူသော မှီရာရှိမယ် (မှီ)

စိတ်ဆိုတာ မှီရာမရှိဘဲ မဖြစ်ပါဘူး။ မှီရာဆိုတာ မျက်လုံးမှာရှိတဲ့ အကြည်ဓာတ်မျိုး၊ နားမှာရှိတဲ့ အကြည်ဓာတ်မျိုးကို ခေါ်တာပါ။ မြင်တဲ့စိတ်ဟာ မျက်စိအကြည်ဓာတ်မရှိရင် မဖြစ်ပေးနိုင်ပါဘူး။ စိတ်က မျက်စိအကြည်ဓာတ်ကို အမှီပြုတယ်ဆိုရင် စေတသိက်ကလည်း မျက်စိအကြည်ဓာတ်ကိုပဲ အမှီပြုရတယ်။ ''ဖြစ်၊ ပျက်၊ မှီ၊ အာ'' စေတသိက်လက္ခဏာ ၄ ပါးပါ။

**မှတ်ချက်** ။ ။ ကျွန်မသည် စေတသိက်များအကြောင်း မျှဝေပူဇော်ရာတွင် သင်ရိုးညွှန်းတိုင်း ပုံစံအတိုင်းမဟုတ်ဘဲ လက်တွေ့ဘဝနှင့်ဆက်စပ်ပြီး ပူဇော်ပါမည်။

## သဗ္ဗစိတ္တသာဓာရဏစေတသိက်၇ပါး

စေတသိက် ၅၂ ပါးထဲမှ ''သဗ္ဗစိတ္တသာဓာရဏ ၇ ပါး'' အကြောင်းနဲ့ စပါမယ်။ ''သဗ္ဗ'' က အလုံးစုံ၊ ''စိတ္တ'' ဆိုတာက စိတ်၊ ''သာဓာရဏ'' ဆိုတာက ဆက်ဆံတာ၊ ဒါကြောင့် စိတ်အားလုံးနဲ့ အတူတူဖြစ်တဲ့ စေတသိက်တွေကို ''သဗ္ဗစိတ္တ သာဓာရဏ စေတသိက်'' တွေလို့ ခေါ်ပါတယ်။

စိတ်တစ်စိတ်ဖြစ်တိုင်း ဒီစေတသိက် ၇ ပါးလုံးအတူ ဖြစ်ပါတယ်။ လောဘစိတ်ဖြစ်တာဖြစ်ဖြစ်၊ မဟာကုသိုလ်စိတ်ဖြစ်တာဖြစ်ဖြစ်၊ ဒီစေတသိက် ၇ ပါးလုံး အမြဲတမ်းပါပါတယ်။ ဒီစေတသိက်တွေအပြင် တခြားစေတသိက်တွေတော့ ပါပါသေးတယ်။ ဒီ ၇ ခုကို ပါဠိလို၊ မြန်မာလို သိဖို့လိုတဲ့အပြင် ဥပမာလေးတွေနဲ့ မှတ်သားကြရင် ပိုရှင်းပါတယ်။ ဥပမာတွေ ဋီကာကျော်ထဲကဖြစ်လို့ တတ်နိုင်သမျှတော့ ပြေအောင် ပြန်ရေးထားပါတယ်။

## ၁။ ဖဿ–အာရုံကိုတွေ့ထိခြင်းသဘော

ဖဿသည် နာမ်တရားဖြစ်သဖြင့် အာရုံကိုတွေ့ထိသည်ဟုဆိုရာ၌ ရုပ်တရားချင်းထိသကဲ့သို့ တကယ်ထိခြင်းမဟုတ်ပေ။ စိတ်နဲ့ အာရုံတို့ တွေ့ဆုံသောအခါ ဓာတ်သဘောအလိုက် ထိခိုက်ခြင်းသာ ဖြစ်ပါသည်။ ဥပမာကတော့ တခြားလူ အချဉ်စားနေတာတွေ့ရင် ကိုယ့်ပါးစပ်ထဲမှာ တံတွေးယိုသကဲ့သို့ ဖြစ်ပါတယ်။

mgyoe.com

## ၂။ ဝေဒနာ–အာရုံ၏အရသာကို ခံစားခြင်းသဘော

စိတ်မှာဖြစ်တာကို ဝေဒနာလို့ခေါ်ပါတယ်။ ခန္ဓာကိုယ် နာကျင်ကိုက်ခဲတဲ့အခါမှာ နာတဲ့ရုပ်က ဝေဒနာမဟုတ်ပါဘူး။ နာတဲ့ရုပ်ကြောင့် စိတ်မှာ ခံစားရတာ ဝေဒနာ ဖြစ်ပါတယ်။ ဝေဒနာတွေက သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ စသည်တို့ ဖြစ်ပါတယ်။

ဥပမာကတော့ ဘုရင်နဲ့ပွဲတော်စာချက် ယှဉ်ရင် ဘုရင်ကသာ ထမင်းဟင်းရဲ့ အရသာကို တကယ် ကျကျနန ခံစားရပြီး ပွဲတော်စာချက်က နည်းနည်းပဲမြည်းရလို့ မစို့မပို့လေးသာ ခံစားရပါတယ်။ ဒါကြောင့် ဝေဒနာက ဘုရင်လိုပဲ အာရုံရဲ့အရသာကို တကယ်ကျကျနန ခံစားပါတယ်။

## ၃။ သညာ–အာရုံကို အမှတ်ပြုပြီး သိခြင်းသဘော

အာရုံတစ်ခုကို တွေ့တဲ့အခါမှာ ဒီသညာက မှတ်သားထားတဲ့အတွက်ကြောင့် နောက်တစ်ခါ ထပ်တွေ့တဲ့အခါကျတော့ ဒါပဲဆိုတာ ဆုံးဖြတ်ပြီးသိနိုင်ပါတယ်။ အဲဒီ သညာအမှတ် အမှန်အမှားပေါ်မူတည်ပြီး နောက်ပိုင်းမှာ ကိုယ့်ရဲ့အယူအဆတွေ အမှန် အမှားဖြစ်တတ်ပါတယ်။

ဥပမာကတော့ လမ်းအမှတ်အသားတွေကို တစ်ခါမှတ်လိုက်တယ်။ အဝိုင်းလေး ထဲမှာ စောင်းစောင်းမျဉ်းလေး လုပ်ထားတယ်ဆိုရင် တားမြစ်ထားတယ်ပေါ့။ နောက်တစ်ခါ တွေ့တဲ့အခါ အမှတ်ပြုပြီး သိသွားတာမျိုး ဖြစ်ပါတယ်။ တစ်ခါတလေ သညာအမှားထား မိရင် တော်တော်နဲ့ ဖျောက်လို့မရလို့ သညာဟာ အလွန်ကြောက်စရာကောင်းပါတယ်။

## ၄။ စေတနာ–အတူတူဖြစ်သည့် တရားများကို အာရုံ၌ စေ့ဆော်ခြင်းသဘော

စေတနာဆိုတာ အမှန်တကယ်က ကောင်းတဲ့စေတနာ၊ မကောင်းတဲ့စေတနာလို့ ရှိပါတယ်။ ဒီစေတနာတိုက်တွန်းလို့ ထိုထိုအမှုတွေ ပြုကြတယ်။ ကံဆိုတာ ဒီစေတနာ စေတသိက်ကိုခေါ်တာပါ။

ဥပမာကတော့ ကျောင်းမှာ တပည့်ကြီးတစ်ယောက်ဟာ သူကိုယ်တိုင်လည်း စာကို ကြိုးစားအားထုတ်တယ်။ သူ့ထက်ငယ်တဲ့ ကျောင်းသားငယ်တွေကိုလည်း စာကြိုးစားအောင်လုပ်တယ်။ မိမိကိစ္စ၊ သူတစ်ပါးကိစ္စတို့ကို ပြီးစေတတ်ပြီး စေ့ဆော်ခြင်း၊ တိုက်တွန်းခြင်းသဘော ရှိပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

**၅။ ကေဂ္ဂတာ–အာရုံ၌ တည်တံ့ခြင်းသဘော**

ကေဂ္ဂတာက တစ်ခုတည်းသောအာရုံမှာ တည်နေတဲ့သဘောပါ။ ကေဂ္ဂတာက ကောင်းတာရော၊ မကောင်းတာပါ နှစ်မျိုးရှိပါတယ်။

ဥပမာ–တရားထိုင်တဲ့အခါ သမာဓိတည်နေတာက ကောင်းတဲ့ ကေဂ္ဂတာပါ။ ငါးမျှားတဲ့အခါမှာ သမာဓိတည်နေတာကျတော့ မကောင်းတဲ့ကေဂ္ဂတာပါ။

**၆။ ဇီဝိတိန္ဒြေ–အတူတကွဖြစ်သော တရားတို့ကို စောင့်ထိန်းခြင်းသဘော**

အတူဖြစ်တဲ့တရားတွေကို ပျက်မသွားအောင်၊ သေမသွားအောင်၊ တည်နေအောင် စောင့်ထိန်းတဲ့သဘော ဖြစ်ပါတယ်။ ဇီဝိတဆိုတဲ့ နာမ်သဘောတရားက ဖြစ်ပျက်တဲ့ နာမ်တွေအားလုံးကို စောင့်ရှောက်ထားပါတယ်။

ဥပမာ–ကြာရိုးထဲမှာရှိတဲ့ရေလေးပါ။ အဲဒီရေလေးကြောင့် ကြာတွေ လန်းဆန်းနေတယ်။ ညှိုးမသွားအောင် စောင့်ရှောက်ပေးထားပါတယ်။

**၇။ မနသိကာရ–အာရုံ၌ နှလုံးသွင်းခြင်းသဘာဝ**

စိတ်ထဲကို အာရုံရောက်နေအောင်၊ အာရုံထဲ စိတ်ရောက်နေအောင်၊ အတူဖြစ်တဲ့ တရားတွေ အာရုံကိုယူတဲ့အခါ ဖြောင့်ဖြောင့်တန်းတန်းလေး သွားအောင် ထိန်းပေးပါတယ်။ ဒါကြောင့် မနသိကာရရှိမှ အာရုံကိုသိပါတယ်။

ဥပမာ–မြင်း ၄ ကောင်ပါတဲ့ ရှေးတုန်းက ဘုရင်တွေစီးတဲ့ရထားမှာ အဲဒီမြင်းတွေကို အညီအမျှသွားအောင် ထိန်းပေးထားတဲ့ ရထားထိန်းလိုပဲ မနသိကာရက အတူတူဖြစ်တဲ့ တရားတွေကို အာရုံဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားအောင် ထိန်းပေးပါတယ်။

**မေးခွန်း (၁)**

"အမှားကြာ အမှန်ဖြစ်၊ အမှန်စင်စစ် အမှားထင်၊ ဘုရားရှင်ပင် ပြင်လို့မရ" ဟူသော ဆိုရိုးသည် အထက်ပါစေတသိက် ၇ ပါးမှ မည်သည့်စေတသိက်ကို ညွှန်းပါသနည်း။

အဖြေ – သညာစေတသိက်ကို ညွှန်းပါတယ်။

**မေးခွန်း (၂)**

ရထားထိန်းနှင့်တူသော စေတသိက်ကို ဖော်ပြပါ။

အဖြေ – မနသိကာရစေတသိက် ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## အညသမာန်း စေတသိက် ၁၃ ပါး
## (ကောင်းတဲ့စိတ်နဲ့ရော၊ မကောင်းတဲ့စိတ်များနှင့်ပါ ဆက်ဆံသော စေတသိက်များ)

| သဗ္ဗစိတ္တသာဓာရဏ ၇ ပါး | ပကိဏ်းစေတသိက် ၆ ပါး |
|---|---|
| ၁။ ဖဿ | ၁။ ဝိတက် |
| ၂။ ဝေဒနာ | ၂။ ဝိစာရ |
| ၃။ သညာ | ၃။ အဓိမောက္ခ |
| ၄။ စေတနာ | ၄။ ဝီရိယ |
| ၅။ ဧကဂ္ဂတာ | ၅။ ပီတိ |
| ၆။ ဇီဝိတိန္ဒြေ | ၆။ ဆန္ဒ |
| ၇။ မနသိကာရ | |

**ပကိဏ်းစေတသိက်၆ပါး**

အညသမာန်း စေတသိက် ၁၃ ပါးထဲမှ "ပကိဏ်းစေတသိက် ၆ ပါး"အကြောင်း ပြောပါမယ်။ "ပကိဏ်း" ဆိုတာ ရောရောနှောနှောယှဉ်တာ ဖြစ်ပါတယ်။ သူတို့ဟာ ကောင်းတဲ့စိတ်နဲ့လည်း ယှဉ်မယ်၊ မကောင်းတဲ့စိတ်နဲ့လည်း ယှဉ်မယ်။

၁။ **ဝိတက်** – စိတ်ကို အာရုံဆီသို့ ခေါ်သွားခြင်းဖြစ်ပါတယ်။

၂။ **ဝိစာရ** – အာရုံကိုသုံးသပ်ခြင်းသဘော ဖြစ်ပါတယ်။ အဲဒီအာရုံပေါ်မှာ ထပ်ကာထပ်ကာ ဖြစ်စေခြင်းသဘော ဖြစ်ပါတယ်။ ဒီမှာတော့ ဝိတက် ဝိစာရကို ဈာန်အင်္ဂါတုန်းက ပြောထားတဲ့ဥပမာနဲ့ မတူတာလေးနဲ့ ပြပါမယ်။
ဥပမာ–ပျားပိတုန်းဟာ ပဒုမ္မာကြာပွင့်ဆီသို့ စိုက်ထိုးပြီးသွားတာက "ဝိတက်" သဘောဖြစ်ပါတယ်။ ကြာပွင့်နားရောက်တော့ ကြာပွင့်ပေါ်မှာရစ်ဝဲနေတာက "ဝိစာရ" သဘော ဖြစ်ပါတယ်။

၃။ **အဓိမောက္ခ** – အာရုံ၌ စွဲစွဲမြဲမြဲ တုန်လှုပ်ခြင်းမရှိဘဲ ဆုံးဖြတ်ခြင်းသဘော ဖြစ်ပါတယ်။ ဥပမာ – အာရုံ၌ တုန်လှုပ်ခြင်းမရှိသောကြောင့် ခိုင်ခိုင်စိုက်ထားသော ကျောက်တိုင်နဲ့တူပါတယ်။

mgyoe.com

၄။ **ဝီရိယ** – အတူတကွဖြစ်သော တရားတို့ကို ထောက်ပံ့ခိုင်းစေခြင်းသဘော ဖြစ်ပါတယ်။ အခုပြောနေတဲ့ ဝီရိယဟာ စေတသိက်ဖြစ်လို့ နာမ်ဝီရိယ ဖြစ်ပါတယ်။ ခန္ဓာကိုယ်ရဲ့ အလုပ်လုပ်မှု မဟုတ်ပါဘူး။
ဥပမာ–လဲပြိုခါနီးအိမ်ကြီးကို မလဲမပြိုအောင် ထောက်ထားသော ထောက်ကျား တိုင်နဲ့ တူပါတယ်။

၅။ **ပီတိ** – အာရုံကို နှစ်သက်ရွှင်လန်းစေခြင်းသဘော ဖြစ်ပါတယ်။
ဥပမာ–တောစခန်းမှ မောပန်းလာသော ခရီးသွားယောက်ျားသည် ရေကို မြင်သော် နှစ်သက်ရွှင်လန်းသကဲ့သို့ ဖြစ်ပါတယ်။

၆။ **ဆန္ဒ** – အာရုံကို လိုလားတောင့်တခြင်းသဘော ဖြစ်ပါတယ်။ ပြုလိုကာမျှ သဘော၊ လိုလားခြင်းသဘောမျှလေး ဖြစ်ပါတယ်။ တွယ်တာငြိကပ်မှု မရှိပါဘူး။ လောဘကတော့ တွယ်တာငြိကပ်မှုနဲ့ ယှဉ်ပါတယ်။
ဥပမာ–လေးသမားသည် ပစ်ရမည့်မြားကို ကောက်ယူခြင်းမှ ပစ်လိုသောဆန္ဒ (ပြုလိုကာမျှ) သဘောသာ ဖြစ်ပါတယ်။

**မေးခွန်း (၁)** လျှာဒါန်းလို၍ ထီပေါက်ချင်မှုသည် ဆန္ဒလော၊ လောဘလော။
အဖြေ လောဘမဟုတ်ပါ။ လျှာဒါန်းလိုသောဆန္ဒသဘောသာ ဖြစ်ပါတယ်။

**မေးခွန်း (၂)** မယိမ်းမယိုင် ကျောက်စာတိုင်နှင့်တူသော စေတသိက်ကို ဖော်ပြပါ။
အဖြေ အဓိမောက္ခစေတသိက် ဖြစ်ပါတယ်။

**မောဟာစေတသိက်၄ပါး**

"အကုသိုလ်စေတသိက်" တွေက မကောင်းတဲ့အကုသိုလ်စိတ်နဲ့ပဲ ယှဉ်ပါတယ်။ "အကုသိုလ်စိတ်" က ၁၂ ပါးရှိပြီး "အကုသိုလ်စေတသိက်"က ၁၄ ပါးရှိပါတယ်။ အကုသိုလ် စေတသိက်များသည် သတိမရှိသော စိတ်တွင်းသို့ ဝင်ချင်သလို ဝင်နိုင်ကြပြီး အပါယ်သို့ တွန်းချနိုင်သော ကြောက်စရာအကောင်းဆုံး ရန်သူများဖြစ်ပါတယ်။

ထိုအကုသိုလ်စေတသိက်ကို (၄) အုပ်စုခွဲပြီး ပြောပါမယ်။

**၁။ မောဟာအုပ်စုဝင် စေတသိက် ၄ ပါး**

(က) မောဟ၊ (ခ)၊ အဟိရိက၊ (ဂ) အနောတ္တပ္ပ (ဃ) ဥဒ္ဓစ္စ

mgyoe.com

mgyoe.com SAMPLE BOOK

**မောဟ**

မောဟဆိုတာ အာရုံရဲ့သဘောမှန်ကို ဖုံးကွယ်ခြင်းသဘော ဖြစ်ပါတယ်။ မောဟက တိမ်နဲ့တူပါတယ်။ မောဟဖုံးထားပြီဆိုရင် အမှန်ကို မမြင်တော့ပါ။ မောဟကို အဝိဇ္ဇာလို့လည်း ခေါ်ပါတယ်။ အကုသိုလ်စိတ်ဖြစ်တိုင်း မောဟပါပါတယ်။

**အဟိရိက**

ဒုစရိုက်ပြုရမှာကို "မရှက်တာ" မျိုးကို "အဟိရိက"လို့ ခေါ်ပါတယ်။ လိမ်ပြောရမှာ မရှက်တာ၊ သူ့ဥစ္စာခိုးတာမျိုးပေါ့။ ဥပမာကတော့–ရွာဝက်က မစင်စားရမှာ မရှက်ဘူး။ အဲဒီလိုပဲ အဟိရိကကလည်း အကုသိုလ် ဒုစရိုက်ပြုရမှာ မရှက်ဘူး၊ မရွံဘူး။

**အနောတ္တပ္ပ**

ဒုစရိုက်ပြုရမှာကို "မကြောက်တာ မရွံ့တာ" မျိုးကို "အနောတပ္ပ" လို့ ခေါ်ပါတယ်။ ဥပမာကတော့–မီးထဲတိုးတဲ့ ပိုးဖလံကောင်တွေဟာ မီးကို မကြောက်လန့်သကဲ့သို့ အနောတ္တပ္ပပါလာရင် ဘယ်ဒုစရိုက်မျိုး ပြုရမှာကို မကြောက်မရွံ့တော့ပါဘူး။

**ဥဒ္ဓစ္စ**

စိတ်၏ မငြိမ်သက်ခြင်း ပျံ့လွင့်ခြင်းသဘော ဖြစ်ပါတယ်။ စေတသိက်ဆိုတော့ နာမ်တရားပါ။ ခန္ဓာကိုယ် မငြိမ်မသက်ဖြစ်တာမျိုး မဟုတ်ပါဘူး။

ဥပမာကတော့–လေနည်းနည်းလေးတိုက်တဲ့အခါ ရေပြင်လှုပ်နေသလိုမျိုးပါ။ အဲဒီလိုပဲ စိတ်ဟာ အာရုံနဲ့ကပ်မနေဘဲ အာရုံပေါ်မှာ ဝဲတားတားလေး လှုပ်နေတဲ့ သဘောကို ဥဒ္ဓစ္စလို့ ခေါ်ပါတယ်။

**မေးခွန်း** စကားရည်လုပွဲ၌ စကားရည်လုပြောရမည်ကို မရှက်ခြင်း၊ မကြောက်ခြင်းကို အဟိရိက အနောတ္တပ္ပဟု ဆိုရပါမည်လော။

အဖြေ မဆိုရပါ။ ဒုစရိုက်တို့ကို ပြုလုပ်ရမည်ကို မရှက်ခြင်း၊ မကြောက်ခြင်းကိုသာ အဟိရိက အနောတ္တပ္ပဟု ဆိုရပါမယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## အကုသိုလ်စေတသိက် ၁၄ ပါး

| ၁။ မောဟအုပ်စု | ၂။ လောဘအုပ်စု | ၃။ ဒေါသအုပ်စု | ၄။ နောက်ဆုံးအုပ်စု |
|---|---|---|---|
| (က) မောဟ | (က) လောဘ | (က) ဒေါသ | (က) ထိန |
| (ခ) အဟိရိက | (ခ) ဒိဋ္ဌိ | (ခ) ဣဿာ | (ခ) မိဒ္ဓ |
| (ဂ) အနောတ္တပ္ပ | (ဂ) မာန | (ဂ) မစ္ဆရိယ | (ဂ) ဝိစိကိစ္ဆာ |
| (ဃ) ဥဒ္ဓစ္စ | | (ဃ) ကုက္ကုစ္စ | |

**လောဘစေတသိက် ၃ ပါး**

အကုသိုလ်စေတသိက် (၄) အုပ်စုထဲမှ လောဘအုပ်စုဝင်စေတသိက် ၃ ပါးမှာ (က) လောဘ (ခ) ဒိဋ္ဌိ (ဂ) မာနတို့ ဖြစ်ပါတယ်။ ဒီ ၃ ပါးက လောဘမူစိတ်တွေနဲ့သာ ယှဉ်ပါတယ်။

**လောဘ**

လောဘကတော့ အာရုံ၌ လိုချင်ကပ်ငြိခြင်းသဘော ဖြစ်ပါတယ်။ ဥပမာကတော့ -မျောက်နဲ့စေး ဖြစ်ပါတယ်။ မျောက်နဲ့စေးဆိုတာ သစ်ပင်ကထွက်တဲ့ ပြောင်ပြောင်လက်လက် အစေးတစ်မျိုးပါ။ ပြောင်လက်တော့ မျောက်က လာကိုင်ကြည့်ပါတယ်။ ပထမကိုင်တဲ့ လက်က ခွာမရဘူး။ နောက်တော့ တခြားလက်တစ်ဖက်ပါ ကပ်၊ နောက်ပါးစပ်နဲ့ကပ် စသည်ဖြင့် ခန္ဓာကိုယ် အစိတ်အပိုင်းတွေ မျောက်နဲ့စေးမှာ သွားကပ်နေပြီး ခွာမရတော့ပါ။ ဒီလိုပါပဲ အာရုံ ၆ ပါးမှာ လောဘပါပြီး ကပ်ငြိလိုက်ရင် ခွာမရတော့ပါဘူး။

**ဒိဋ္ဌိ**

မှားမှားယွင်းယွင်း ယူတာကို ဒိဋ္ဌိလို့ ခေါ်ပါတယ်။ မှန်တဲ့အယူကို ယူတာက သမ္မာဒိဋ္ဌိဖြစ်ပြီး မှားယွင်းတဲ့အယူကို ယူတာက မိစ္ဆာဒိဋ္ဌိ ဖြစ်ပါတယ်။ ဥပမာကတော့- ''သတ္တဝါတွေဟာ သေပြီးရင် ပြတ်သွားတာပဲ၊ နောက်ထပ် ဘာမှမဖြစ်တော့ဘူး''ဆိုတဲ့ ဥစ္ဆေဒ အယူမျိုးတွေဟာ မိစ္ဆာဒိဋ္ဌိ ဖြစ်ပါတယ်။

**မာန**

မာနသည် ထောင်လွှားတက်ကြွခြင်းသဘော ဖြစ်ပါတယ်။ ကောင်းစားနေမှ မာနဖြစ်တာ မဟုတ်ပါ။ နိမ့်ကျတဲ့အခါလည်း မာနဖြစ်တာပါပဲ။ ဥပမာကတော့-တံခွန်အလံပါ။ သူက အထက်ကချည်းနေတယ်၊ ကြွားကြွားရွားရွားနဲ့ နေပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

**မေးခွန်း (၁)** ''ရမ္မက်စံအိမ်'' ဟူသော စကားတွင် ''ရမ္မက်'' ဟူသော လောက ဝေါဟာရ၏ ပရမတ္ထသဘောကို ဖော်ပြပါ။

**အဖြေ** ရမ္မက်သည် လောကီအာရုံ ကာမဂုဏ်စိတ်တို့၌ ငြိကပ်တွယ်တာလိုချင်မှု ရှိသော ''လောဘစေတသိက်'' ဖြစ်ပါတယ်။ (ပရမတ္ထတရား ၄ ပါးမှာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်)

**မေးခွန်း (၂)** ဥစ္စာစေ ပေါကြွယ်ဝ၍ ဘဝင်မြင့် စိတ်ကြီးဝင်နေသူ၏ သန္တာန်၌ ရှိနေသော စေတသိက်အမည်ကို ဖော်ပြပါ။

**အဖြေ** မာနစေတသိက် ဖြစ်ပါတယ်။ ''မာနသည် အကုသိုလ် ဖြစ်စေပါတယ်။

**မေးခွန်း (၃)** ''အလှူဒါနပြုလုပ်တာ အကျိုးမရှိပါဘူးကွာ''ဟု ယူဆသောသူ၏ သန္တာန်၌ဖြစ်သော စေတသိက်ကို ဖော်ပြပါ။

**အဖြေ** ဒိဋ္ဌိစေတသိက် ဖြစ်ပါတယ်။ (မှားမှားယွင်းယွင်း သိမြင် အယူမှားခြင်း သဘော)

**ဒေါသစေတသိက်၄ပါး**

အကုသိုလ်စေတသိက် (၄) အုပ်စုထဲမှ ဒေါသအုပ်စုဝင် စေတသိက် ၄ ပါးမှာ (က) ဒေါသ (ခ) ဣဿာ (ဂ) မစ္ဆရိယ (ဃ) ကုက္ကုစ္စတို့ ဖြစ်ပါတယ်။

**ဒေါသ**

ဒေါသဆိုတာ ခက်ထန်ကြမ်းတမ်းခြင်းသဘော ဖြစ်ပါတယ်။ ဒေါသဖြစ်ရင် ရိုးရိုးနေတုန်းအချိန်က မလုပ်ဝံ့တဲ့အလုပ်ကို လုပ်ရဲလာပါတယ်။ ဥပမာကတော့–အရိုက်ခံရတဲ့ မြွေလိုပဲ ဖြစ်ပါတယ်။ မြွေကိုရိုက်လိုက်ရင် မြွေက ရှူးရှူးရှဲရှဲ ဒေါသထွက်သလိုပဲ ဖြစ်ပါတယ်။

**ဣဿာ**

ဣဿာသည် သူတစ်ပါးစည်းစိမ်ဥစ္စာကို ငြူစူခြင်း၊ မနာလိုခြင်းသဘော ဖြစ်ပါတယ်။ ထို့ကြောင့် ဣဿာသည် သူတစ်ပါးကို အာရုံပြုပါတယ်။ ဥပမာကတော့– ထီပေါက်သောသူတစ်ယောက်အား မနာလိုသောစိတ်ထားဖြင့် ''တစ်ခါတလေ ကံကောင်းတာပါ'' ဟု ပြောဆိုနေသူ၏ သန္တာန်၌ဖြစ်နေသည့်သဘောမျိုး ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

**မစ္ဆရိယ**

မစ္ဆရိယသည် မိမိ၏ စည်းစိမ်ဥစ္စာကို လျှို့ဝှက်ခြင်း၊ ဝန်တိုခြင်းသဘောဖြစ်တယ်။ ထို့ကြောင့် မစ္ဆရိယသည် မိမိကို အာရုံပြု၏ (မ သည် မိမိဟုမှတ်ပါ)။ ဥပမာကတော့– ကိုယ်တတ်တဲ့ပညာကို သူများမတတ်စေချင်တဲ့သဘော၊ ကိုယ်က ပိုက်ဆံရှိပြီး သူများကို ကိုယ့်လိုမရှိစေချင်တဲ့သဘော ဖြစ်ပါတယ်။

**မှတ်ချက် ။** ။ မစ္ဆရိယက ဒေါသနဲ့ယှဉ်ပါတယ်။ လောဘနဲ့မယှဉ်ပါဘူး။

**ကုက္ကုစ္စ**

ကုက္ကုစ္စသည် ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုလိုက်မိသော သုစရိုက်တို့၌ နောင်တ တစ်ဖန် ပူပန်စိုးရိမ်တတ်သောသဘော၊ စိတ်မချမ်းမသာသောသဘော ဖြစ်ပါတယ်။ ဥပမာကတော့–အရင်က အသားသတ်လုပ်ငန်း လုပ်ကိုင်ခဲ့သူသည် ယခု သမ္မာအာဇီဝ လုပ်နေသော်လည်း ယခင်က ပြုလုပ်ခဲ့သော ဒုစရိုက်အတွက် စိတ်မချမ်းမသာဖြစ်နေခြင်း သဘောမျိုးဖြစ်ပါတယ်။

**မှတ်ချက် ။** ။ ကုက္ကုစ္စသည် လူတွေတင်စားပြောဆိုနေကြသလို နှမြောတွန့်တိုခြင်း၊ ကပ်စေးနဲခြင်း လုံးဝမဟုတ်ပါ။

**မေးခွန်း (၁)** "မနာလိုခြင်း၊ ဝန်တိုခြင်း ကင်းရှင်းကြပါစေ" ဟူသော မေတ္တာပို့ဝယ် မနာလိုခြင်း၊ ဝန်တိုခြင်းတို့၏ စေတသိက်အမည်မှန်ကို ဖော်ပြပါ။

**အဖြေ** မနာလိုခြင်း = ဣဿာစေတသိက်
ဝန်တိုခြင်း = မစ္ဆရိယစေတသိက်

**မေးခွန်း (၂)** ပစ္စည်းဥစ္စာပေါများစဉ်က လှူခဲ့ပြီး တစ်စုံတစ်ခုသောအကြောင်းကြောင့် ဆင်းရဲဒုက္ခရောက်နေသောအခါ "ဟိုတုန်းကလှူခဲ့မိတာမှားလေခြင်း"ဟု ပြုပြီးသော သုစရိုက်ကို နောင်တရခြင်းသည် ကုက္ကုစ္စ ဟုတ်ပါသလား။

**အဖြေ** ကုက္ကုစ္စမဟုတ်ပါ။ မပြုမိလိုက်သော သုစရိုက်ကို နောင်တတစ်ဖန် ပူပန်ခြင်းသည်သာ ကုက္ကုစ္စ ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

**နောက်ဆုံးအုပ်စုဝင်စေတသိက်၃ပါး**

အကုသိုလ်စေတသိက် (၄) အုပ်စုထဲမှ နောက်ဆုံးအုပ်စုဝင် စေတသိက် ၃ ပါး (အဆုံးတြိ) မှာ (က) ထိန (ခ) မိဒ္ဓ (ဂ) ဝိစိကိစ္ဆာတို့ ဖြစ်ပါတယ်။

**ထိန**

စိတ်၏ ထိုင်းမှိုင်းခြင်းသဘော ဖြစ်ပါတယ်။

**မိဒ္ဓ**

စေတသိက်တို့၏ ထိုင်းမှိုင်းခြင်းသဘော ဖြစ်ပါတယ်။ စိတ်နဲ့ စေတသိက်ကို ခွဲခြားဖို့ အလွန်ခက်ခဲပါတယ်။ မြတ်စွာဘုရားမို့ ၂ မျိုးခွဲခြားပြီး ဟောနိုင်တာ ဖြစ်ပါတယ်။ တကယ်လက်တွေ့မှာ ဒီနှစ်ခုကို ကွဲကွဲပြားပြားသိဖို့ မလွယ်ပါဘူး။ ထိနနဲ့ မိဒ္ဓက အမြဲ တွဲဖြစ်ပါတယ်။ ဥပမာ–တရားထိုင်တဲ့အခါ အိပ်ချင်ရင် ထိနမိဒ္ဓဝင်လာပြီဆိုပြီး တိုက်ထုတ် ရပါတယ်။

**ဝိစိကိစ္ဆာ**

ဝိစိကိစ္ဆာသည် ဘုရားစသော အာရုံ၌ မှားယွင်းခြင်းသဘော၊ မဆုံးဖြတ်နိုင်သော သဘော ဖြစ်ပါတယ်။ ရိုးရိုးမဆုံးဖြတ်နိုင်တာကို ဝိစိကိစ္ဆာလို့ မခေါ်ပါဘူး။ ကားမောင်း သွားရင် လမ်းဆုံရောက်လို့ ဘယ်ကွေ့ရမလား၊ ညာကွေ့ရမလား မဆုံးဖြတ်နိုင်တာ ဝိစိကိစ္ဆာ မဟုတ်ပါဘူး။

ဝိစိကိစ္ဆာက ဘုရား၊ တရား၊ သံဃာနဲ့ပတ်သက်ပြီး ယုံမှားမှုဖြစ်နေတာမျိုးပါ။ ဥပမာ–ဘုရားဆိုတာ တကယ်ရှိခဲ့တာ ဟုတ်မှဟုတ်ရဲ့လား။ ဒီတရားကျင့်လို့ ကိလေသာ ကင်းတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား။ မြတ်စွာဘုရားဟောတဲ့အတိုင်းကျင့်တဲ့ သံဃာတော် ဆိုတာ ရှိမှရှိရဲ့လား စသည်ဖြင့် ယုံမှားတွေးတောမှု ဖြစ်တယ်။ မဆုံးဖြတ်နိုင် ဖြစ်တာမျိုးပါ။

**မေးခွန်း (၁)** ထိနမိဒ္ဓအားကြီးသူတို့သည် မည်သို့ဖြစ်နေတတ်ကြပါသနည်း။

အဖြေ ထိနမိဒ္ဓအားကြီးသူတို့သည် မလုပ်ချင် မကိုင်ချင် ထိုင်းမှိုင်းငေးငိုင်လျက် အမြဲ အိပ်ချင်သလို ဖြစ်နေကြပါတယ်။

**မေးခွန်း (၂)** ဘုရားဟောတာတွေ မှားတယ်ဟေ့ဟု အတိအကျ ဆုံးဖြတ်သွားတာ ဝိစိကိစ္ဆာ ဟုတ်ပါသလား။

အဖြေ ဝိစိကိစ္ဆာ မဟုတ်တော့ပါ။ ဒိဋ္ဌိဖြစ်သွားပါတယ်။

**ဤတွင် အကုသိုလ်စေတသိက် ၁၄ ပါး ပြီး၏။**

mgyoe.com

mgyoe.com SAMPLE BOOK

**သောဘဏသာဓာရဏစေတသိက် ၁၉ ပါး(၁)**

သောဘနဆိုတဲ့ အဓိပ္ပာယ်က တင့်တယ်တယ်၊ လှပတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ ကောင်းသော စေတသိက်များ ဖြစ်ပါတယ်။ ထိုစေတသိက် ၂၅ ပါးမှာ –

(က) သောဘဏသာဓာရဏစေတသိက် ၁၉ ပါး
(သောဘနစိတ်တွေအားလုံးနဲ့ဆက်ဆံတဲ့ စေတသိက်များ)

(ခ) ဝိရတီ ၃ ပါး (ရှောင်ကြဉ်ကြောင်းဖြစ်သော စေတသိက်)

(ဂ) အပ္ပမညာ ၂ ပါး
(အတိုင်းအရှည်မရှိသော သတ္တဝါပညတ်ကို အာရုံပြုသော စေတသိက်)

(ဃ) အမောဟ ၁ ပါး / ပညိန္ဒြေ (အာရုံကို အမှန်အတိုင်း သိခြင်းသဘောရှိသော စေတသိက်) တို့ဖြစ်ပါတယ်။

သောဘဏသာဓာရ စေတသိက် ၁၉ ပါးအကြောင်း စပြောပါမယ်။

**၁။ သဒ္ဓါ**

ဘုရားစသောအာရုံ၌ ယုံကြည်ခြင်းသဘော၊ ဘုရား တရား သံဃာ စသည်၌ ဆုံးဆုံးဖြတ်ဖြတ် ယုံကြည်ခြင်းသဘောသည် "သဒ္ဓါ" ဖြစ်ပါတယ်။ သဒ္ဓါ ၂ မျိုး ခွဲကြတာလည်း ရှိပါတယ်၊ ရတနာ ၃ ပါးကို ကြည်ညိုခြင်း၊ ကံ ကံ၏အကျိုးကို ယုံကြည်သော "ယုံသဒ္ဓါ" နှင့် ယှဉ်ဖက် စိတ် စေတသိက်တို့ကို ကြည်လင်စေသော "ကြည်သဒ္ဓါ"တို့ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ကတော့–ရေကို ကြည်လင်စေတတ်တဲ့ စကြာမင်းကြီးရဲ့ ပတ္တမြားရတနာနဲ့ နှိုင်းပါတယ်။ အဲဒီလိုပဲ သဒ္ဓါတရား ဖြစ်ပေါ်လာရင် စိတ်သည် ကြည်လင်သွားပါတယ်။ ဘာသာခြားများ ပေးကမ်းလှူဒါန်းကြရာ၌ "ကြည်သဒ္ဓါ" ကသိုလ် ဖြစ်ကြပါတယ်။

**မေးခွန်း (၁)** ဗေဒင်ဟော၊ ချဲနံပါတ်ပေးသော သံဃာတော်များအား ကိုးကွယ်ကြည်ညိုခြင်းသည် သဒ္ဓါအစစ် ဖြစ်နိုင်ပါသလား။

**အဖြေ** သဒ္ဓါအစစ် မဖြစ်ပါ။ ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန်ကို ယုံကြည်မှုသည်သာ သဒ္ဓါအစစ်ဖြစ်တယ်။ နတ်ဘိုးတော်များကို ယုံကြည်ခြင်း၊ သံဃာတု သံဃာယောင်များကို ယုံကြည်ခြင်းသည် သဒ္ဓါတု (မိစ္ဆာဒိမောက္ခ) ဖြစ်ပါတယ်။

mgyoe.com

**မေးခွန်း (၂)** ယခုခေတ်၌ သိန်းပေါင်းများစွာ လှူဒါန်းသူများကို ကြားသိတွေ့မြင်သော အခါ "စေတနာသဒ္ဓါတရား ကောင်းလိုက်တာ"ဟု ချီးမွမ်းပြောဆိုတတ်ကြရာ စေတနာနဲ့ သဒ္ဓါ တူ မတူ ရှင်းလင်းဖြေဆိုပါ။

အဖြေ စေတနာနှင့်သဒ္ဓါ မတူပါ။ အတူတွဲဖြစ်နိုင်သလို သတ်သတ်စီလည်း ဖြစ်နိုင်ပါတယ်။ မိမိကိုယ်တိုင် ကုသိုလ်ကောင်းမှုပြုလုပ်ဖြစ်အောင် သူတစ်ပါးတို့ ကုသိုလ်ကောင်းမှု ပြုလုပ်ဖြစ်အောင် တိုက်တွန်းနှိုးဆော်ခြင်းသည် "စေတနာ" ဖြစ်ပြီး ထိုသို့ ကုသိုလ်ကောင်းမှုများ ပြုလုပ်ရာ၌ ရတနာသုံးတန်၊ ကံ ကံ၏အကျိုးတရားတို့ကို ယုံကြည်ခြင်းသည် "သဒ္ဓါ" ဖြစ်ပါတယ်

## သောဘဏစေတသိက် ၂၅ ပါး

| သောဘဏသာဓာရဏ စေတသိက် ၁၉ ပါး | ဝိရတီ စေတသိက် ၃ ပါး | အပ္ပမညာ စေတသိက် ၂ ပါး | အမောဟ စေတသိက် ၁ ပါး |
|---|---|---|---|
| ၁။ သဒ္ဓါ | ၁။ သမ္မာဝါစာ | ၁။ ကရုဏာ | ၁။ ပညိန္ဒြေ |
| ၂။ သတိ | ၂။ သမ္မာကမ္မန္တ | ၂။ မုဒိတာ | |
| ၃။ ဟိရီ | ၃။ သမ္မာအာဇီဝ | | |
| ၄။ ဩတ္တပ္ပ | | | |
| ၅။ အလောဘ | | | |
| ၆။ အဒေါသ | | | |
| ၇။ တတြမဇ္ဈတ္တတာ | | | |
| ၈-၉။ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ | | | |
| ၁၀-၁၁။ ကာယလဟုတာ စိတ္တလဟုတာ | | | |
| ၁၂-၁၃။ ကာယမုဒုတာ စိတ္တမုဒုတာ | | | |
| ၁၄-၁၅။ ကာယကမ္မညတာ စိတ္တကမ္မညတာ | | | |
| ၁၆-၁၇။ ကာယပါဂုညတာ စိတ္တပါဂုညတာ | | | |
| ၁၈-၁၉။ ကာယဇုကတာ စိတ္တဇုကတာ | | | |

mgyoe.com

**သောဘဏသာဓာရဏ စေတသိက် ၁၉ ပါး (၂)**

သတိသည် ဘုရားစသော ကောင်းမြတ်သောအာရုံ၌ အမှတ်ရခြင်းသဘော ဖြစ်ပါတယ်။ ဥပမာ–အဘိဓမ္မာမှာလာတဲ့ သတိက ဘုရား၊ တရား၊ သံဃာကို ကိုးကွယ် ဆည်းကပ်ဖို့ သတိရတယ်၊ တရားထိုင်ဖို့ သတိရတယ်၊ လှူဖို့တန်းဖို့ သတိရတယ်၊ သီလဆောက်တည်ဖို့ သတိရတယ်ပေါ့။

ငါးမျှားသွားရမှာသတိရတာ၊ တောလိုက်သွားရမှာ သတိရတာတွေက သညာပါ။ သတိလို့ မခေါ်ပါဘူး။ သတိဟာ နေရာတကာမှာ အရေးကြီးပါတယ်။ သတိပဋ္ဌာန်တရား အားထုတ်ရင်လည်း သတိပါမှ ရပါတယ်။

**မေးခွန်း** အရပ်တစ်ပါးရှိ မိဘ မောင်နှမ ဆွေမျိုးများကို အောက်မေ့လွမ်းဆွတ်သူ၏ သန္တာန်၌ ဖြစ်ပေါ်သောစိတ်သည် သတိစေတသိက် ဟုတ် မဟုတ် ဖြေဆိုပါ။

အဖြေ သတိစေတသိက် မဟုတ်ပါ။ သညာစေတသိက်သာ ဖြစ်ပါတယ်။

၃။ ဟိရီ

ကာယဒုစရိုက်မှုပြုလုပ်ရန် ရှက်ခြင်းသဘော ဖြစ်ပါတယ်။

ဥပမာ–သူ့အသက်သတ်ရမှာ၊ သူ့ဥစ္စာခိုးရမှာ ရှက်ခြင်းသဘော ဖြစ်ပါတယ်။

၄။ ဩတ္တပ္ပ

ဩတ္တပ္ပသည် ကာယဒုစရိုက်မှုပြုလုပ်ရန် ကြောက်ခြင်းသဘော ဖြစ်ပါတယ်။

ဥပမာ–သူ့အသက်သတ်ရမှာ၊ သူ့ဥစ္စာခိုးရမှာ ကြောက်ခြင်းသဘောဖြစ်ပါတယ်။ ဒီ ''ဟိရီနဲ့ ဩတ္တပ္ပ'' နှစ်ပါးကို လောကပါလတရားလို့လည်း ခေါ်တယ်။ ဖြူစင်ကြောင်း ဖြစ်တဲ့ တရားလို့လည်း သုံးတယ်။

**မေးခွန်း (၁)** အကုသိုလ်ပြုရန် ''ရှက်တတ်သူ''၊ ''ကြောက်တတ်သူ'' သည် ''တရားတော်၌ ကြည်ညိုသူ''မည်၏ ဟူသောစကား၌ ရှက်တတ်သူ၊ ကြောက်တတ်သူ၊ ကြည်ညိုသူတို့သည် မည်သည့်စေတသိက်တို့၏ သဘောလက္ခဏာများ ဖြစ်ကြပါသနည်း။

အဖြေ
အကုသိုလ်ပြုရန် ရှက်တတ်သူ – ဟိရီစေတသိက်
အကုသိုလ်ပြုရန် ကြောက်တတ်သူ – ဩတ္တပ္ပစေတသိက်
တရားတော်၌ ကြည်ညိုသူ – သဒ္ဓါစေတသိက်

mgyoe.com

mgyoe.com
SAMPLE BOOK

**မေးခွန်း (၂)** တဏှာသရဲကို ကြောက်လန့်ခြင်းသည် ဩတ္တပ္ပ ဟုတ် မဟုတ် ဖြေဆိုပါ။
**အဖြေ** ဩတ္တပ္ပ မဟုတ်ပါ။ ဆုတ်နစ်သော ဒေါသသာ ဖြစ်ပါတယ်။

**သောဘဏသာဓာရဏစေတသိက် ၁၉ ပါး (၃)**

**၅။ အလောဘ**

အလောဘဆိုတာ အာရုံ၌ မကပ်ငြိ မလိုချင်ခြင်းသဘော ဖြစ်ပါတယ်။ ကိုယ့်ပစ္စည်းကို သူများကိုပေးတယ်၊ လှူတယ်ဆိုတာ အလောဘကြောင့် လှူတာပါ။ လောဘမရှိလို့ပါ။ ဥပမာကတော့–သစ်ရွက်ပေါ်မှာ တင်နေတဲ့ ရေပေါက်လေးတွေလိုပဲ ဖြစ်ပါတယ်။ ကပ်ငြိမနေဘူး။

**မှတ်ချက်** ။ ။ တချို့က ပျင်းတာကို လောဘမရှိတဲ့ အလောဘလို့ ထင်နေခြင်းမှာ မမှန်ပါ။

**၆။ အဒေါသ**

အဒေါသသည် မခက်ထန် မကြမ်းတမ်းခြင်းသဘော ဖြစ်ပါတယ်။ ဒါကြောင့်မို့ "အဒေါသဆိုတာ မေတ္တာ" ပါပဲ။ ဥပမာ–ကိုယ့်အပေါ် စိတ်ကောင်းရှိတဲ့ မိတ်ဆွေဟာ ကိုယ့်အပေါ်မှာ အနစ်နာခံတယ်၊ အေးမြတဲ့သဘောရှိတယ်၊ မကြမ်းတမ်းဘူးပေါ့။

**၇။ တတြမဇ္ဈတ္တတာ**

တတြမဇ္ဈတ္တတာသည် အာရုံ၌ အတူဖြစ်သောတရားတို့ကို လျစ်လျူရှုခြင်းသဘော ဖြစ်ပါတယ်။ တတြမဇ္ဈတ္တတာကို ဥပေက္ခာလို့လည်း ခေါ်ပါတယ်။

ဥပမာ–အညီအမျှပြေးသွားနေကြသော အာဇာနည်မြင်းတို့ကို လျစ်လျူရှုထားသော ရထားထိန်းနဲ့ တူပါတယ်။

အောက်ပါ စေတသိက်တွေကတော့ "၂ ခုစီတွဲပြီး" ဆိုင်ရာ ဆန့်ကျင်ဘက်တရားတွေကို ပယ်ပါတယ်။

၈–၉။ ကာယပဿဒ္ဓိနှင့် စိတ္တပဿဒ္ဓိ

- စေတသိက်အပေါင်းတို့၏ ငြိမ်းအေးခြင်းသဘောနဲ့ စိတ်၏ ငြိမ်းအေးခြင်းသဘော (Tranquility)

mgyoe.com

mgyoe.com SAMPLE BOOK

၁၀-၁၁။ ကာယလဟုတာနှင့် စိတ္တလဟုတာ
စေတသိက်အပေါင်းတို့၏ ပေါ့ပါးလျင်မြန်ခြင်းသဘောနဲ့ စိတ်၏ ပေါ့ပါး လျင်မြန်ခြင်းသဘော။

၁၂-၁၃။ ကာယမုဒုတာနှင့် စိတ္တမုဒုတာ
စေတသိက်အပေါင်းတို့၏ နူးညံ့ပျော့ပျောင်းခြင်းသဘောနဲ့ စိတ်၏ နူးညံ့ ပျော့ပျောင်းခြင်းသဘော။

၁၄-၁၅။ ကာယကမ္မညတာနှင့် စိတ္တကမ္မညတာ
စေတသိက်အပေါင်းတို့၏ ထိုထိုကိစ္စတို့၌ လိုက်လျောခြင်းသဘောနဲ့ စိတ်၏ ထိုထိုကိစ္စတို့၌ လိုက်လျောခြင်းသဘော (Adaptability)

၁၆-၁၇။ ကာယပါဂုညတာနှင့် စိတ္တပါဂုညတာ
စေတသိက်အပေါင်းတို့၏ လေ့လာခြင်းသဘောနဲ့ စိတ်၏ လေ့လာခြင်း သဘော (Proficiency)

၁၈-၁၉။ ကာယဇုကတာ စိတ်တဇုကတာ
စေတသိက်အပေါင်းတို့၏ ဖြောင့်မတ်ခြင်းသဘောနဲ့ စိတ်၏ဖြောင့်မတ်ခြင်း သဘော (Recitude)

**မေးခွန်း (၁)** "ကိုယ်နှင့်မစာ လူတကာ မေတ္တာမတုံ့နဲ့" ဟု ပြောဆိုဆုံးမကြရာ ၎င်းဆုံးမစကား၌ပါသော တကယ့်မေတ္တာစစ်၏ စေတသိက်ကို ဖော်ပြပါ။

အဖြေ အဒေါသ စေတသိက် ဖြစ်ပါတယ်။

**မေးခွန်း (၂)** "ကုသိုလ်ကောင်းမှုဖြစ်ရန်" အခြေခံကျသော စေတသိက်တို့တွင် "မခွဲ မခွာ အစုံလိုက်သာ" ဖြစ်ကြသော စေတသိက်များကိုဖော်ပြပါ။

အဖြေ
ကာယပဿဒ္ဓိ နှင့် စိတ္တပဿဒ္ဓိ
ကာယလဟုတာ နှင့် စိတ္တလဟုတာ
ကာယမုဒုတာ နှင့် စိတ္တမုဒုတာ
ကာယပါဂုညတာ နှင့် စိတ္တပါဂုညတာ
ကာယဇုကတာ နှင့် စိတ္တဇုကတာ

mgyoe.com

**မေးခွန်း (၃)** "အနစ်နာခံ ထိပ်မှာစံ"ဟူသော ဆိုစကားအရ အနစ်နာခံသူ၏ သန္တာန်၌ ဖြစ်သော စေတသိက်ကို ဖော်ပြပါ။

**အဖြေ** အဒေါသ စေတသိက် ဖြစ်ပါတယ်။

**မေးခွန်း (၄)** ကိုဗစ်ရောဂါဖြစ်ပွားနေသော လူနာများကိုကူသရန်အတွက် ၎င်းပိုင်ဆိုင်သော ငွေကြေးများကို စွန့်လွှတ်၍ ဒါနပြုလှူဒါန်းသူ၏ သန္တာန်၌ဖြစ်သော စေတသိက်ကို ဖော်ပြပါ။

**အဖြေ** အလောဘစေတသိက် ဖြစ်ပါတယ်။

**ဝိရတိစေတသိက်၃ပါး**

**သောဘနစေတသိက် ၂၅ ပါး အပိုင်း (၄)**

ဒိဝိရတီစေတသိက် ၃ ပါးက သီလနဲ့ဆိုင်ပါတယ်။ သီလဆိုတာ ကာယကံနဲ့ ဝစီကံကို ထိန်းတာပါ။ မနောကံအနေနဲ့ စိတ်ထဲက ဘယ်လောက်သတ်နေနေ ကိုယ်တိုင် မသတ်မချင်း သီလမကျိုးသေးပါဘူး။ အဲဒီအချိန်မှာ စိတ်ကတော့ အကုသိုလ်စိတ် ဖြစ်နေပါတယ်။

**၁။ သမ္မာဝါစာ ဝိရတီ**

အသက်မွေးဝမ်းကျောင်းနှင့်မသက်ဆိုင်သော ဝစီဒုစရိုက် ၄ ပါးမှ ရှောင်ကြဥ်ခြင်း သဘော ဖြစ်ပါတယ်။

**၂။ သမ္မာကမ္မန္တ ဝိရတီ**

သမ္မာကမ္မန္တ ဝိရတီသည် အသက်မွေးဝမ်းကျောင်းနှင့် မသက်ဆိုင်သော ကာယ ဒုစရိုက် ၃ ပါးမှ ရှောင်ကြဥ်ခြင်းသဘော ဖြစ်ပါတယ်။

**၃။ သမ္မာအာဇီဝ ဝိရတီ**

မိမိ၏ အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သော ဝစီဒုစရိုက် ၄ ပါးနှင့် ကာယဒုစရိုက် ၃ ပါး၊ ပေါင်း ၇ ပါးမှ ရှောင်ကြဥ်ခြင်းသဘောဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

**ဝစီဒုစရိုက် ၄ ပါးမှာ**

၁။ မုသားစကားပြောဆိုခြင်းမှ ရှောင်ကြဉ်မှု
၂။ ကုန်းတိုက်စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု
၃။ ကြမ်းတမ်းသောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု
၄။ ပြိန်ဖျင်းစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု

**ကာယဒုစရိုက် ၃ ပါးမှာ**

၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု
၂။ သူ့ဉစ္စာခိုးခြင်းမှ ရှောင်ကြဉ်မှု
၃။ သူ့အိမ်ရာ ပြစ်မှားခြင်းမှ ရှောင်ကြဉ်မှု

**မှတ်ချက်** ။ ။ ဒီဝိရတီစေတသိက်တွေက ရှောင်ကြဉ်တဲ့အခါမှာသာ ဖြစ်ပါတယ်။ မရှောင်ကြဉ်တဲ့အခါမှာ မဖြစ်ပါဘူး။ ဘုရားရှိခိုးတဲ့အခါမှာ မဖြစ်ပါဘူး။ တရားထိုင်တဲ့အခါမှာ မဖြစ်ပါဘူး။ ဘာလို့လဲဆိုတော့ ရှောင်ကြဉ်စရာ မလိုလို့ပါ။

**မေးခွန်း (၁)** ခြင်တစ်ကောင်ကို သတ်မည်ပြုပြီးမှ မသတ်ဘဲ ရှောင်ကြဉ်လိုက်သူ၏ သန္တာန်၌ဖြစ်သော စေတသိက်ကို ဖော်ပြပါ။

အဖြေ သမ္မာကမ္မန္တ ဝိရတီစေတသိက် ဖြစ်ပါတယ်။ (အသက်မွေးဝမ်းကျောင်းနဲ့ မဆိုင်ဘဲ သူ့အသက်သတ်ခြင်းဟူသော ကာယဒုစရိုက်မှ ရှောင်ကြဉ်လိုက်ခြင်းကြောင့် ဖြစ်ပါတယ်။)

**မေးခွန်း (၂)** အပေါင်းအဖော်များနှင့် စကားပြောနေရာတွင် သိမ်ဖျင်းသောစကားကို မပြောဆိုဘဲ ရှောင်ကြဉ်လိုက်သူ၏သန္တာန်၌ဖြစ်သော စေတသိက်ကို ဖော်ပြပါ။

အဖြေ သမ္မာဝါစာ ဝိရတီ စေတသိက် ဖြစ်ပါသည်။ (အသက်မွေးဝမ်းကျောင်းနဲ့ မဆိုင်ဘဲ သိမ်ဖျင်းသောစကားကို ပြောဆိုခြင်းဟူသော ဝစီဒုစရိုက်မှ ရှောင်ကြဉ်လိုက်ခြင်းကြောင့် ဖြစ်ပါတယ်။)

mgyoe.com

mgyee.com SAMPLE BOOK

**မေးခွန်း (၃)** တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူတစ်ဦးသည် ငါးများ ဖမ်းခြင်းနှင့် သတ်ခြင်းကို စွန့်လွှတ်လိုက်သူ၏ သန္တာန်၌ဖြစ်သော စေတသိက်ကို ဖော်ပြပါ။

**အဖြေ** သမ္မာအာဇီဝ ဝိရတီစေတသိက် ဖြစ်ပါတယ်။
(အသက်မွေးမှုနဲ့ ဆက်စပ်သော သူ့အသက်သတ်ခြင်းဟူသော ကာယ ဒုစရိုက်မှ ရှောင်ကြဉ်လိုက်ခြင်းကြောင့် ဖြစ်ပါတယ်။)

**အပ္ပမညာ ၂ ပါးနှင့် ပညိန္ဒြေ**
**သောဘနစေတသိက် ၂၅ ပါး အပိုင်း (၅)**

အပ္ပမညာ ၂ ပါးမှာ –

**၁။ ကရုဏာ**

ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်းသဘောဖြစ်ပါတယ်။ ဒုက္ခိတ ဆိုတာက ဆင်းရဲခြင်းသို့ရောက်နေသော သတ္တဝါဖြစ်ပါတယ်။ အဲဒီလို ဒုက္ခရောက်နေတဲ့ သတ္တဝါကို အာရုံပြုပြီးတော့ သနားတဲ့သဘောလေးကို ကရုဏာလို့ခေါ်တာပါ။ ကရုဏာ ကနေ ကျော်လွန်သွားပြီးတော့ ဒေါမနဿထဲ ရောက်တတ်ပါတယ်။ ကရုဏာရဲ့ ရန်သူဟာ ဒေါမနဿပါ။

**၂။ မုဒိတာ**

သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော ဖြစ်ပါတယ်။ ကောင်းစားနေတဲ့ပုဂ္ဂိုလ်ကိုမြင်ရင် ကိုယ်က ဝမ်းမြောက်တာပါ။ ရပြီးသောစည်းစိမ် အောင်မြင်မှုမှ ပြန်ပြီး မကျပါစေနဲ့ဆိုတဲ့ သဘောမျိုးပါ။ ဒါကြောင့် မုဒိတာဟာ ဣဿာရဲ့ ဆန့်ကျင်ဘက် ဖြစ်ပါတယ်။ "ကရုဏာဖြစ်ဖို့လွယ်ပြီး မုဒိတာက ဖြစ်ဖို့ခက်ပါတယ်။

**အမောဟ ၁ ပါး**

**ပညိန္ဒြေ**

အာရုံကို အမှန်အတိုင်းသိခြင်းသဘော ဖြစ်ပါတယ်။ ပညိန္ဒြေဆိုတာ ပညာလည်း ဟုတ်တယ်။ သိတဲ့နေရာမှာ အစိုးတရလည်း ဖြစ်တယ်။ ဒီလိုဆိုလိုတဲ့ပညာက တကယ့်ကို ရုပ်နာမ်သဘော ထိုးထွင်းသိတဲ့ပညာကို ဆိုလိုတာပါ။ ဥပမာ–မှောင်နေတဲ့အခန်းထဲမှာ

mgyee.com

mgyoe.com SAMPLE BOOK

မီးထွန်းလိုက်တာမျိုး လင်းသွားသလိုပဲ ပညာနဲ့ ရုပ်နာမ်သဘောတရားကို ထင်းထင်းလင်းလင်း သိသွားတာပါ။ ပညိန္ဒြေကို ပြည့်ပြည့်ဝဝ၊ တိတိကျကျ လုပ်ချင်ရင်တော့ တရားထိုင်ရပါမယ်။ တရားမှတ်ရင်းနဲ့ ကြာတော့ သမာဓိဖြစ်လာပါတယ်။ သမာဓိဖြစ်တာနဲ့ ပညာလာတော့တာပဲ။

**မေးခွန်း (၁)** ရောဂါကပ်ဘေးကြီး ကျရောက်လျက်ရှိသော နိုင်ငံများမှ ပြည်သူများအား သနားကြင်နာမှုဖြစ်နေခြင်းသည် အဘယ်စေတသိက်၏ သဘောလက္ခဏာ ဖြစ်ပါသနည်း။

အဖြေ ကရုဏာစေတသိက်၏ သဘောလက္ခဏာ ဖြစ်ပါတယ်။

**မေးခွန်း (၂)** အသက်ဉာဏ်စောင့်ဟူသော စကားရပ်၌ ဉာဏ်ဟုခေါ်ဆိုအပ်သော စေတသိက်ကို ဖော်ပြပါ။

အဖြေ ပညိန္ဒြေ (အမောဟ) စေတသိက်ဖြစ်ပါတယ်။

**မေးခွန်း (၃)** ချမ်းသာကြီးပွားအောင်မြင်နေသူများအကြောင်း ကြားရ သိရသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခြင်းသည် မည်သည့်စေတသိက်၏ သဘောလက္ခဏာ ဖြစ်သနည်း။

အဖြေ မုဒိတာစေတသိက်၏ သဘောလက္ခဏာ ဖြစ်ပါတယ်။

## သောဘနသာဓာရဏစေတသိက် ၁၉ ပါးမှ စုံတွဲစေတသိက်များအကြောင်း

အဲဒီစေတသိက်တွေကတော့ ၂ ခုစီတွဲပြီး ဆိုင်ရာဆန့်ကျင်ဘက်တရားတွေကို ပယ်ပါတယ်။ ဒီနေရာမှာ ကာယဆိုတဲ့စကားလုံးလေးအကြောင်း ပြောချင်ပါတယ်။ ကာယဆိုတာ ကိုယ်ဆိုတဲ့အဓိပ္ပာယ်ရှိတယ်။ ဒီနေရာမှာ ရုပ်ခန္ဓာကို မဆိုလိုဘဲ ခန္ဓာကိုယ်က အစိတ်အပေါင်းလေးတွေ ပေါင်းထားလို့ ကာယလို့ ပါဠိလိုခေါ်တာပါ။ ဒါကြောင့် ကာယဆိုတာ စေတသိက်အပေါင်းလို့ ဆိုလိုပါတယ်။

### ၈-၉။ ကာယပဿဒ္ဓိ နှင့် စိတ္တပဿဒ္ဓိ

စေတသိက်အပေါင်း (ဝေဒနာစသော ခန္ဓာ ၃ ပါးအပေါင်း) တို့၏ ငြိမ်းအေးခြင်းသဘောသည် ကာယပဿဒ္ဓိ မည်ပါပေသည်။ စိတ်၏ပူပန်မှု ငြိမ်းအေးခြင်းသဘောသည် စိတ္တပဿဒ္ဓိ မည်ပါပေတယ်။ ကာယပဿဒ္ဓိနှင့် စိတ္တပဿဒ္ဓိတို့၏ ဆန့်ကျင်ဘက်တရားများမှာ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ စသည်တို့ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## ၁၀–၁၁။ ကာယလဟုတာ နှင့် စိတ္တလဟုတာ

စေတသိက်အပေါင်း (ဝေဒနာစသော ခန္ဓာ ၃ ပါးအပေါင်း) တို့၏ ပေါ့ပါးလျင်မြန်သည်၏အဖြစ်သဘောသည် ကာယလဟုတာမည်ပါပေတယ်။ စိတ်၏ ပေါ့ပါးလျင်မြန်သည်၏အဖြစ်သဘောသည် စိတ္တလဟုတာ မည်ပါပေတယ်။ "ပေါ့ပါးလျင်မြန်သည်" ဆိုသည်မှာ ကုသိုလ်ကောင်းမှုလုပ်ငန်းများ၌လည်းကောင်း၊ ကမ္မဋ္ဌာန်းနှလုံးသွင်းမှု စသည်တို့၌လည်းကောင်း၊ ကုသိုလ်ကြိယာဇောစိတ်တို့ အကြားဝယ် ဘဝင်များစွာမခြားဘဲ ဘဝင်စိတ်အစဉ်မှ ထကာထကာ ဇောစိတ်အစဉ်ကို သွက်သွက်လက်လက် ဆက်၍ဆက်၍ ဖြစ်စေနိုင်ခြင်းကို ခေါ်ပါတယ်။ ကာယလဟုတာနှင့် စိတ္တလဟုတာတို့၏ ဆန့်ကျင်ဘက်တရားများမှာ ထိန၊ မိဒ္ဓ စသည်တို့ဖြစ်ပါတယ်။

## ၁၂–၁၃။ ကာယမုဒုတာ နှင့် စိတ္တမုဒုတာ

စေတသိက်အပေါင်း (ဝေဒနာစသော ခန္ဓာ ၃ ပါးအပေါင်း) တို့၏ နူးညံ့ပျော့ပျောင်းသည်၏အဖြစ်သဘောသည် ကာယမုဒုတာမည်ပါပေတယ်။ စိတ်၏ နူးညံ့ပျော့ပျောင်းသည်၏အဖြစ်သဘောသည် စိတ္တမုဒုတာ မည်ပါပေတယ်။ ကာယမုဒုတာနှင့် စိတ္တမုဒုတာတို့၏ ဆန့်ကျင်ဘက်တရားများမှာ ဒိဋ္ဌိ၊ မာန စသည်တို့ဖြစ်ပါတယ်။

## ၁၄–၁၅။ ကာယကမ္မညတာ နှင့် စိတ္တကမ္မညတာ

စေတသိက်အပေါင်း (ဝေဒနာစသော ခန္ဓာ ၃ ပါးအပေါင်း) တို့၏ ကုသိုလ်ကောင်းမှု၌ ကောင်းသည်၏အဖြစ်သဘောသည် ကာယကမ္မညတာ မည်ပါပေတယ်။ စိတ်၏ ကုသိုလ်ကောင်းမှု၌ ကောင်းသည်၏အဖြစ်သဘောသည် စိတ္တကမ္မညတာ မည်ပါပေတယ်။ ကာယကမ္မညတာနှင့် စိတ္တကမ္မညတာတို့၏ ဆန့်ကျင်ဘက်တရားသည် ကာမစ္ဆန္ဒ စသည်တို့ဖြစ်ပါတယ်။

## ၁၆–၁၇။ ကာယပါဂုညတာနှင့် စိတ္တပါဂုညတာ

စေတသိက်အပေါင်း (ဝေဒနာစသော ခန္ဓာ ၃ ပါးအပေါင်း) တို့၏ ကုသိုလ်ကောင်းမှုတို့၌ လန်းဆန်းသည်၏အဖြစ်သဘောသည် ကာယပါဂုညတာ မည်ပါပေတယ်။ စိတ်၏ ကုသိုလ်ကောင်းမှုတို့၌ လန်းဆန်းသည်၏အဖြစ်သဘောသည် စိတ္တပါဂုညတာ မည်ပါပေတယ်။ ကာယပါဂုညတာနှင့် စိတ္တပါဂုညတာတို့၏ ဆန့်ကျင်ဘက်တရားသည် အဿဒ္ဓိယ (မယုံကြည်မှုကြောင့် စိတ်ပျံ့လွင့်မှု) စသည်တို့ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

**၁၈-၁၉။ ကာယဇုကတာ စိတ္တဇုကတာ**

စေတသိက်အပေါင်း (ဝေဒနာစသော ခန္ဓာ ၃ ပါးအပေါင်း) တို့၏ ဖြောင့်မတ်သည်၏အဖြစ်သဘောသည် ကာယဇုကတာမည်ပါပေတယ်။ စိတ်၏ ဖြောင့်မတ်သည်၏ အဖြစ်သဘောသည် စိတ္တဇုကတာမည်ပါပေတယ်။ ကာယဇုကတာ စိတ္တဇုကတာတို့၏ ဆန့်ကျင်ဘက်တရားများသည် မာယာ (လှည့်ပတ်တတ်သောသဘော)၊ သာဌေယျ (တတ်သည့်သဘော အယောင်ဆောင်ခြင်း) စသည်တို့ဖြစ်ပါတယ်။

◎

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၃)

# ဝီထိပိုင်း

### ဝီထိစိတ်

ဝီထိသည် အစဉ်အတန်းဖြစ်တယ်။ စိတ်တို့၏ဖြစ်စဉ်သည် ဖြစ်သင့်သော အစဉ်ကို မကျော်ဘဲ စိတ်တစ်ခုပြီးတစ်ခု အစဉ်အတိုင်း ဖြစ်ပျက်တယ်။ ဒွါရ ၆ ပါးတို့၌ ထင်လာသော အာရုံတစ်ခုစီကို သိရှိရန်အတွက် ဖြစ်ပေါ်လာသည့် စိတ်အစဉ်တန်းကို ဝီထိစိတ်လို့ ခေါ်ပါတယ်။

### ဝီထိမုတ်စိတ်

ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်သော ၁၉ ပါးသောစိတ် (ဥပေက္ခာသန္တီရဏစိတ် ၂ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ရူပဝိပါက်စိတ် ၅ ပါး၊ အရူပဝိပါက်စိတ် ၄ ပါး) တို့သည် ဝီထိစိတ်တို့မှ အလွတ်ဖြစ်သောကြောင့် ဝီထိမုတ်စိတ်များဖြစ်ကြပါတယ်။ အဆိုပါ စိတ် ၁၉ ပါးအနက် ဥပေက္ခာသန္တီရဏစိတ် ၂ ပါးသည် ဝီထိစိတ်အစဉ်၏ သန္တီရဏ ကိစ္စ၌လည်းကောင်း၊ မဟာဝိပါက်စိတ် ၈ ပါးသည် တဒါရုံကိစ္စ၌လည်းကောင်း ပါဝင် ကြပါတယ်။ ကြွင်းသည့် မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါးတို့သာလျှင် အစဉ်အမြဲ ဝီထိမုတ် စိတ်များ ဖြစ်ကြပါတယ်။

### ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်၊ ဝီထိစိတ်

သတ္တဝါတို့၏ ဘဝတစ်ခုသည် "ပဋိသန္ဓေစိတ်"နဲ့ စတင်ပါတယ်။ ပဋိသန္ဓေတည် ပြီးနောက် အဲဒီ ပဋိသန္ဓေစိတ်နဲ့ အလားတူစိတ်တွေ ဘဝတစ်ခုမှာ အထပ်ထပ်ဖြစ်တယ်။ အဲဒီလိုမဖြစ်ရင် ဒီဘဝဟာ ပျောက်သွားဖွယ်ရှိတယ်။ အခုတော့ ဒီစိတ်တွေဟာ ထပ်ထပ် ဖြစ်နေတဲ့အတွက်ကြောင့်မို့ ဘဝဟာ မပြတ်ဘဲ တည်သွားတယ်။ အဲဒီနောက် ထပ်ဖြစ်တဲ့

mgyoe.com

mgyoe.com SAMPLE BOOK

စိတ်တွေဟာ ဘဝရဲ့အစိတ်အပိုင်းတွေမို့ ဘဝင် = ဘဝ + အင် "ဘဝင်စိတ်" လို့ ခေါ်ပါတယ်။ သေဆုံးတဲ့အခါ နောက်ဆုံးဖြစ်တဲ့ ဘဝင်စိတ်ကို "စုတိစိတ်"လို့ ခေါ်ပါတယ်။ တကယ်တော့ ဘဝတစ်ခုမှာ ပဋိသန္ဓေစိတ်ရယ်၊ ဘဝင်စိတ်ရယ်၊ စုတိစိတ်တွေ့ရယ်ဟာ အတူတူပါပဲ။ ကာလသာ မတူတာပါ။

ပဋိသန္ဓေစိတ် --- ဘဝင်စိတ် --- ဘဝင်စိတ် --- ဘဝင်စိတ် --- စုတိစိတ်

## ဘဝင်စိတ်နှင့် ဝီထိစိတ်

ဘဝင်စိတ်တွေက ဘဝတစ်ခုမှာ ကုဋေပေါင်း မရေတွက်နိုင်အောင် ဖြစ်နေကြတာပါ။ အဲဒီဘဝင်စိတ်တွေရဲ့အကြားမှာ မြင်သိစိတ်၊ ကြားသိစိတ်စသည်ဖြင့် "ဝီထိစိတ်" တွေဖြစ်ပါတယ်။ ဝီထိစိတ်ဆိုတာက စိတ်အစဉ်အတန်းပါ။ ဘဝင်စိတ်တွေဖြစ်လိုက်၊ ဝီထိစိတ်တွေဖြစ်လိုက်။ ဘဝင်စိတ်တွေဖြစ်လိုက် အဲဒီလိုဖြစ်နေကြတာပါ။ ဒါပေမဲ့ ဖြစ်တာကမြန်လွန်းတော့ လူတွေမှာ သိနိုင်ဖို့ အများကြီးခဲယဉ်းပါတယ်။ လက်ဖျစ်တစ်တွက်မှာ စိတ်က ကုဋေတစ်သိန်းမကရှိတယ်လို့ အဆိုရှိပါတယ်။ အဲဒီတော့ ရိုးရိုးနေတဲ့အခါမှာ မသိနိုင်ဘူးပေါ့။

ဘယ်လိုအခါမျိုးမှာ ဘဝင်စိတ်ကို မှန်းဆပြီး သိနိုင်သလဲဆိုတော့ တရားထိုင်လို့ တော်တော်လေး သမာဓိအားကောင်းလာရင် အဲဒီဘဝင်သဘောလေးကို မြင်လာတတ်ပါတယ်။

ပဋိသန္ဓေစိတ်-------ဘဝင်စိတ်-------ဝီထိစိတ်-------ဘဝင်စိတ်

## ဝီထိစိတ်

ဝီထိနဲ့ပတ်သက်ပြီးပြောရမယ်ဆိုရင် ခုနက ဘဝင်စိတ်တွေဖြစ်နေရာက နေပြီးတော့ အာရုံအသစ်တစ်ခု ကိုယ့်ရဲ့မျက်စိထဲမှာ ပေါ်လာမယ်ဆိုပါစို့၊ ခုန ဘဝင်စိတ်က ရပ်သွားပြီး ဘဝင်ကို တန့်စေတဲ့ "အာဝဇ္ဇန်းစိတ်" ဆိုတာ ပေါ်လာပါတယ်။ အဲဒီ အာဝဇ္ဇန်းစိတ်ကနေ စပြီးတော့ ခုနအာရုံကို မြင်သိစိတ်ဖြစ်ပေါ်လာပြီး ကောင်းမကောင်း ခံစားသည်အထိဖြစ်တဲ့ စိတ်အစဉ်တန်းကို စက္ခုဒွါရဝီထိလို့ ခေါ်ပါတယ်။ ဒါကြောင့်မို့လို့ အာရုံတစ်ခုကို မြင်လိုက်လို့ မြင်သိစိတ်ဖြစ်တဲ့အခါမှာ မြင်စိတ်လေးတစ်ခုတည်းတင်ဖြစ်တာ မဟုတ်ဘဲနဲ့ သူနဲ့တွဲပြီးတော့ ဖြစ်တဲ့စိတ်တွေ အများကြီးရှိပါသေးတယ်။

ဘဝင်စိတ်---အာဝဇ္ဇန်းစိတ်---မြင်သိစိတ်---ဝီထိစိတ်---ဘဝင်စိတ်---ဘဝင်စိတ်

mgyoe.com

mgyoe.com SAMPLE BOOK

**ဒွါရအာရုံဝိထိစိတ် ၆ မျိုး**

**ဒွါရ**

ဒွါရဆိုတာ တံခါးကို ဒွါရလို့ခေါ်ပါတယ်။ အခု ဒီမှာပြောမယ့် ဒွါရကတော့ တံခါးလိုနေတဲ့ပစ္စည်းတွေကို ခေါ်ပါတယ်။ ဥပမာ–မျက်လုံးပေါ့။ မျက်လုံးမရှိရင် မြင်တဲ့စိတ် မဖြစ်ဘူး။ မျက်လုံးထဲမှာရှိသော ပသာဒအကြည်ဓာတ်နဲ့ မြင်စရာ ရူပါရုံနဲ့ တိုက်ဆိုင်လာသောအခါ မြင်တဲ့စိတ်က ဖြစ်လာတာပါ။ မျက်လုံးရှိပေမယ့် ပသာဒမကောင်းရင် မြင်စိတ် မဖြစ်ပါဘူး။ အဲဒီတော့ မြင်တဲ့စိတ်က မျက်လုံး (စက္ခုဒွါရ) ကို အမှီပြုပြီးတော့ ဖြစ်ရတာပါ။ မျက်လုံးကို စက္ခုပသာဒလို့လည်း ခေါ်ပါတယ်။

အဲဒီ ဒွါရပေါင်းက ၆ ခု ရှိပါတယ်။

<u>ပဉ္စဒွါရ (၅ ဒွါရ)</u>

၁။ စက္ခုဒွါရ – အဆင်းအာရုံဝင်ရောက်ရာ မျက်စိအကြည်ဓာတ် (စက္ခုပသာဒ)

၂။ သောတဒွါရ – အသံအာရုံဝင်ရောက်ရာ နားအကြည်ဓာတ် (သောတပသာဒ)

၃။ ဃာနဒွါရ – အနံ့အာရုံဝင်ရောက်ရာ နှာအကြည်ဓာတ် (ဃာနပသာဒ)

၄။ ဇိဝှာဒွါရ – အရသာအာရုံဝင်ရောက်ရာ လျှာအကြည်ဓာတ် (ဇိဝှာပသာဒ)

၅။ ကာယဒွါရ – အထိအတွေ့အာရုံဝင်ရောက်ရန် ကိုယ်အကြည်ဓာတ် (ကာယပသာဒ)

၆။ မနောဒွါရ – စက္ခုအာရုံ စသည့် အာရုံ ၆ ပါးဝင်ရောက်ရာ စိတ်တံခါးပေါက် (ဘဝင်စိတ်)။

အခုနေ တစ်စုံတစ်ခုကို စဉ်းစားလိုက်တယ်။ အတိတ်တုန်းက တွေ့ဖူးခဲ့တဲ့ အာရုံတစ်ခုခုကို စဉ်းစားလိုက်တယ်။ အဲဒီအခါမှာဖြစ်တဲ့စိတ်ဟာ စက္ခုဒွါရ သောတဒွါရမှာ ဖြစ်တာမဟုတ်ဘဲ နဂိုတုန်းကမြင်ဖူးတာ၊ ကြားဖူးတာ၊ စိတ်ထဲက ပြန်မြင်လိုက်တာ၊ စိတ်နဲ့မြင်တာ။

**အာရုံ (Object)**

အာရုံဆိုတာ စိတ်၏မွေ့လျော်ရာနေရာ ဖြစ်ပါတယ်။ နောက်တစ်နည်းကတော့ မှီတွယ်ရာလို့ အဓိပ္ပာယ်ရှိတယ်။ အာရုံတွေရှိနေလို့ စိတ်ကဖြစ်တာပါ။ စိတ်ဟာ အာရုံနဲ့ ကင်းပြီး ဘယ်တော့မှ မဖြစ်ဘူး။ ဒါကြောင့် စိတ်၏မှီတွယ်ရာဖြစ်သောကြောင့်လည်း

mgyoe.com

mgyoe.com SAMPLE BOOK

ဒီပစ္စည်းတွေကို အာရုံလို့ခေါ်တယ်။ မျက်စိနဲ့ တစ်စုံတစ်ခုကိုမြင်တယ်ဆိုရင် အဲဒီအမြင်ခံရတဲ့ပစ္စည်းကို အာရုံလို့ခေါ်တယ် (ရူပါရုံ)။ နားနဲ့ကြားတယ်။ အကြားခံရတဲ့ပစ္စည်း(အသံ)ကို အာရုံလို့ခေါ်တယ် (သဒ္ဒါရုံ)။ စိတ်နဲ့ကြံလိုက်တယ်။ အဲဒီအကြံခံရတဲ့ပစ္စည်းတစ်ခုခုကို အာရုံလို့ခေါ်တယ် (ဓမ္မာရုံ)။

အဲဒီအာရုံပေါင်းက ၆ ခုရှိပါတယ်။

၁။ ရူပါရုံ – အဆင်း (ဝဏ္ဏ)
၂။ သဒ္ဒါရုံ – အသံ (သဒ္ဒ)
၃။ ဂန္ဓာရုံ – အနံ့ (ဂန္ဓ)
၄။ ရသာရုံ – အရသာ (ရသ)
၅။ ဖောဋ္ဌဗ္ဗာရုံ – အထိအတွေ့ (ပထဝီ တေဇော ဝါယော)
၆။ ဓမ္မာရုံ – ပဉ္စဒွါရ၌မထင်ဘဲ မနောဒွါရ၌သာထင်နိုင်သည့် သိမ်မွေ့သော အာရုံ

စက္ခုဒွါရ၌ဖြစ်ကြသော စိတ်တို့သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုကြတယ်။ မနောဒွါရ၌ဖြစ်ကြသော စိတ်တို့သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလမှ အာရုံ ၆ ပါးလုံးကို အာရုံပြုကြတယ်။

## ဝီထိ ၆ မျိုး

၁။ မြင်စရာအဆင်း (ရူပါရုံ) သည် မျက်စိ (စက္ခုပသာဒ) နှင့်ထိတွေ့လျှင် မြင်သိစိတ်အစဉ် (စက္ခုဒွါရဝီထိ) ဖြစ်တယ်။
၂။ ကြားစရာအသံ (သဒ္ဒါရုံ) သည် နား (သောတပသာဒ) နှင့်ထိတွေ့လျှင် ကြားသိစိတ်အစဉ် (သောတဒွါရဝီထိ) ဖြစ်တယ်။
၃။ အနံ့ (ဂန္ဓာရုံ) သည် နှာခေါင်း (ဃာနပသာဒ) ၌ထိတွေ့လျှင် အနံ့နှင့်ဆိုင်သော စိတ်အစဉ် (ဃာနဒွါရဝီထိ) ဖြစ်တယ်။
၄။ စားစရာအရသာ (ရသာရုံ) သည် လျှာ (ဇိဝှာပသာဒ) ၌ ထိတွေ့လျှင် အရသာသိစိတ်အစဉ် (ဇိဝှာဒွါရဝီထိ) ဖြစ်တယ်။
၅။ အတွေ့အထိအာရုံ (ဖောဋ္ဌဗ္ဗာရုံ) သည် ကိုယ် (ကာယပသာဒ) ၌ ထိတွေ့လျှင် ထိသိသည့်စိတ်အစဉ် (ကာယဒွါရဝီထိ) ဖြစ်တယ်။
၆။ မနောဒွါရ၌ ဓမ္မာရုံတို့ထိတွေ့လျှင် စိတ်ကူးကြံစည်သိသည့် စိတ်အစဉ် (မနောဒွါရဝီထိ) ဖြစ်တယ်။

mgyoe.com

ရူပါရုံနှင့် သဒ္ဒါရုံတို့သည် ပသာဒ၌ မငြိကပ်ဘဲ မိမိတည်ရာအရပ်၌ တည်လျက်သာလျှင် အာရုံအဖြစ်သို့ ရောက်နိုင်ကြတယ်။

**ဝီထိစိတ်တွင်ပါဝင်သောစိတ်များ**

**စိတ်တစ်ခု၏သက်တမ်း**

စိတ်အစဉ်တန်းကို ဝီထိလို့ ခေါ်ပါတယ်။ အစဉ်တန်းဆိုပေမယ့် တစ်ခုပြီးတစ်ခု ပျောက်သွား၊ နောက်တစ်ခုက သူ့နေရာဝင်ဖြစ်ပါ။

"တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ"ဘွင်

စိတ်ဆိုတာဖြစ်တဲ့အခါမှာ တစ်ခဏမှာ စိတ်တစ်ခုပဲ ဖြစ်တာပါ။ ၂ ခု ၃ ခု ပြိုင် ပြိုင်ဖြစ်ရိုး မရှိပါဘူး။ ဒါပေမဲ့ စိတ်အဖြစ်က မြန်လွန်းတော့ တစ်ပြိုင်နက် သိတာအများကြီးလို့ ထင်ရပါတယ်၊ ဒါပေမဲ့ မြင်သိစိတ်ဖြစ်တယ်ဆိုရင် မြင်သိစိတ်လေးတစ်ခုတင် ဖြစ်တာမဟုတ်ဘဲ သူနဲ့တွဲဖြစ်တဲ့စိတ်တွေ အများကြီးရှိပါတယ်။ ဒါတွေကို စိတ်အစဉ်တန်း ဝီထိလို့ ခေါ်ပါတယ်။

**စိတ္တက္ခဏ**

"တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ"ဘွင်

အဲဒီ ဝီထိမှာပါတဲ့ စိတ်တစ်ခုစီရဲ့အသက်ကို စိတ္တက္ခဏလို့ ခေါ်ပါတယ်။ မျက်စိတစ်မှိတ်မှာ အဲဒီ စိတ္တက္ခဏပေါင်းဟာ ကုဋေများစွာ ဖြစ်ချုပ်နိုင်ပါတယ်။ တကယ့်ခဏလေးပါ။

အဲဒီ စိတ္တက္ခဏတစ်ခုမှာ ခဏငယ်က ၃ ခုရှိပါတယ်။

ဥပါဒ်ခဏ (ဖြစ်ခဏ) – ဥပ္ပါဒ

ဋ္ဌီခဏ (တည်ခဏ) – ဋ္ဌီတိ

ဘင်ခဏ (ချုပ်ခဏ) – ဘင်္ဂ



mgyoe.com SAMPLE BOOK

## ပဉ္စဒွါရဝီထိ

ပဉ္စဒွါရဝီထိဆိုတာက ၅ ဒွါရမှာဖြစ်တာပါ။

၁။ မြင်စရာအဆင်း (ရူပါရုံ) သည် မျက်စိ (စက္ခုပသာဒ) နှင့်ထိတွေ့လျှင် မြင်သိစိတ်အစဉ် (စက္ခုဒွါရဝီထိ) ဖြစ်တယ်။

၂။ ကြားစရာအသံ (သဒ္ဒါရုံ) သည် နား (သောတပသာဒ) နှင့်ထိတွေ့လျှင် ကြားသိစိတ်အစဉ် (သောတဒွါရဝီထိ) ဖြစ်တယ်။

၃။ အနံ့ (ဂန္ဓာရုံ) သည် နှာခေါင်း (ဃာနပသာဒ) ၌ထိတွေ့လျှင် အနံ့နှင့်ဆိုင်သောစိတ်အစဉ် (ဃာနဒွါရဝီထိ) ဖြစ်တယ်။

၄။ စားစရာအရသာ (ရသာရုံ) သည် လျှာ (ဇိဝှာပသာဒ) ၌ ထိတွေ့လျှင် အရသာသိစိတ်အစဉ် (ဇိဝှာဒွါရဝီထိ) ဖြစ်တယ်။

၅။ အတွေ့အထိအာရုံ (ဖောဋ္ဌဗ္ဗာရုံ) သည် ကိုယ် (ကာယပသာဒ) ၌ ထိတွေ့လျှင် ထိသိသည့်စိတ်အစဉ် (ကာယဒွါရဝီထိ) ဖြစ်တယ်။

## စက္ခုဒွါရဝီထိ


စက္ခုဒွါရဝီထိဖြစ်ရန်

၁။ ရူပါရုံခေါ်တဲ့ မြင်စရာအာရုံရှိရမယ်။

၂။ မြင်ကြောင်းဖြစ်ရတဲ့ စက္ခုပသာဒ ကောင်းရမယ်။

၃။ အလင်းရောင်ရှိရမယ်။

၄။ နှလုံးသွင်းမှု မနသိကာရ ရှိရမယ်။



mgyoe.com

**ဝီထိစိတ်**

"တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ"ဘွင်

အတီတဘဝင် – ပထမလွန်သွားတဲ့ဘဝင်

ဘဝင်္ဂစလန – လှုပ်တဲ့ဘဝင်

ဘဝင်္ဂုပစ္ဆေဒ – ပြတ်သွားတဲ့ဘဝင်

ပဉ္စဒွါရာဝဇ္ဇန်း – ဒွါရ၌ထင်လာသောအာရုံကို ဘယ်လိုအာရုံလဲ ဆင်ခြင်ပါတယ်။

စက္ခုဝိညာဏ် – မြင်သိစိတ်ဖြစ်ပါတယ်

သမ္ပဋိစ္ဆိုင်း – အာရုံကိုလက်ခံပါတယ်

သန္တီရဏ – အာရုံကိုစူးစမ်းပါတယ်

ဝုဋ္ဌော – က ဆုံးဖြတ်ပါတယ်


ဇော – က ခံစားပါတယ်

တဒါရုံ – ဇောနောက်သို့လိုက်၍ ဇောယူသည့်အာရုံကိုပင် ၂ ကြိမ်ယူပါတယ်။

**အတိမဟန္တာရုံစက္ခုဒွါရဝီထိဖြစ်ရန်**

ပဋိသန္ဓေစိတ်------ဘဝင်စိတ်------ဝီထိစိတ်------ဘဝင်စိတ်------စုတိစိတ်

မြင်စရာအဆင်း (ရူပါရုံ) သည် မျက်စိ (စက္ခုပသာဒ) နှင့်ထိတွေ့လျှင် မြင်သိစိတ်အစဉ် (စက္ခုဒွါရဝီထိ) ဖြစ်သည်။



"တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ"ဘွင်

အတီတဘဝင် – ပထမလွန်သွားတဲ့ဘဝင်

ဘဝင်္ဂစလန – လှုပ်တဲ့ဘဝင်

mgyoe.com

ဘဝင်္ဂုပစ္ဆေဒ – ပြတ်သွားတဲ့ဘဝင်
ပဉ္စဒွါရာဝဇ္ဇန်း – ဒွါရ၌ထင်လာသောအာရုံကို ဘယ်လိုအာရုံလဲ ဆင်ခြင်ပါတယ်။
စက္ခုဝိညာဏ် – မြင်သိစိတ်ဖြစ်ပါတယ်
သမ္ပဋိစ္ဆိုင်း – အာရုံကိုလက်ခံပါတယ်
သန္တီရဏ – အာရုံကိုစူးစမ်းပါတယ်
ဝုဋ္ဌော – က ဆုံးဖြတ်ပါတယ်
ဇော – က ခံစားပါတယ်
တဒါရုံ – ဇောနောက်သို့လိုက်၍ ဇောယူသည့်အာရုံကိုပင် ၂ ကြိမ်ယူပါတယ်။

ဘွင် "တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ"ဘွင်

တခြားစိတ် အထူးမဖြစ်တဲ့အခါ ဘဝင်စိတ်တွေဖြစ်နေပါတယ်။ အဲဒီလိုဖြစ်နေရာကနေ အာရုံတစ်ခုခုက ဒွါရတစ်ခုခုကို တွေ့လိုက်တဲ့အခါမှာ အဲဒီဘဝင်ဟာ ပထမတစ်ချက် လွန်သွားပါတယ်။ ဒါကို ဥပမာနဲ့ ပြောရရင် တအားပြေးလာတဲ့သူဟာ ချက်ချင်းမရပ်နိုင်သလိုပါပဲ။ ဘဝင်ကလည်း အရှိန်နဲ့လာနေတာဆိုတော့ အာရုံနဲ့တွေ့လိုက်တာနဲ့ တစ်ပြိုင်နက်တည်း ချက်ချင်းမရပ်နိုင်ပါဘူး။ တစ်ချက်လွန်သွားတယ်။ အဲဒီလို တစ်ချက်လွန်သွားတဲ့ဘဝင်ကို အတီတဘဝင်လို့ ခေါ်ပါတယ်။ အဲဒီလို တစ်ချက်လွန်သွားပြီးနောက် ခုနက အာရုံရဲ့ရိုက်ခတ်မှုကြောင့် ဘဝင်က လှုပ်သွားတာကို ဘဝင်္ဂစလနလို့ ခေါ်ပါတယ်။ လှုပ်ရာကနေ အာရုံက အားကောင်းတယ်ဆိုရင်တော့ နောက်တစ်ကြိမ်မှာ ဘဝင်က ပြတ်သွားတာကို ဘဝင်္ဂုပစ္ဆေဒလို့ ခေါ်ပါတယ်။

ဘွင် "တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ"ဘွင်

အာရုံက အားမကောင်းရင်တော့ အတီတဘဝင်က ၂ ကြိမ် ၃ ကြိမ်သွားဦးမှာပါ။ ဘဝင် ၃ ချက်လွန်သွားပြီးတဲ့နောက် အခုပစ္စုပ္ပန်မှာဖြစ်တဲ့ အာရုံဘက်ကို စိတ်ကို လှည့်ပေးပါတယ်။ ဒါကို ပဉ္စဒွါရာဝဇ္ဇန်းစိတ်လို့ ခေါ်ပါတယ်။ အဲလို ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပြီးနောက် မြင်သိစိတ်ဖြစ်ပါတယ် (စက္ခုဝိညာဏ်)။ အဲဒီ မြင်စိတ်လေးကလည်း တစ်ကြိမ်တည်းဖြစ်ပြီးတော့ ချုပ်သွားပါတယ်။ စက္ခုဝိညာဏ်ဖြစ်ပြီးနောက် (အာရုံကိုမြင်ပြီးနောက်) ဒီအာရုံကို လက်ခံတဲ့စိတ် သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်ပြီးတော့ ချုပ်ပါတယ်။ ပြီးရင် ရပြီးအာရုံကို အလိုရှိတဲ့အာရုံလား၊ အလိုမရှိအပ်တဲ့အာရုံလား စုံစမ်းတဲ့ သန္တီရဏစိတ်

mgyoe.com SAMPLE BOOK

ဖြစ်ပါတယ်။ စုံစမ်းတဲ့စိတ်ဖြစ်ပြီးတော့ ဝုဋ္ဌောက ဆုံးဖြတ်ချက်ချလိုက်ပါပြီ။ ထို့နောက် ဇောစိတ်က ခံစားပါတယ်။ ဇောခံစားတာက ပုံမှန်ဆိုရင် ၇ ကြိမ်ပါ။

"တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ"ဘွင်

ဇော ၇ ကြိမ်ဖြစ်ပြီးတဲ့နောက် ဇောနောက်လိုက်တဲ့ တဒါရုံ ၂ ကြိမ်ဖြစ်ပါတယ်။ တဒါရုံက ဇောယူတဲ့အာရုံကိုပဲယူပါတယ်။ အဲဒီတဒါရုံက ဖြစ်ရင်လည်း ၂ ကြိမ်ဖြစ်ရမှ လုံးဝရင်လည်း မဖြစ်ဘဲနေချင်နေမယ်။ ၁ ကြိမ်တည်းတော့ မဖြစ်ဘူး။ အဲဒီတဒါရုံကို ဘာနဲ့ ဥပမာပေးလဲဆိုတော့ ရေဆန်လှော်သွားတဲ့ လှေနောက်က ရေလေးနည်းနည်း ကပ်ပါသွားတာမျိုးနဲ့ ဥပမာပေးပါတယ်။ ခုန ရူပါရုံရုပ်နဲ့ သက်တမ်းက စိတ္တက္ခဏ ၁၇ ချက်ဖြစ်ပါတယ်။ အခု ၁၇ ချက်ပြည့်ပြီမို့ ရူပါရုံလည်း ချုပ်သွားရော ဘဝင်ပြန်ဖြစ်ကြပါတယ်။

## အတိမဟန္တာရုံဝီထိ

"တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ"ဘွင်

ဒီ ၁၇ ချက်လုံးမှာ ဝီထိရှိတာကို အတိမဟန္တာရုံလို့ ခေါ်ပါတယ်။ ဒါက ပစ္စုပ္ပန် ရူပါရုံကိုမြင်တာပါ။

အတိတ်က ရူပါရုံကို ပြန်မြင်တာကျတော့ စက္ခုဒွါရဝီထိ မဟုတ်ပါဘူး။ မနောဒွါရဝီထိနဲ့ မြင်တာ ဖြစ်ပါတယ်။ အတိမဟန္တာရုံဝီထိကို သရက်သီးကြွေသည့် ဥပမာနဲ့ နှိုင်းယှဉ်ပြလေ့ရှိပါတယ်။

အတိမဟန္တာရုံဝီထိနှင့် သရက်သီးကြွေသည့် ဥပမာ။

ဘွင် "တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ"ဘွင်

၁။ လူတစ်ယောက်သည် သစ်ပင်ရင်း၌ အိပ်ပျော်နေသည်ဆိုပါစို့။ ဤသို့ အိပ်ပျော်နေခြင်းသည် ဘဝင်စိတ် အစဉ်ငြိမ်သက်စွာဖြစ်ပေါ်နေသည်နှင့်တူတယ်။ (ဘဝင်)

၂။ ထို့နောက် သရက်သီးမှည့်တစ်လုံးသည် ထိုလူ၏အနီး၌ ကြွေကျလာတယ်။ ဤသို့ သရက်သီးကြွေကျလာခြင်းသည် အာရုံက ပသာဒရုပ်နှင့် ထိတိုက်လာသည်နှင့် တူတယ်။

၃။ သရက်သီးကြွေကျသံကြောင့် ထိုလူသည် ထရန် လှုပ်ရှားလာ၏။ ဤကား ဘဝင်စိတ် ၂ ကြိမ် လှုပ်၍ ပြတ်သည်နှင့်တူတယ်။ (ဘဝင်စလနနဲ့ ဘဝင်ုပစ္ဆေဒ)

mgyoe.com

mgyoe.com SAMPLE BOOK

၄။ ထိုသူသည် ဦးခေါင်းထောင်၍ ဆင်ခြင်စူးစမ်းတယ်။ ဤကား ပဉ္စဒွါရာဝဇ္ဇန်း စိတ်က အာရုံကို နှလုံးသွင်းသည်နှင့်တူတယ်။ (ပဉ္စဒွါရာဝဇ္ဇန်းစိတ်)

၅။ သရက်သီးကိုမြင်တယ်။ ဤကား ပဉ္စဝိညာဏ်စိတ် ဖြစ်သည်နှင့်တူတယ်။ (စက္ခုဝိညာဏ်)

၆။ သရက်သီးကို ကောက်ယူလိုက်တယ်။ ဤကား သမ္ပဋိစ္ဆိုင်းစိတ်က အာရုံကို လက်ခံသည်နှင့်တူတယ်။ (သမ္ပဋိစ္ဆိုင်း)

၇။ သရက်သီးကို အနီးကပ်ကြည့်ရှုနမ်းရှုပ်တယ်။ ဤကား သန္တီရဏစိတ်က အာရုံကို စူးစမ်းသည်နှင့်တူတယ်။ (သန္တီရဏ)

၈။ သရက်သီး ဝင်းမှည့်နေပြီး စား၍ရမှန်းသိတယ်။ ဤကား ဝုဋ္ဌောစိတ်က အာရုံကို ကောင်း မကောင်း ဆုံးဖြတ်ခြင်းနှင့်တူတယ်။ (ဝုဋ္ဌော)

၉။ သရက်သီးကို အားရပါးရ ၇ ကြိမ် ကိုက်စားတယ်။ ဤကား အာရုံ၏အရသာကို ဇော ၇ ကြိမ်ဖြင့် ခံစားသည်နှင့်တူတယ်။ (ဇော)

၁၀။ ခံတွင်း၌ ကျန်နေသေးသည့် သရက်သီးဖတ်အနည်းငယ်ကို တံတွေးနှင့် မျိုချပြီး အရသာခံတယ်။ ဤကား တဒါရုံ ၂ ကြိမ်ဖြင့် အာရုံကို ဆက်ခံစားသည်နှင့် တူတယ်။ (တဒါရုံ)

၁၁။ ထိုသူသည် စားပြီးနောက် ပြန်လဲလျောင်း၍ အိပ်ပျော်သွားတယ်။ (ဘဝင်စိတ်)

**မနောဒွါရဝီထိ၊ ရူပါနုဝီထိ၊ မဂ္ဂဝီထိ**

**မနောဒွါရဝီထိ**

မနောဒွါရ၌ အာရုံ ၆ ပါးအနက် တစ်ပါးပါးထင်လာသည့်အခါ မနောဒွါရဝီထိ ဖြစ်၏။ စိတ်သက်သက်နဲ့ သိတဲ့ ဝီထိ၊ မနောဒွါရကနေသိတဲ့ဝီထိ ဖြစ်ပါတယ်။ မနောဒွါရ ဝီထိ၌ ကာမဇောဝါရဝီထိနှင့် အပ္ပနာဇောဝါရဝီထိ ဟူ၍ ၂ မျိုးရှိပါတယ်။

**ကာမဇောမနောဒွါရ ဝိဘူတာရုံဝီထိ**

အာရုံ ၆ ပါးတို့တွင် ''အလွန်ထင်ရှားသော တစ်ပါးပါးသော အာရုံ'' သည် မနောဒွါရ၌ ထင်လာသည်ရှိသော ဝိဘူတာရုံဝီထိ ဖြစ်ပါတယ်။ ဒီဝီထိမှာ အတီတဘဝင် မပါတော့ဘဲ ဘဝင်္ဂစလန (န)၊ ဘဝင်္ဂုပစ္ဆေဒ (ဒ) ဟု ဘဝင် ၂ ကြိမ် လှုပ်၍ပြတ်ပြီးလျှင် ထိုထင်လာသောအာရုံကို ဆင်ခြင်ဆုံးဖြတ်သည့် မနောဒွါရာဝဇ္ဇန်း ၁ ကြိမ် (မ)၊ အာရုံ၏

mgyoe.com

အရသာကို ခံစားတတ်သော ဇော ၇ ကြိမ် (ဇ)၊ ဇောသို့ အစဉ်လိုက်သော တဒါရုံ ၂ ကြိမ် (ဒါ) ဖြစ်၍ ချုပ်ပြီးနောက် ဘဝင်များစွာကျသွား၏။

"န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ"–ဘွင်–ဘွင်

## မနောဒွါရဝီထိ

မနောဒွါရ၌ အာရုံ ၆ ပါးအနက် တစ်ပါးပါးထင်လာသည့်အခါ မနောဒွါရဝီထိ ဖြစ်ပါတယ်။ စိတ်သက်သက်နဲ့သိတဲ့ ဝီထိ၊ မနောဒွါရကနေသိတဲ့ ဝီထိ ဖြစ်ပါတယ်။

မနောဒွါရဝီထိ၌ ကာမဇောဝါရဝီထိနှင့် အပ္ပနာဇောဝါရဝီထိဟူ၍ ၂ မျိုးရှိပါတယ်။

## ကာမဇောမနောဒွါရ ဝိဘူတာရုံဝီထိ

အာရုံ ၆ ပါးတို့တွင် "အလွန်ထင်ရှားသော တစ်ပါးပါးသောအာရုံ" သည် မနောဒွါရ၌ ထင်လာသည်ရှိသော ဝိဘူတာရုံဝီထိ ဖြစ်ပါတယ်။ ဒီဝီထိမှာ အတီတဘဝင် မပါတော့ဘဲ ဘဝင်စလန (န)၊ ဘဝင်ုပစ္ဆေဒ (ဒ) ဟု ဘဝင် ၂ ကြိမ် လှုပ်၍ပြတ်ပြီးလျှင် ထိုထင်လာသောအာရုံကို ဆင်ခြင်ဆုံးဖြတ်သည့် မနောဒွါရာဝဇ္ဇန်း ၁ ကြိမ် (မ)၊ အာရုံ၏ အရသာကို ခံစားတတ်သော ဇော ၇ ကြိမ် (ဇ)၊ ဇောသို့ အစဉ်လိုက်သော တဒါရုံ ၂ ကြိမ် (ဒါ) ဖြစ်၍ ချုပ်ပြီးနောက် ဘဝင်များစွာကျသွားပါတယ်။

"န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ"–ဘွင်–ဘွင်

## အပ္ပနာဇောဒွါရဝီထိ

အပ္ပနာဇောဆိုတာ မဟဂ္ဂုတ်နဲ့ လောကုတ္တရာဇောတွေကို ခေါ်တာပါ။ အဲဒီထဲမှာ

ဈာနဝီထိ – ဈာန်ပထမရတဲ့အခါမှာ ဖြစ်တဲ့ဝီထိပါ

မဂ္ဂဝီထိ – မဂ်ရတဲ့အခါဖြစ်တဲ့ဝီထိပါ

## ဈာနဝီထိ

ဈာန်ရတဲ့ပုဂ္ဂိုလ်က ၂ မျိုးရှိနိုင်ပါတယ်။ ဈာန်ရတာကတော့ ဉာဏ်ထက်လို့ ရတာပါ။ ဒါပေမဲ့ အဲဒီအထက်ထဲမှာ မန္ဒဆိုတာက နည်းနည်းလေးနုံတာ၊ တိက္ခပုဂ္ဂိုလ် ဆိုတာက ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

အခု အောက်ပါဖော်ပြမှာက ပထမဆုံး ဈာန်ရတဲ့အခါမှာဖြစ်တဲ့ ဝီထိပါ။ ရူပါဝစရအပ္ပနာဝီထိ ၅ ပါးနဲ့ အရူပါဝစရ အပ္ပနာဝီထိ ၄ ပါးတို့ ဖြစ်ပါတယ်။ အောက်မှာ ပြထားတဲ့ ဥပမာကတော့ ရူပါဝစရ ပထမဈာန်ကုသိုလ်စိတ် အပ္ပနာဝီထိ ဖြစ်ပါတယ်။

**မန္ဒပညာပုဂ္ဂိုလ်၏ ဈာနဝီထိ**

န–ဒ–''မ–ပ–ဥ–နု–ဂေါ–ဈာန်''–ဘွင်–ဘွင်

**တိက္ခပညာပုဂ္ဂိုလ်၏ ဈာနဝီထိ**

န–ဒ–''မ–ဥ–နု–ဂေါ–ဈာန်''–ဘွင်–ဘွင်

**ရှင်းလင်းချက်မှာ**

ကသိုဏ်းနိမိတ်အာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်စလန (န) ဘဝင်ဂုပစ္ဆေဒ (ဒ) ဟူ၍ ဘဝင် ၂ ကြိမ်လှုပ်၍ ပြတ်ပြီးလျှင် ထိုကသိုဏ်းနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် (မ) ဖြစ်ပါတယ်။ အဲဒီနောက်ကို ကာမာဝစရဇော မန္ဒပညာပုဂ္ဂိုလ်ဆို ၄ ကြိမ်လာပါမယ်။ တိက္ခပညာပုဂ္ဂိုလ်ဆို ၃ ကြိမ်လာပါမယ်။

မန္ဒပညာပုဂ္ဂိုလ်မှာလာတဲ့ ကာမာဝစရဇော ၄ ကြိမ်က ပရိကံ (ပ)၊ ဥပစာ(ဥ)၊ အနုလုံ (နု)၊ ဂေါတြဘူ (ဂေါ) တို့ပါ။ တိက္ခပညာပုဂ္ဂိုလ်ကျတော့ ပရိကံ (ပ) မပါတော့ဘဲ ၃ ကြိမ်သာဖြစ်ပါတယ်။

ထို့နောက် ရူပါဝစရ ပထမဈာန်ကုသိုလ်စိတ်သည် အပ္ပနာဇောအဖြစ် ၁ ကြိမ် ဖြစ်ပြီး ချုပ်ပါတယ်။ ထို့နောက် ဘဝင်များစွာကျပြီး ဈာန်မှထပါတယ်။

**မဂ္ဂဝီထိ**

မဂ္ဂဝီထိက ဘယ်အချိန်မှာကျသလဲဆိုတော့ ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်လို့ ဉာဏ်စဉ်အဆင့်ဆင့်တက်သွားလို့ တရားထူးရတယ်ဆိုတဲ့အချိန်မှာ ဖြစ်ပေါ်တဲ့ ဝီထိ ဖြစ်ပါတယ်။ မဂ်ဉာဏ်အဆင့် ၄ ဆင့် ရှိပါတယ်။

**၁။ သောတာပတ္တိမဂ္ဂအပ္ပနာဝီထိ**

မန္ဒပညာပုဂ္ဂိုလ်၏ မဂ္ဂဝီထိ

န–ဒ–''မ–ပ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်''–ဘွင်–ဘွင်

mgyoe.com

mgyoe.com SAMPLE BOOK

တိက္ခပညာပုဂ္ဂိုလ်၏ မဂ္ဂဝီထိ
န–ဒ–"မ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–ဖိုလ်"–ဘွင်–ဘွင်

**ရှင်းလင်းချက်မှာ**

ပုထုဇဉ်ယောဂီ၏ မနောဒွါရ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး ၃ ပါး အာရုံထင်လာသည်ရှိသော် ဘဝ်ဂစလန (န)၊ ဘဝင်ုပစ္ဆေဒ (ဒ) ဟူ၍ ဘဝင် ၂ ကြိမ် လှုပ်၍ပြတ်ပြီးလျှင် ထိုထင်လာသောအာရုံကို ဆင်ခြင်လျက် .မနောဒွါရဝဇ္ဇန်းစိတ် (မ) ဖြစ်တယ်။

အဲဒီနောက်ကို မန္ဒပညာပုဂ္ဂိုလ်ဆိုလျှင် လက္ခဏာရေး ၃ ပါးကို အာရုံပြုလျက် ပရိကံ (ပ)၊ ဥပစာ (ဉ)၊ အနုလုံ (နု) ဟု ၃ ကြိမ်၊ နိဗ္ဗာန်ကို အာရုံပြုလျက် ဂေါတြဘူ (ဂေါ) ဟု ၁ ကြိမ်ဖြစ်လျက် ချုပ်တယ်။ ထို့နောက် သောတာပတ္တိမဂ်ဇောသည် နိဗ္ဗာန်ကို အာရုံပြု၍ ၁ ကြိမ်ဖြစ်လျက် ထိုမဂ်၏ အခြားမဲ့၌ သောတာပတ္တိဖိုလ်ဇောသည် နိဗ္ဗာန်ကို အာရုံပြုလျက် ၂ ကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်ကျ၍ မဂ်မှထတယ်။

တိက္ခပညာပုဂ္ဂိုလ်ဖြစ်သော် ပရိကံကိုချန်လှပ်ပြီး ဖိုလ်ဇော ၃ ကြိမ်စောပါမယ်။

၂။ သကဒါဂါမိမဂ္ဂအပ္ပနာဝီထိ

၃။ အနာဂါမိမဂ္ဂအပ္ပနာဝီထိ

၄။ အရဟတ္တမဂ္ဂအပ္ပနာဝီထိ

ဂေါတြဘူနေရာ၌ ဝေါဒါန်ကို ထည့်ပါမယ်။

ဂေါတြဘူ – ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ဖြစ်စေတတ်သောစိတ်

ဝေါဒါန် – ဖြူဖွေးကြည်လင် သန့်ရှင်းသောစိတ်

**ဝိညာဏဓာတ်၇ပါး**

ဓာတ်ဆိုတာ စိတ်ပါပဲ။ ဝိညာဏ်ဆိုတာလည်း စိတ်နဲ့အတူတူပါပဲ။

ဓာတ် = ဓာတု

ဥပမာ –

စက္ခုဝိညာဏဓာတ် = စက္ခုဝိညာဏဓာတု

mgyoe.com

mgyoe.com SAMPLE BOOK

မနောဓာတ် = မနောဓာတု
မနောဝိညာဏဓာတ် = မနောဝိညာဏဓာတု
စိတ် ၈၉ ပါးကို ခွဲလိုက်ရင် –

၁။ ပဉ္စဝိညာဏဓာတ် – ၁၀

ဒွေပဉ္စဝိညာဏ် ၁၀ လို့ ခေါ်ပါတယ်။
(ပုံတွင် အကွက်အတွင်း၌ရှိသောစိတ် ၁၀ ခု ဖြစ်ပါတယ်)

- စက္ခုဝိညာဏဓာတ်ဆိုရင် စက္ခုဝိညာဏ်စိတ် ၂ ပါး (အကုသလဝိပါက်နှင့် အဟိတ်ကုသလဝိပါက်)
- သောတဝိညာဏဓာတ်ဆိုရင် သောတဝိညာဏ်စိတ် ၂ ပါး (အကုသလဝိပါက်နှင့် အဟိတ်ကုသလဝိပါက်)
- ဃာနဝိညာဏဓာတ်ဆိုရင် ဃာနဝိညာဏ်စိတ် ၂ ပါး (အကုသလဝိပါက်နှင့် အဟိတ်ကုသလဝိပါက်)
- ဇိဝှာဝိညာဏဓာတ်ဆိုရင် ဇိဝှာဝိညာဏ်စိတ် ၂ ပါး (အကုသလဝိပါက်နှင့် အဟိတ်ကုသလဝိပါက်)
- ကာယဝိညာဏဓာတ်ဆိုရင် ကာယဝိညာဏ်စိတ် ၂ ပါး (အကုသလဝိပါက်နှင့် အဟိတ်ကုသလဝိပါက်)

၂။ မနောဓာတ် – ၃

- ပဉ္စဒွါရာဝဇ္ဇန်း နဲ့
- သမ္ပဋိစ္ဆိုင်းဒွေး (အကုသလဝိပါက်နှင့် အဟိတ်ကုသလဝိပါက်)

၃။ မနောဝိညာဏဓာတ် – ၇၆

စိတ် ၈၉ ပါးထဲမှ အပေါ်မှ စိတ် ၁၀ + ၃ = ၁၃ ကိုနုတ်ပြီး ကြွင်းစိတ် ၇၆ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## အဟိတ်စိတ် ၁၈ ပါး

### အကုသလဝိပါက်စိတ် ၇ ပါး

(၁) ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် (မြင်သိစိတ်)

(၂) ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် (ကြားသိစိတ်)

(၃) ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် (အနံ့သိစိတ်)

(၄) ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ်စိတ် (အရသာသိစိတ်)

(၅) ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် (ထိသိစိတ်)

(၆) ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် (အာရုံလက်ခံစိတ်)

(၇) ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (အာရုံစူးစမ်းစိတ်)

### အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး

(၁) ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် (မြင်သိစိတ်)

(၂) ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် (ကြားသိစိတ်)

(၃) ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် (အနံ့သိစိတ်)

(၄) ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ်စိတ် (အရသာသိစိတ်)

(၅) သုခသဟဂုတ် ကာယဝိညာဏ်စိတ် (ထိသိစိတ်)

(၆) ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် (အာရုံလက်ခံစိတ်)

(၇) ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (အာရုံစူးစမ်းစိတ်)

(၈) သောမနဿသဟဂုတ် သန္တီရဏစိတ်

### အဟိတ်ကြိယာစိတ် ၃ ပါး

(၁) ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် စသည်တို့၌ ဝင်လာသောအာရုံများကို ဆင်ခြင်နှလုံးသွင်းတတ်သောစိတ်)

(၂) ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် (စိတ်၌ ထင်လာသော အာရုံများကို ဆင်ခြင် နှလုံးသွင်းတတ်သောစိတ်)

(၃) သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် (မြတ်စွာဘုရားနှင့် ရဟန္တာများ ပြုံးရယ်သောစိတ်)

mgyoe.com

mgyoe.com SAMPLE BOOK

**ဝိညာဏစိတ် ၇ ပါး ရေတွက်နည်း**

၁။ စက္ခုဝိညာဏစိတ်

၂။ သောတဝိညာဏစိတ်

၃။ ဃာနဝိညာဏစိတ်

၄။ ဇိဝှာဝိညာဏစိတ်

၅။ ကာယဝိညာဏစိတ်

၆။ မနောစိတ်

၇။ မနောဝိညာဏစိတ်

ဒီ ဝိညာဏစိတ် ၇ ပါးကို အသိရဲ့အင်အားနဲ့ ခွဲမယ်ဆိုရင် –

၁။ မနောစိတ်က သိရုံမျှလေးပါ။

၂။ သူ့ထက်နည်းနည်းပိုသိတာက ပဉ္စဝိညာဏစိတ်ပါ။

၃။ မနောဝိညာဏစိတ်ကျမှ အားအရှိဆုံးနဲ့သိမှာပါ။

**အာရုံနှင့်အာရုံအမျိုးအစားများ**

**အာရုံ**

စိတ်စေတသိက်တို့ လာရောက်၍ မွေ့လျော်ရာဖြစ်သောကြောင့် အာရုံဟု ခေါ်ပါတယ်။ အာရုံခြောက်ပါးရှိပါတယ်။

၁။ ရူပါရုံ – မြင်အပ်သော အဆင်းအမျိုးမျိုး

၂။ သဒ္ဒါရုံ – ကြားအပ်သော အသံအမျိုးမျိုး

၃။ ဂန္ဓာရုံ – နမ်းရှူအပ်သော အနံ့အမျိုးမျိုး

၄။ ရသာရုံ – လျက်အပ်၊ သာယာအပ်သော အရသာအမျိုးမျိုး

၅။ ဖောဋ္ဌဗ္ဗာရုံ – ထိတွေ့၍ သိအပ်သော အရာအမျိုးမျိုးနှင့်

၆။ ဓမ္မာရုံ – ပသာဒရုပ်ငါးပါး၊ သုခုမရုပ် ၁၆ ပါး၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်၊ ပညတ်တို့ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

**အာရုံအမျိုးအစားများ**

**၁။ အနိဋ္ဌာရုံ**

အနိဋ္ဌာရုံဆိုတာ အလိုမရှိအပ်တဲ့ အာရုံ၊ မနှစ်သက်တဲ့အာရုံ၊ မကောင်းတဲ့ အာရုံကို ခေါ်ပါတယ်။ လောကမှာ မမြင်ချင်တဲ့အရာတွေ မြင်ရတယ်၊ မကြားချင်တဲ့ အသံတွေကြားရတယ်၊ အနံ့တွေ နံစော်နေတာ ရှူရတယ်၊ မော်တော်ကားချင်းတိုက်လို့ သွေးသံရဲရဲတွေ မြင်ရတယ်။ ဒါတွေအားလုံးက အနိဋ္ဌာရုံတွေပါ။

**၂။ ဣဋ္ဌမဇ္ဈတ္တာရုံ**

ဣဋ္ဌမဇ္ဈတ္တာရုံဆိုတာကတော့ အလိုအပ်တဲ့ သာမန်အာရုံ ဖြစ်ပါတယ်။ ရိုးရိုး အလိုရှိအပ်တာကို ဣဋ္ဌမဇ္ဈတ္တာရုံလို့ ခေါ်တယ်။ တချို့နေရာကျတော့ ဒီ ဣဋ္ဌမဇ္ဈတ္တာရုံကိုပဲ ဣဋ္ဌာရုံလို့ ခေါ်ပါတယ်။

**၃။ အတိဣဋ္ဌာရုံ**

အတိဣဋ္ဌာရုံဆိုတာက အလွန်အလိုရှိအပ်တဲ့ အာရုံ ဖြစ်ပါတယ်။ အလွန် အလိုရှိအပ်သော ဘုရားစသော အာရုံ ဖြစ်ပါတယ်။ (ပုဂ္ဂိုလ်ပေါ်တော့ မူတည်ပါတယ်)။

**အာရုံနှင့်ဝီထိ**

၁။ အနိဋ္ဌာရုံကိုအာရုံပြုပြီးတော့ ဝီထိဖြစ်ရင် အဲဒီဝီထိမှာပါတဲ့စိတ်တွေသည် အကုသလဝိပါက်ဖြစ်ပါမယ်။

၂။ ဣဋ္ဌမဇ္ဈတ္တာရုံကို အာရုံပြုပြီးတော့ ဝီထိဖြစ်ရင် အဲဒီဝီထိမှာပါတဲ့ စိတ်တွေသည် ကုသလဝိပါက် ဖြစ်ပါမယ်။

၃။ အတိဣဋ္ဌာရုံကို အာရုံပြုပြီးတော့ ဝီထိဖြစ်ရင် အဲဒီဝီထိမှာပါတဲ့စိတ်တွေသည် ကုသလဝိပါက် ဖြစ်ပါမယ်။ (အဲဒီမှာ ထူးခြားချက်က သန္တီရဏနဲ့ တဒါရုံကို သောမနဿချည်းပဲ ချရပါမယ်)။

mgyoe.com

mgyoe.com SAMPLE BOOK

**ဝိပါက်အမှန် ဇောအပြန်**

ဝိပါက် – အနိဋ္ဌာရုံကိုတွေ့ရင် ဝိပါက်က အကုသလဝိပါက် သေချာတယ်။

ဇော – ဇောကျတော့ မမှန်ဘူး။

အနိဋ္ဌာရုံကိုတွေ့ပေမယ့် ကိုယ်က အသင့်အတင့်နှလုံးသွင်းတတ်ရင် ကုသိုလ်ဇော စောမယ် (ယောနိသောမနသိကာရ)။

အနိဋ္ဌာရုံကို တွေ့ပေမယ့် ကိုယ်က အသင့်အတင့် နှလုံးမသွင်းတတ်ဘူးဆိုရင် အကုသိုလ်ဇော စောမယ် (အယောနိသောမနသိကာရ)။

ဉပမာကတော့–အသုဘကောင်ကြီးကိုကြည့်ပြီး ကမ္မဋ္ဌာန်း စီးဖြန်းနေရင် အနိဋ္ဌာရုံပေမယ့် ကုသိုလ်ဇော ဖြစ်ပါတယ်။

◎

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၅)

# ဘုံပိုင်း

**၃၁ ဘုံနှင့် နတ်ပြည်အကြောင်း**

<u>၃၁ ဘုံ</u>

အပါယ်ဘုံ ၄ ဘုံ

ကာမသုဂတိဘုံ ၇ ဘုံ

ရူပါဘုံ ၁၆ ဘုံ

အရူပါဘုံ ၄ ဘုံ

ပေါင်း ၃၁ ဘုံ

၁။ "အပါယ် ၄ ဘုံ (ဝါ) ကာမဒုဂ္ဂတိ ၄ ဘုံ"မှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့ ဖြစ်ပါသည်။

၂။ "ကာမသုဂတိ ၇ ဘုံ" မှာ လူ့ပြည်နဲ့နတ်ပြည် ၆ ထပ်ဖြစ်ပါသည်။

၃။ "ရူပ ၁၆ ဘုံ" မှာ ရူပပြဟ္မာများရှိကြပြီး ပထမစျာန် ၃ ဘုံ၊ ဒုတိယစျာန် ၃ ဘုံ၊ တတိယစျာန် ၃ ဘုံနှင့် စတုတ္ထစျာန် ၇ ဘုံတို့ ဖြစ်ပါသည်။

၄။ "အရူပ ၄ ဘုံ" မှာ အရူပပြဟ္မာများ ရှိကြပါသည်။

အပါယ် ၄ ဘုံနှင့် ကာမသုဂတိ ၇ ဘုံကိုပေါင်းပြီး ကာမ ၁၁ ဘုံလို့ ခေါ်ပါသည်။ ကာမဂုဏ်ခံစားရာ ဘုံတွေဖြစ်ကြတယ်။

**နတ်ပြည်အကြောင်း**

နတ်စည်းစိမ်ကား လူ့စည်းစိမ်ထက် နေရာတိုင်းပင် သာလွန်ပါတယ်။ အားလုံးသော နတ်လုလင်တို့က အသက် ၂၀ အရွယ်၊ နတ်မိမယ်တို့က ၁၆ နှစ်အရွယ်၊ သွားကျိုး ဆံဖြူ နားအူ မျက်မွဲ အရေတွန့်ခြင်းမရှိ။ နတ်သြဇာ အဆီအနှစ်ကိုသာ စားသောက်ကြရသဖြင့် ခန္ဓာကိုယ်အတွင်း၌ အလေးအပေါ့မှစ၍ မကောင်းသော အနိဋ္ဌာရုံ ဟူသမျှ လုံးဝ မရှိတော့ပေ။

mgyoe.com

mgyoe.com SAMPLE BOOK

သို့ဖြစ်၍ နတ်ပြည်ရောက်မှ အန္တရာယ်ကင်း ရန်ဘေးရှင်းလျက် တရားဘက် ၌သာ အားထုတ်၍ ယောဂီလုပ်မယ်လို့ မမျှော်လင့်ပါနဲ့။ နတ်ပြည်၌ ကမ္မဋ္ဌာန်းကိုမဆို ထားနှင့် ဥပုသ်မကျိုးအောင် စောင့်စည်းဖို့ပင် ခဲယဉ်းပါတယ်။ နတ်ပြည်၏စည်းစိမ်အာရုံ များသည် တရားမေ့အောင် မှိုင်းတိုက်နိုင်ကြတယ်။

နတ်ပြည်၌ သူတော်ကောင်းစိတ်ဓာတ်မြဲကြသူတို့အဖို့ကား မျှော်လင့်ချက် အနည်းငယ်ရှိတယ်။ ထိုအချက်ကား ဘုရားအလောင်းလက်ထက်က ဆံတော်ဓာတ်နှင့် လက်ယာစွယ်တော်များကို ကိန်းဝပ်တော်မူလျက်ရှိသည့် စူဠာမဏိစေတီတော်ကြီးရှိတယ်။ သဒ္ဓါတရား ထက်သန်ကြသော နတ်သားနတ်သမီးများမှာ သက်တမ်းကလည်းရှည် စိတ်ဓာတ်ကလည်း ကြည်သောကြောင့် စေတီတော်ထံပါး၌ လှူဖွယ်ဝတ္ထုများဖြင့် ဝံ့်တွား ဆည်းကပ်၍ ဆုထူးဆုမြတ်ပန်ဆင်ကာ ရသင့်သမျှပါရမီ တိုးပွားအောင် ကြိုးစားနိုင် ကြတယ်။

ထို့အပြင် ကျက်သရေဒေအပေါင်းဖြင့် တင့်တယ်ခမ်းနားလှသော သုဓမ္မာ ဓမ္မာရုံ ကြီးမှာ တစ်ခါတစ်ရံ သိကြားမင်းကိုယ်တိုင် တရားဟောတယ်။ တစ်ခါတစ်ရံ ဗြဟ္မာ့ပြည်မှ ဆင်းသက်လာသည့် ဗြဟ္မာမင်းတရားဟောတယ်။ တစ်ခါတစ်ရံ တရားဟောကောင်းသော နတ်သားတစ်ဦးဦးက ဟောဇ၏။ ထို့ကြောင့် စူဠာမဏိစေတီကို ဖူးမြော်ရခြင်း၊ သုဓမ္မာ နတ်သဘင်ဝယ် တရားနာရခြင်းတို့ကြောင့် သူတော်ကောင်းစိတ်ဓာတ် ခိုင်မြဲ၍ ကာမဂုဏ် ထဲမှ အထိုက်အလိုက် ရှောင်လွှဲနိုင်စရာရှိပေတယ်။

ကာမဂုဏ်ကိုစက်ဆုပ်သော. အနာဂါမ်နှင့် ရဟန္တာတို့သည် နတ်ပြည်မှာ ကြာရှည်စွာမနေနိုင်ကြတော့သဖြင့် အနာဂါမ်ဖြစ်သူတို့က ဗြဟ္မာ့ပြည်သို့ စုတေရွှေ့ပြောင်း ကြ၍ ရဟန္တာအပေါင်းတို့မှာ ပရိနိဗ္ဗာန် စံကြလေတော့တယ်။ ထို့ကြောင့် လူ့ပြည်၌လည်း ထူးခြားသော လူသူတော်ကောင်းများဖြစ်၍ နတ်ပြည်သို့ရောက်ခဲ့လျှင်လည်း နတ်သူတော် ကောင်းများ ဖြစ်ကြပြီး ရင့်သည်ထက်ရင့်အောင် ပါရမီဖြည့်ကျင့်နိုင်ကြပါစေ။

## နတ်ပြည် ၆ ထပ်

၁။ စတုမဟာရာဇ်တုံ (အောက်ဆုံးမှာရှိတယ်)

နတ်မင်းကြီးလေးပါးတို့၏ နေရာအရပ်၊ အုပ်ချုပ်ရာအရပ် ဖြစ်တယ်။ ဘီလူး၊ ယက္ခ၊ ငရဲမင်းတို့သည် စတုမဟာရာဇ်နတ်အနွယ် ဖြစ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

၂။ တာဝတိံသာဘုံ
မာဃလုလင် (သိကြားမင်း)နှင့်တကွ ကောင်းမှုပြုဖက် သုံးကျိပ်သုံးယောက်သော နတ်မင်းကြီးတို့ နေရာအရပ်ဖြစ်တယ်။

၃။ ယာမာဘုံ
ပူပန်ဆင်းရဲခြင်းအဝဝမှ ကင်းလွတ်၍ ချမ်းသာအဝဝနှင့် ပြည့်စုံစွာခံစားရသော ယာမာနတ်တို့၏ နေရာအရပ်ဖြစ်တယ်။

၄။ တုသိတာဘုံ
စည်းစိမ်အထွေထွေနှင့် ပြည့်စုံ၍ နှစ်သက်ခြင်းသို့ရောက်သော တုသိတာနတ်တို့၏ နေရာအရပ်ဖြစ်တယ်။ ဘုရားအလောင်း သူတော်ကောင်းတို့ ကွန်းခိုရာ နတ်ပြည်ဖြစ်တယ်။

၅။ နိမ္မာနရတိဘုံ
ကိုယ်လိုချင်တဲ့ စည်းစိမ်မှန်သမျှကို ကိုယ့်စိတ်ကြိုက် ဖန်ဆင်းနိုင်သည့် မိမိတို့ ဖန်တီးအပ်သော နတ်ဘုံနတ်နန်း၌ မွေ့လျော်တတ်သော နိမ္မာနရတိနတ်တို့၏ နေရာအရပ် ဖြစ်တယ်။

၆။ ပရနိမ္မိတဝသဝတ္တိဘုံ
သူတစ်ပါးတို့ ဖန်ဆင်းအပ်သော စည်းစိမ်ချမ်းသာ၌ လူတို့၏ အရေအတွက်အားဖြင့် အနှစ် ၉ သန်းဖြစ်တယ်။ အထက်နတ်တို့၏သက်တမ်းကိုတွက်လိုသော် အောက်နတ်၏သက်တမ်းကို ၄ ဖြင့်မြှောက်ရတယ်။

ဥပမာ –
စတုမဟာရာဇ်နတ်၏ သက်တမ်းသည် လူ့သက်တမ်း ၉ သန်းနှင့်ညီမျှတယ်။
တာဝတိံသာနတ်၏သက်တမ်း လူ့သက်တမ်း ၃၆ သန်းနှင့် ညီမျှတယ်။
ယာမာနတ်၏သက်တမ်းသည် လူ့သက်တမ်း ၁၄၄ သန်းနှင့် ညီမျှတယ်။

## ငရဲဘုံအကြောင်း

ငရဲသည် သတ္တဝါတို့၏ ကံအားလျော်စွာ အမျိုးမျိုးတည်ရှိနေတယ်။ ငရဲကြီး ရှစ်ထပ်ရှိတယ်။ ငရဲတစ်ထပ်တစ်ထပ်၌ ငရဲငယ် ၅ ခု တံတိုင်းခတ်သကဲ့သို့ ရံပတ်၍ နေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

**ယမမင်း**

စတုမဟာရာဇ်နတ်တို့တွင် အပါအဝင်ဖြစ်သော ဝေမာနိက ပြိတ္တာမင်းကိုပင် ''ယမမင်း'' လို့ ခေါ်တယ်။ တစ်ခါတစ်ရံ နတ်စည်းစိမ်ကိုခံစား၍ တစ်ခါတစ်ရံမှာမူ မကောင်းမှုကံအကျိုးကို ရိုးရိုးပြိတ္တာများကဲ့သို့ ခံစားရရှာသေးတယ်။ ထိုယမမင်းကား တစ်ယောက်သာမက အများပင်ရှိလေတယ်။

အကုသိုလ်ကြီးသူတို့မှာ တစ်ခါတည်း ငရဲသို့ကျလေတယ်။ အကုသိုလ်နည်းပါးသူများအတွက် လွတ်လိုလွတ်ငြား‌အနေဖြင့် ယမမင်းထံ အစစ်ဆေးခံခွင့်ရှိလေတယ်။ ထို့ကြောင့် ယမမင်း၏ စစ်ဆေးမှုမှာ အပြစ်ရှာလို၍မဟုတ် လွှတ်သင့်က လွတ်ခွင့်ရစေလိုသောကြောင့်ဖြစ်တယ်။ သို့အတွက် ယမမင်းဟူသည်မှာ ''တရားစောင့်သောမင်းကောင်းမင်းမြတ်'' ဟု မှတ်ယူပါ။ (ဒေဝဒူတသုတ်)

**ငရဲထိန်းများ**

ငရဲထိန်းများကား စတုမဟာရာဇ်နတ်မျိုးအပါအဝင် နတ်ဘီလူးများတည်း။ အနည်းငယ်သော အကုသိုလ်ဖြင့် ကျရောက်လာသူများကို ယမမင်းထံပို့ခြင်း၊ ငရဲသို့ ရောက်ပြီးသူများကို ရက်စက်ကြမ်းကြုတ်စွာ အမျိုးမျိုးနှိပ်စက်ခြင်းတို့ဖြစ်တယ်။

**ငရဲကြီးရှစ်ထပ်**

**၁။ သဉ္ဇီဝငရဲ**

ထိုငရဲသို့ကျလာသော သတ္တဝါတို့ကို ငရဲထိန်းတို့က အပိုင်းပိုင်းပြတ်အောင် ခုတ်ဖြတ်ကြတယ်။ သို့သော် တစ်ခါတည်းသေကျေပျောက်ပျက်မသွားဘဲ အကုသိုလ်မကုန်သေးသမျှ ထပ်တလဲလဲ အသက်ရှင်လျက် ငရဲထိန်းတို့၏ ခုတ်ဖြတ်မှုကို ပြင်းထန်စွာ ခံကြရရှာလေတယ်။

**၂။ ကာဠသုတ်ငရဲ**

ထိုငရဲသို့ကျလာသော သတ္တဝါတို့ကို ငရဲထိန်းတို့က အတင်းလိုက်၍ မောဟိုက်လဲကျသွားသောအခါ ပက်လက်တစ်မျိုး မှောက်ခုံတစ်ဖုံ အမျိုးမျိုး ခုတ်ကြလေတယ်။ အကုသိုလ်မကုန်သေးသမျှ လွတ်ခွင့်မရ၊ သေလည်းမသေနိုင်ကြ။

mgyoe.com

၃။ သံဃာတငရဲ

ထိုငရဲ၏ အောက်မြေပြင်မှာ မီးလျှံတွေထလျက်ရှိသော သံမြေပြင်ကြီးဖြစ်တယ်။ ထိုငရဲသို့ကျရောက်လာသူများကို ထိုသံမြေပြင်၌ ထန်းပင်ငုတ်ကလေးတွေစိုက်ထားသလို ခါးအထိမြှုပ်ပြီးထားကြတယ်။ အရပ်လေးမျက်နှာ တစ်ခုစီမှလာသော သံတောင်ကြီးတွေက ဖိနှိပ်ကြိတ်ခြေကြတယ်။ အကုသိုလ်ကံမကုန်သေးသမျှ ငုတ်စုစုထွက်ပေါ်လျက် ဆက်ကာဆက်ကာ အကြိတ်ခံရရှာလေတယ်။

၄။ ရောရုဝငရဲ

ထိုငရဲ၌ မီးတောက်တို့သည် တဟုန်းဟုန်းထလျက်ရှိတယ်။ ထိုငရဲသို့ကျရောက်သောသူတို့အား ထိုမီးတောက်မီးလျှံများက ဒွါရ ၉ ပေါက်မှ ဝင်ရောက်လောင်ကျွမ်းသဖြင့် တစာစာအော်နေကြရလေတယ်။

၅။ မဟာရောရုဝငရဲ

ဤငရဲကား မီးတောက်မီးလျှံမဟုတ်ဘဲ မီးခိုးတွေ တစ်ငရဲလုံး ဖုံးလွှမ်းနေတယ်။ ထိုငရဲသို့ကျရောက်သူများကို မီးခိုးလုံးများက အတွင်းအပြင် ဝင်ကြသဖြင့် ငရဲသူ ငရဲသားများမှာ သနားစဖွယ်အော်နေကြရလေတယ်။

၆။ တာပနငရဲ

ထိုငရဲသို့ကျရောက်လာသော သတ္တဝါများကို ထန်းလုံးလောက်ကြီးမား၍ မီးလျှံထနေသော သံတံကျင်၌ မလှုပ်နိုင်အောင် စိုက်ထားပြီးလျှင် ထိုသံတံကျင်မှထွက်သော မီးအလျှံတို့က အမြဲ ပူလောင်စေတယ်။

၇။ မဟာတာပနငရဲ

ထိုငရဲ၌ မီးလျှံထနေသော သံတောင်ကြီးရှိတယ်။ ထိုသံတောင်၏ အောက်ခြေ၌ သံတံကျင်တွေ စိုက်ထားတယ်။ ထိုငရဲသို့ကျရောက်လာသူများကို ငရဲထိန်းတို့က သံတောင်ပေါ်သို့ မတက်တက်အောင် ရိုက်နှက်၍တင်ကြတယ်။ သံတောင်ပေါ်သို့ ရောက်သောအခါ လေမုန်တိုင်းဖြစ်ပေါ်လာပြီး တောင်ခြေ၌ရှိသော တံကျင်ပေါ်သို့ကျပြီး ကားခနဲ စူးဝင်ကြရလေတော့တယ်။

၈။ အဝီစိငရဲ (မီးတောက်၊ ငရဲသား၊ ဆင်းရဲ အကြားမရှိ)

ထိုအဝီစိငရဲ၌ မီးတောက်မီးလျှံများမှာ ကြားမရှိ ဆက်၍နေတယ်။ ဝါးကျည်တောက်အတွင်း၌ မုန်ညင်းစေ့ကလေးတွေ ပြည့်ကျပ်နေသကဲ့သို့ သတ္တဝါတွေ ပြည့်ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

ညပ်နေတော့တယ်။ ဆင်းရဲဒုက္ခများနှင့်သာ ပြည့်နေတယ်။ ပဋ္ဌာနုဿရိယကံထဲက တစ်ပါးပါး ကျူးလွန်လျှင် အဝီစိငရဲသို့ကျတယ်။

အရှင်ဒေဝဒတ်သည် သံဃာသင်းခွဲခြင်း၊ မြတ်စွာဘုရားကို သတ်ရန်ကြံခြင်း တို့ကြောင့် အဝီစိငရဲသို့ရောက်ခြင်းဖြစ်တယ်။ ငရဲကြီးမှလွတ်ထွက်လျှင် ငရဲငယ်သို့ ရောက်သွားနိုင်ပါသေးတယ်။ ငရဲကြီး ၈ ထပ်၏ အထပ်တိုင်းတွင် ဘင်ပုပ်ငရဲ၊ ပြာပူငရဲ၊ လက်ပံတောငရဲ၊ သန်လျက်ရွက်တောငရဲ၊ ကြိမ်ပိုက်ချောင်းငရဲဟူ၍ ငရဲငယ် ၅ ခုက တံတိုင်းခတ်သကဲ့သို့ ရံပတ်၍နေကြတယ်။ ဥပမာ –

ဘင်ပုပ်ငရဲ – အင်မတန် အနံ့ပြင်းထန်သော မစင်တွေရှိတယ်။

ဤငရဲဒုက္ခကို အဖန်ဖန်စဉ်းစားမိသူသည် မိမိပြုမိခဲ့သော အကုသိုလ်အတွက် နောင်တတစ်ဖန် မပူပန်တော့ဘဲ အသစ်အကုသိုလ်မဖြစ်အောင် သတိထား၍ ကုသိုလ်တရား ပွားများအားထုတ်ကြပါ။

## ပြိတ္တာနှင့်အသူရကာယ်အကြောင်း

### ပြိတ္တာ

ချမ်းသာသုခအပေါင်းမှ ဝေးကွာသော သတ္တဝါတွေကို ပြိတ္တာလို့ခေါ်တယ်။ ၎င်းတို့အတွက် သီးခြားဘုံမရှိချေ။ ပြိတ္တာများနေရာသည် ဇရပ်အို၊ ကျောင်းအို၊ သုသာန် သင်္ချိုင်း၊ လူတို့၏ပတ်ဝန်းကျင်၊ တောတောင်ချောက်ကမ်းပါး၊ သစ်ပင်ချုံပင်များ စသည်ဖြင့် အမျိုးမျိုးရှိကြတယ်။

''ပြိတ္တာ''များတွင် တစ္ဆေ သရဲ ဖုတ်၊ မှင်စာ၊ သဘက် စသည်ဖြင့် အမျိုးပေါင်း များစွာရှိတယ်။

ဝေမာနိကပြိတ္တာ – ငရဲပြည်တွင် ငရဲထိန်းအလုပ်လုပ်ရတယ်။

မဟိဒ္ဓိကပြိတ္တာ – ငရဲမင်းကြီး (ယမမင်း) အလုပ်လုပ်ရတယ်။

ပြိတ္တာတို့သည် လူတို့၏ အနီးတစ်ဝိုက်နှင့် ဆက်စပ်နေသဖြင့် စားကြွင်း စားကျန်များ မဝတဝ စားသောက်ရတယ်။ အချို့မှာ ဟင်းသိုး၊ သလိပ်၊ ချွဲ၊ တံတွေး၊ မစင်၊ အရိအရွဲ စသည်တို့ကိုသာ စားသောက်ကြရတယ်။

လောဘနှင့်သေသူ၏ လားရာဂတိမှာ ပြိတ္တာပြည်ဖြစ်တယ်။ တခြားပြိတ္တာ ဖြစ်စေသော အကုသိုလ်ကံများစွာရှိတယ်။ ဥပမာများမှာ သူတစ်ပါးအလှူပိတ်ပင်ခဲ့ခြင်း၊

mgyoe.com

သူတော်ကောင်းများ၏ အစာထဲ ရွံ့ရှာဖွယ်များ ထည့်၍ ကျွေးခဲ့ခြင်း၊ ရေတွင်းရေကန်များ ဖျက်ဆီးခဲ့ခြင်း စသည်ဖြင့်ဖြစ်ပါတယ်။

ပြိတ္တာအမျိုးအစားပေါင်းများစွာထဲတွင် သာဓုခေါ်ခွင့်ရတဲ့ ပြိတ္တာမှာ တစ်မျိုးသာ ရှိတယ်။ ပြိတ္တာများသည် သူ့ကို အမျှပေးနေရင်လည်း မသိပါ၊ သိလည်း သာဓုမခေါ်ပါ။

**အသူရကာယ်**

အသူရာဟူသည် ပြိတ္တာမျိုးပင်ဖြစ်ပါတယ်။ နတ်အနွယ်ထဲပါသော်လည်း နတ်များကဲ့သို့ ကာမဂုဏ်ချမ်းသာကို ပျော်ရွှင်စွာမခံစားရသော သတ္တဝါများဖြစ်ကြတယ်။ ဘုံသီးခြားမရှိချေ။ ၎င်းတို့နေသောအရပ်ကိုသာ အသူရကာယ်ဘုံလို့ ခေါ်ကြတယ်။ အသူရာများသည် တောတောင်၊ သမုဒ္ဒရာ၊ မြစ်ကမ်း၊ သုသာန်များတွင် နေတတ်ကြတယ်။ အသူရာ ၅ မျိုးရှိတယ်။

**၁။ နတ် အသူရာ**

တာဝတိံသာနတ်တို့၌ အကျုံးဝင်တယ်။ သိကြားမင်းနှင့်စစ်ခင်းသော အသူရာ နတ်မင်းကြီးတို့ ဖြစ်တယ်။

**၂။ နတ်သေးနတ်မွှား အသူရာ**

စတုမဟာရာဇ်နတ်များ ပါဝင်တယ်။

**၃။ ဝေမာနိက အသူရာ**

ရံဖန်ရံခါ နတ်ကဲ့သို့ စည်းစိမ်ခံစားရပြီး ရံခါ ပြိတ္တာကဲ့သို့ ဒုက္ခခံစားရသော အသူရာများဖြစ်တယ်။

**၄။ ငရဲ အသူရာ**

စကြဝဠာတံတိုင်းကို လင်းနို့များကဲ့သို့ ကုတ်ကပ်နေရသော ငရဲသားများကဲ့သို့ ဖြစ်တယ်။

**၅။ ပြိတ္တာ အသူရာ**

အလွန်မွတ်သိပ်ဆာလောင်ကြတယ်။ ဘုရားနှစ်ဆူ သုံးဆူပွင့်သော်လည်း တစ်ကြိမ်မှ မစားသောက်ရပေ။ (အပါယ် ၄ ဘုံ၌ အကျုံးဝင်သော အသူရာမှာ ဝေမာနိက အသူရာနှင့် ပြိတ္တာအသူရာတို့သာလို့ ဆိုတယ်)

mgyoe.com

mgyoe.com SAMPLE BOOK

**ဗြဟ္မာ့ဘုံ ၂၀ အကြောင်း**

**ဗြဟ္မာ့ပြည်အကြောင်း**

စျာန်အဘိဉာဉ်ကိုရသည့်အတွက် ဗြဟ္မာ့ဘုံတို့၌ အသက်ရှည်စွာ ချမ်းချမ်းသာသာနေရသော လူနတ်တို့ထက် မြင့်မြတ်သာလွန်သောသူများကို ''ဗြဟ္မာ'' လို့ ခေါ်ပါတယ်။

စျာန်ကိုအားထုတ်စဉ် (လူ့ဘဝ) တုန်းကပင် ကာမဂုဏ်အပြစ်ကို နှစ်နှစ်ကာကာ မြင်ခဲ့ပြီးဖြစ်သောကြောင့် ကာမစိတ်ဓာတ်များလည်း လုံးဝမဖြစ်အောင် ငြိမ်သက်လျက်ရှိတယ်။ ကာမဂုဏ်ချမ်းသာကို ခံစားခြင်းမရှိကြ (ထို့ကြောင့် ကာမဘုံတွင် မပါတော့ပါ)။ ယောဂီသူတော်စင်များကဲ့သို့ တချို့က မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ၊ တချို့က စျာန်ဝင်စားလျက် ငြိမ်သက်အေးချမ်းစွာ စံမြန်းနေကြလေတယ်။

ရူပါဝစရဗြဟ္မာ ၁၆ ဘုံနှင့် အရူပါဝစရဗြဟ္မာ ၄ ဘုံ ပေါင်း ဗြဟ္မာ့ဘုံ ၂၀ ရှိပါတယ်။ ရူပါဝစရဗြဟ္မာ့ဘုံတွင် ရုပ်ရော နာမ်ပါရှိသော ဘုံမှာ ၁၅ ဘုံ၊ ရုပ်ချည်းသက်သက်သာရှိသောဘုံ ၁ ဘုံ (အသညသတ်ဘုံ)၊ ပေါင်း ''ရုပ်ရှိသော'' ဗြဟ္မာ့ဘုံ ၁၆ ဘုံရှိပါသည်။

အရူပါဝစရဗြဟ္မာ့ဘုံတွင် ''နာမ်တရားချည်းသက်သက်သာ'' ရှိသော ဗြဟ္မာ့ဘုံ ၄ ဘုံရှိသည်။ ရုပ်လုံးဝမရှိပါ။ ဗြဟ္မာ့ပြည်၌ ဖြစ်ရသူတို့သည် ''အရိယာအဖြစ်သို့ရောက်လျှင် (မဂ်ဖိုလ်ရလျှင်)'' အောက်ကာမဘုံသို့ ပြန်၍ ပဋိသန္ဓေမနေတော့ဘဲ အဆင့်ဆင့်ရင့်ကာ ရဟန္တာဖြစ်၍ နိဗ္ဗာန်စံကြလေတော့တယ်။ ''အရိယာမဖြစ်သေးဘဲ ပုထုဇဉ်သာဖြစ်သေးလျှင်'' သူတို့၏ စျာန်အဟုန်ကုန်သောအခါ လူ့ဘုံ၊ နတ်ဘုံဟူသော ကာမဘုံများ၌ တစ်ဖန်ပြန်၍ ပဋိသန္ဓေနေကြရပြန်တယ်။

ထို လူနတ်အဖြစ်မှတစ်ဆင့် ကံအကြောင်းမသင့်၍ လျှောကျရပြန်သောအခါ ကုသိုလ်အဟုန်ကြောင့် အောက်ဘုံသို့ တန်းမကျဘဲ လူနတ်များဖြစ်ပြီးလျှင် ထပ်၍ ကံအကြောင်းမသင့်ပါက ထိုလူနတ်အဖြစ်မှ အပါယ် ၄ ဘုံ၌ ဖြစ်ခွင့်ရှိကြပြန်တယ်။ ဆိုလိုသည်မှာ ပုထုဇဉ်မှ ဗြဟ္မာဖြစ်သော် အပါယ်ဘုံသား ဖြစ်နိုင်သေးတယ်။ ဘုံဘဝတို့၏ အထက်ဆုံးဖြစ်သော ''ဘဝဂ်'' ဟုခေါ်သော ဗြဟ္မာ့ဘုံသို့ရောက်သော်လည်း တစ်နေ့ကျလျှင် အပါယ်ဘုံသို့ ရောက်နိုင်သေးတယ်။

mgyoe.com

myyoe.com SAMPLE BOOK

## ၁။ ရူပါဝစရ ၁၆ ဘုံ

ရူပပြဟ္မာဘုံများသည် နတ်ပြည်ထက် ကြီးကျယ်ခမ်းနားကြတယ်။ ယောကျ်ား၊ မိန်းမ (ဖိုမ) အင်္ဂါများမရှိပေ။ သို့သော် ပုံသဏ္ဌာန်မှာ ယောကျ်ားပုံဖြစ်တယ်။ ပြဟ္မာများ နေထိုင်ပုံမှာ ယောဂီကြီးများနေထိုင်ပုံကဲ့သို့ သန့်ရှင်းစင်ကြယ်လှသည်။ အချို့မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ပြဟ္မဝိဟာရလေးပါးကို ပွားများနေကြသည်။ အချို့ကား စျာန်သမာပတ်ဝင်စားလျက် ချမ်းသာအေးမြစွာ နေထိုင်ကြသည်။

ရူပါဝစရဘုံများ၌ရှိသော ပြဟ္မာများသည် ရုပ်နှင့်နာမ်သာရှိကြသည်။ နာမ်မှာ ဘုရားဖူးရန်နှင့် တရားနာရန်အလို့ငှာ မြင်သိစိတ်၊ ကြားသိစိတ်တို့ဖြစ်ရန်အတွက် စက္ခုပသာဒရုပ် (မျက်စိအကြည်)၊ သောတပသာဒရုပ် (နားအကြည်) တို့ရှိကြပါတယ်။ ခြွင်းချက်မှာ အသညသတ်ဘုံဖြစ်ပါတယ်။ အသညသတ်ဘုံတွင် ရုပ်ချည်းသာရှိ၍ မျက်စိအကြည်၊ နားအကြည်တို့လည်း မရှိပါ။ ရူပါဝစရဘုံ၌ ဒေါသဖြစ်ရန် အကြောင်းဖြစ်သော အနိဋ္ဌာရုံမရှိသောကြောင့် ဒေါသ (ဇော) မဖြစ်ပါ။ ကာမဂုဏ်အာရုံကို စက်ဆုပ်ရွံရှာသော ဘာဝနာ၏အစွမ်းဖြင့် အနံ့သိစိတ်၊ အရသာသိစိတ်၊ အတွေ့အထိသိစိတ်များ မဖြစ်ပါ။ မြတ်စွာဘုရားရှင်ကိုဖူးရန် မြင်သိစိတ်နှင့် တရားတော်နာရန် ကြားသိစိတ်တို့သာ ဖြစ်ပါတယ်။

ရူပါဝစရ ၁၆ ဘုံမှာ–ပဌမစျာန် ၃. ဘုံ၊ ဒုတိယစျာန် ၃ ဘုံ၊ တတိယစျာန် ၃ ဘုံ၊ စတုတ္ထစျာန် ၇ ဘုံတို့ဖြစ်ပါတယ်။

"စတုတ္ထစျာန် ၇ ဘုံ" ရှိသည့်အနက် အောက်ပါဘုံများမှာ သိထားသင့်ပါတယ်။

### အသညသတ်ဘုံ

ရုပ်ချည်းသက်သက်သာရှိသည့် ပြဟ္မာတို့၏နေရာအရပ် ဖြစ်ပါတယ်။ အသညသတ် ပြဟ္မာတို့သည် နာမ်တရားများကို အပြစ်မြင်၍ ဘာဝနာ၏အစွမ်းအားဖြင့် ပယ်ထားသောကြောင့် နာမ်တရားများသည် ဘယ်အခါမျှ မဖြစ်ပေ။ အသညသတ်ဘုံ၌ အရိယာတို့သည် မဖြစ်ကုန် (တရားနာရန် သောတပသာဒမရှိသောကြောင့် ဖြစ်တယ်)။

### သုဒ္ဓါဝါသ ၅ ဘုံ

ဤဘုံ ၅ ပါးသည် အလွန်စင်ကြယ်တော်မူကြသော အနာဂါမ်နှင့် ရဟန္တာ အရှင်တို့၏ နေရာအရပ် ဖြစ်ပါတယ်။ ဤငါးဘုံမှ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံကြတော်မူသောကြောင့် တခြားဘုံများသို့ ပြန်မသွားတော့ပါ။ ဤ ၅ ဘုံ၌ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်တို့ မရရှိနိုင်ပါ။ အနာဂါမ် ရဟန္တာမဖြစ်သေးသောသူများသည် ဤ ၅ ဘုံသို့ မရောက်ဖူးသောကြောင့် ကျွန်မတို့သည် "၂၆ ဘုံ" တွင်သာ ကျင်လည်နေပါတယ်။
myyoe.com